# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၇၇)


# မြန်မာ-နော်ဝေ နှစ်နိုင်ငံ သတင်းစာရှင်းလင်းပွဲကျင်းပ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Borge Brende တို့ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Borge Brende အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် တောင့်တင်းခိုင်မာစေရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ- နော်ဝေ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က *စာမျက်နှာ ၃ ကော်လံ ၁* ❀

- ❖ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီတိုးတက်ထွန်းကားရေးအတွက် အစဉ်တစိုက်အားပေးကူညီ
- ❖ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုးတက်ဖြစ်ထွန်းမှုများဆွေးနွေး




# အေးဒီးစ်ခြင်ကျားနှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်

နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတို့တွင် အဆက်မပြတ်မိုးရွာသွန်းမှုများနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု သတင်းများကိုလည်း ကြားသိလာရသည်။ အထူးသဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် လူနေထူထပ် သိပ်သည်းမှုများပြားလှသည့် ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတို့ ရှိနေသည်ဟု သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကျန်းမာရေးဆိုင်ရာ အသိသုတနည်းပါးပြီး ပေါ့လျော့စွာနေထိုင်မည်ဆိုပါက အသက်အန္တရာယ်ဖြစ်စေသည်အထိ ဒုက္ခပေးနိုင်သော ရောဂါမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ ၄၂၉၁၃ ဦးဖြစ်ပွားခဲ့သည့်အနက် ၁၄၀ သေဆုံးခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၀၇၇၀၊ သေဆုံးသူ ၅၈ ဦး၊ ယခုနှစ် နှစ်တစ်ဝက်တာကာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၃၀၄ ဦး၊ သေဆုံးသူ ၁၇ ဦးတို့ရှိနေသည်ဟုဆိုရာ နှစ်စဉ်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ရှိနေသည့်အလျောက် ဂရုပြုရန်လိုမည်ဖြစ်သည်။ အဆိုပါရောဂါသည် အေးဒီးစ် **(Aedes)** ခေါ် ခြင်ကျားမျိုးက သယ်ဆောင်လာသည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားပါက ကုသရန်ဆေးဝါးမပေါ်သေးဘဲ ကြိုတင်ကာကွယ်ခြင်းကိုသာ အဓိကလုပ်ဆောင်ရန်နှင့် ကြိုတင်ကာကွယ်သည့် လုပ်ငန်းတွင်လည်း ရောဂါပိုးကို သယ်ဆောင်သည့် ခြင်ကျားနှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးတို့ကို အဓိကထားပြီး ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားသည့်အရွယ် ကလေးငယ်များကို ခြင်မကိုက်စေရန်ကာကွယ်ခြင်း၊ ရေစည် ရေအိုးများ၊ အိမ်သုံးရေကန်များကို အဖုံးဖုံးအုပ်ခြင်း၊ ပန်းအိုး၊ ညောင်ရေအိုးများကို နေ့စဉ်မှန်မှန်ရေလဲလှယ်ခြင်း၊ မိုးရေဝင်နိုင်သည့် အိုးခွက်များ၊ ဘက်ထရီအိုးဟောင်းများ၊ ကားတာယာဟောင်းများကို ရေတင်ကျန်မနေစေရန်ဆောင်ရွက်ခြင်း၊ ရေစစ်များဖြင့်စစ်၍ ပိုးလောက်လမ်းများ ဖမ်းဆီးနှိမ်နင်းခြင်း၊ အိမ်၊ ကျောင်းအနီးရှိ ရေဝပ်ရေအိုင်များကို ဖို့ခြင်း၊ ရေစီးရေလာကောင်းအောင်ရှင်းလင်းခြင်း၊ ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်၊ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေစည် ရေကန်များအတွင်း ပိုးလောက်လမ်းနှိမ်နင်းသည့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်း စသည့်လုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းအားဖြင့် ခြင်ကျားကြောင့်ဖြစ်ပေါ်တတ်သည့် ရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးများတွင် အများဆုံးဖြစ်ပွားသည့် ရောဂါဖြစ်ပြီး လူကြီးများလည်း ဖြစ်ပွားသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်မှ ကိုးနှစ်အရွယ်ကလေးများ အများဆုံးဖြစ်ပွားပြီး အသက်တစ်နှစ်မှ လေးနှစ်အရွယ်အထိ ဒုတိယအများဆုံးဖြစ်ပွားသည်။ သွေးလွန်တုပ်ကွေး၏လက္ခဏာမှာ အဖျားကြီးရာမှ ရုတ်တရက် အဖျားကျကာ မှိန်းနေခြင်း သို့မဟုတ်ပါကလည်း ဂနာမငြိမ်ဖြစ်ခြင်း၊ ခြေဖျားလက်ဖျားများအေးစက်ခြင်း၊ အစာမစားရေမသောက်ခြင်း၊ ဆက်တိုက်အန်ခြင်းနှင့် ဝမ်းမည်းမည်းများသွားခြင်း၊ အန်လျှင်ကော်ဖီရောင်အဖတ်များ၊ အမှုန်များပါဝင်ခြင်း စသည်တို့ဖြစ်ပြီး အဆိုပါ သွေးလန့်သည့် လက္ခဏာများတွေ့ရှိပါက အချိန်မဆိုင်းဘဲ နီးစပ်ရာဆေးရုံ ဆေးပေးခန်းများသို့ သွားရောက်ပြသရန် လိုအပ်မည်ဖြစ်သည်ဟု အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

# နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာ့ရှေးဟောင်းဗုဒ္ဓဆင်းတုတော် လွှဲပြောင်းပေးအပ်

**နေပြည်တော်  ဇူလိုင် ၆**

နော်ဝေ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Borge Brenda ၏ မြန်မာနိုင်ငံခရီးစဉ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ မြန်မာ့ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တစ်ဆူ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ယနေ့ ညနေပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးက နော်ဝေနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာ့ရှေးဟောင်းဗုဒ္ဓဆင်းတုတော် တစ်ဆူအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲအပ်မှု ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက လွှဲပြောင်း ပေးအပ်မှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ၂၀၁၁ ခုနှစ်က နော်ဝေနိုင်ငံသို့ရောက်ရှိနေသည့် ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာ ဗုဒ္ဓဆင်းတုတော်ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းသည် နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးချစ်ကြည်မှုတို့အတွက် ကောင်းမွန်သော သာဓကတစ်ခုဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ခြင်းနှင့်ထိန်းသိမ်းခြင်းများအတွက် ဥပမာကောင်းတစ်ခုဖြစ်ကြောင်း၊ အနာဂတ်ကာလ နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများ ပြတိုက်များအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်း လမ်းစဖြစ်သကဲ့သို့ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား တရားမဝင် ကူးသန်းရောင်းဝယ်မှုနှင့် တရားမဝင်တင်ပို့မှုများ တိုက်ဖျက်ခြင်းကို မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နော်ဝေနိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီးကို မြန်မာ့ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား လွှဲပြောင်းပေးအပ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူး၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# ပြင်ဦးလွင်မြို့၌ စည်းကမ်းမဲ့ မြင်း၊ နွားများကြောင့် ပြည်သူများအခက်တွေ့

ပြင်ဦးလွင်မြို့၌ စည်းကမ်းမဲ့မွေးမြူထားသော မြင်း၊ နွားများမှာ အုပ်စုဖွဲ့အလိုက် အများပြည်သူတို့ နေ့စဉ်သွားလာနေသော လမ်းမကြီးများပေါ်၌ ဖြတ်သန်းသွားလာနေခြင်း၊ အိပ်စက်လဲလျောင်းနေခြင်း၊ အစာရှာဖွေစားသောက်နေခြင်း စသည်တို့ကြောင့် လမ်းသွားလမ်းလာ ပြည်သူတို့နှင့် ကျောင်းသား ကျောင်းသူများ အခက်အခဲဖြစ်လျက်ရှိနေကြောင်း သိရသည်။

"အရင်တုန်းကတော့ ဒီလိုလမ်းမတွေပေါ်မှာ စည်းကမ်းမဲ့သွားလာနေတဲ့ မြင်း၊ နွားတွေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကနေ ဖမ်းဆီးထိန်းသိမ်းပြီး မြင်းထောင်၊ နွားထောင်တွေထဲပို့လိုက်တယ်။ ပိုင်ရှင်တွေက မိမိတို့ရဲ့ မြင်း၊ နွားတွေကို ဒဏ်ကြေးဆောင်ပြီးမှ ပြန်ထုတ်ယူခွင့်ပြုခဲ့တယ်။ အဲဒီလိုလုပ်ခဲ့တော့ လမ်းပေါ်မှာ စည်းကမ်းမဲ့ မြင်း၊ နွားတွေ သိပ်မရှိတော့ဘူး။ ပိုင်ရှင်တွေကိုယ်တိုင်က စနစ်တကျနဲ့ ထိန်းသိမ်းမွေးမြူလာကြတယ်။ အခုအရင်လို နွားထောင်၊ မြင်းထောင်တွေလည်း မရှိတော့ဘူး။ ဖမ်းဆီးထိန်းသိမ်းဒဏ်ရိုက်တာတွေလည်းမရှိတော့ မြို့ထဲလမ်းတွေပေါ်မှာ မြင်းတွေ၊ နွားတွေက သွားချင်သလိုသွား၊ လာချင်သလိုလာနေကြတယ်။ တချို့ မြင်းတွေ၊ နွားတွေက လမ်းဘေးမှာ မြို့တော်စည်ပင်သာယာလှပရေးအတွက် အလှစိုက်ပျိုးထားတဲ့ပန်းခြံတွေ၊ ပန်းပင်တွေ၊ သစ်ပင်တွေကို ဝင်စားသွားကြလို့ ခရီးသွားပြည်သူတွေ အန္တရာယ်များ ဒုက္ခရောက်တဲ့အပြင် မြို့အလှကိုပါ ပျက်စီးအကျည်းတန်စေမှုတွေ ဖြစ်နေရတယ်။ ဒါတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက အမြန်ဆုံး အရေးယူဆောင်ရွက်သင့်ပါတယ်" ဟု မြို့ခံတစ်ဦးဖြစ်သည့် အငြိမ်းစားမြေတိုင်းဦးစီးဌာန ဝန်ထမ်းတစ်ဦးက ပြောကြားသည်။



လက်ရှိအခြေအနေ၌ ပြင်ဦးလွင်မြို့၏ အဓိကလမ်းမကြီးများပေါ်တွင် မြင်းနှင့် နွားများအုပ်စုဖွဲ့၍ နေ့စဉ်သွားလာကျက်စားနေကြကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၇-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၄၉ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ · ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ · ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၀၀ |
| တရုတ် | တစ်ယွမ် | ၂၀၀ · ၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ · ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လုံ့လဝီရိယ လျှော့လို့မဖြစ်

**ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Borge Brende တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

❀ ***ရှေ့ဖုံးမှ***

မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့သည် ဆက်ဆံရေး အလွန်ကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နော်ဝေနိုင်ငံ၏ ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနှင့် နော်ဝေ နှစ်နိုင်ငံမိတ်ဖက်အခြေအနေကို ထိန်းသိမ်းထားသကဲ့သို့ နှစ်နိုင်ငံပိုမို ချစ်ကြည်ရင်းနှီးရေးကို လုပ်ဆောင်နေပါကြောင်း၊ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီတိုးတက်ထွန်းကားရေးအတွက် အစဉ်တစိုက် အားပေးကူညီခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ စွမ်းအင်နှင့် ပတ်သက်၍ နော်ဝေနိုင်ငံ၏ အတွေ့အကြုံများကို ရယူရမည်ဖြစ်ပါကြောင်းနှင့် နော်ဝေနိုင်ငံနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို ဆက်လက်တည်ဆောက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်း ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးက အလုပ်အကိုင်ဖန်တီးရေးတွင် များစွာအခွင့်အလမ်းများ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရခြင်းသည် မြန်မာနှင့် နော်ဝေနှစ်နိုင်ငံအကြား ငါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသတွင်းအခြေအနေများ၊ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Borge Brende တို့သည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၅/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)**

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါတိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး လှမျိုးရွှေ — ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး မင်းဦး — မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီး ကျော်ကျော်မင်း — မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့် အဖွဲ့အားယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ SME လုပ်ငန်းများဖွံ့ဖြိုးရေးတို့တွင် ကမ္ဘာ့ဘဏ်က အကူအညီများပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ကူညီပံ့ပိုးပေးမှုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**



# မြန်မာနိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နော်ဝေ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Borge Brende အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်နေသည့်အခြေအနေ၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေးတို့တွင် ပူးပေါင်းလုပ်ဆောင်နေမှုအခြေအနေ၊ မြန်မာနိုင်ငံအနောက်ပိုင်းရှိ ရခိုင်ပြည်နယ်အရေးကိစ္စတွင် နိုင်ငံသား စိစစ်မှုခံယူရန် လိုအပ်မှုအခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# သန့်စင်စွမ်းအင်ထုတ်လုပ်မှုတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်သည် Norway Power Co.,Ltd အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုလက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးကောင်းမွန်သော သန့်စင်စွမ်းအင်ထုတ်လုပ်မှုတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက် အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် Royal ACE Hotel ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်ပြီး အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးအတွင်းဝန် Mr.Rajiv Gauba ဦးဆောင်၍ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးခဲ့သော မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက်အာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးများကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ အလှည့်ကျကျင်းပခဲ့ရာ ယခုအကြိမ်သည် (၂၁)ကြိမ်မြောက် နိုင်ငံတော်အဆင့် စည်းဝေးဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားပြောကြားကြပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ နယ်နိမိတ်စီမံခန့်ခွဲရေးကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံအကျဉ်းထောင်ရှိ ရေလုပ်သားများအပါအဝင် မြန်မာနိုင်ငံသားများကိစ္စနှင့် မြန်မာနိုင်ငံ အကျဉ်းထောင်ရှိ အိန္ဒိယနိုင်ငံသားများဆိုင်ရာကိစ္စရပ်များ၊ သဘာဝသားငှက် တိရစ္ဆာန် တရားမဝင် ရောင်းဝယ်မှုကိစ္စရပ်များစသည့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် အထွေထွေကိစ္စရပ်များအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် (၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့် အစည်းအဝေး သဘောတူညီမှုမှတ်တမ်းအား နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လျှပ်စစ်စွမ်းအင်လုံလောက်စွာ ရရှိရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Norway Power Co.,Ltd အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် LNG သန့်စင်စွမ်းအင်ကိုအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုများ၊ လျှပ်စစ်စွမ်းအင်လုံလောက်စွာ ရရှိရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးစည်းမျဉ်းများကို ဗဟိုဘဏ် Website ၌ ဖတ်ရှုနိုင်

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့နှင့် သက်ဆိုင်သော စည်းမျဉ်း၊ ဘဏ္ဍာရေး စည်းမျဉ်း၊ ဝန်ထမ်းဆိုင်ရာစည်းမျဉ်းနှင့် ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေ စည်းမျဉ်းတို့ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm) တွင် ဖတ်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇူလိုင် ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၅၂ လက်မ၊ လပွတ္တာမြို့တွင် ၄ ဒသမ ၄၅လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ တောင်ကုတ်မြို့နှင့် မာန်အောင်မြို့တို့တွင် ၃ ဒသမ ၁၉လက်မစီ၊ ရန်ကုန်(မြောက်ဒဂုံ)တွင် ၂ ဒသမ ၄၈လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ သထုံမြို့တွင် ၂ ဒသမ၁၂ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၀၉လက်မနှင့် ကမမောင်းမြို့တွင် ၂ ဒသမ ၀၅လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

❍ ကျောဖုံးမှ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက်ကို ၄၈ သင်းအထိ တိုးမြှင့်မည်ဖြစ်သောကြောင့် ၂၀၃၄ ခုနှစ်တွင် အာဆီယံနိုင်ငံများက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို အာရှနိုင်ငံများ၌ပင် တစ်ကြိမ်သာ ကျင်းပဖူးသေးပြီး ၂၀၂၂ ခုနှစ်တွင် ကာတာနိုင်ငံတွင် ကျင်းပမှသာ ဒုတိယအကြိမ်ကျင်းပမှုဖြစ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တွေ့ဆုံရာတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ဆွေးနွေးခဲ့ရာ ၎င်းကလည်း ထောက်ခံခဲ့သောကြောင့် အာဆီယံနိုင်ငံများအနေဖြင့် အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဇူလိုင် ၁ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မလေးရှားနိုင်ငံမှာ နုတ်ထွက်သွားသောကြောင့် အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ကြိုးပမ်းမည်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းလေးကွင်းသာ ရှိပြီး ပရိသတ် ၃၀၀၀၀ ဝန်းကျင်သာ ဆံ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပလိုပါက ပရိသတ်ပိုမိုဝင်ဆံ့သည့် ဘောလုံးကွင်းများ ထွက်ပေါ်လာရန် လိုအပ်နေသည်။

မြန်မာနိုင်ငံ၌ အဆင့်မြင့်ဆုံးပြိုင်ပွဲများအဖြစ် ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ အာရှ ယူ-၁၉ ပြိုင်ပွဲကိုသာ အိမ်ရှင်အဖြစ် လက်ခံကျင်းပဖူးပြီး အာရှတိုက်၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှဖလားပြိုင်ပွဲကိုပင် ကွင်းအခက်အခဲကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

# ဗြဟ္မစိုရ်တရားနှင့် ငြိမ်းချမ်းရေး

ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒအမျိုးမျိုးကို စတင်တည်ထောင်သွားကြသော ဘာသာရေးမီးရှူးတန်ဆောင်ဖြစ်သည့် ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးများသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ချမ်းသာကြောင်းဖြစ်သော တရားများကို မိမိတို့ ကိုယ်တိုင်ရှာဖွေကျင့်သုံးပြီး နောင်လာနောက်သား ဝေနေယျသတ္တဝါများအကျိုးငှာ ဘာသာအယူဝါဒများကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုဘာသာဝင်တိုင်းသည် မိမိတို့ကိုးကွယ်ရာ ဘာသာအယူဝါဒကို စတင်ထူထောင်သည့် ဘာသာရေးရှေ့ဆောင် လမ်းပြပုဂ္ဂိုလ်ကြီးတို့၏ လမ်းညွှန်ချက်များကို မမိုတ်မသုန် ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးနေကြသောသူများသာ ဖြစ်ကြပါသည်။

ဆရာတော်တို့၏ ဗုဒ္ဓမြတ်စွာဂေါတမဘုရားရှင်သည် ကမ္ဘာကြီးငြိမ်းချမ်းသာယာစေရေးအတွက် ဗြဟ္မစိုရ်တရားများကို ဟောကြားတော်မူခဲ့ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများသည် လိုက်နာကျင့်ကြံသူ လူနတ်ဗြဟ္မာသတ္တဝါအားလုံးကို ချမ်းသာသုခကို ပေးစွမ်းနိုင်သည်။ ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားတိုင်းသည် ဗြဟ္မစိုရ်တရားလေးပါးကို လိုက်နာကျင့်သုံးပါက ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

မှန်၏။ ငြိမ်းချမ်းသာယာ၍ နေချင်စရာကောင်းသော ကမ္ဘာလောကကြီး တစ်ခုတည်ဆောက်ရန်မှာ လူသားတစ်ဦးချင်းစီ၏ အသိဉာဏ် အတွေးအခေါ်နှင့် ထိုအသိဉာဏ်အတွေးအခေါ်များမှ ပေါက်ဖွားလာသော အကျင့်စရိုက်တို့အပေါ် လွှန်စွာတည်မှီနေပေသည်။ ယနေ့ခေတ်အခါသမယ၌ နည်းပညာစွမ်းအားဖြင့် နိုင်ငံတစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား နီးကပ်စွာ ဆက်သွယ်ပေါင်းစပ်နေကြသည်ဖြစ်၍ ထိုအချင်းချင်း ဆက်နွယ်မှုများတွင် ဗြဟ္မစိုရ်တရားများဖြင့် လွှမ်းခြုံပတ်သက်ဆက်နွယ်နေပါက ကမ္ဘာလောကကြီးသည် အလွန် ငြိမ်းချမ်းလာပေလိမ့်မည်။

ဗြဟ္မစိုရ်တရားလေးပါးရှိ မေတ္တာဆိုသည်မှာ လူသားတစ်ဦးပေါ်တစ်ဦး အကျိုးစီးပွားကို လိုလိုလားလား ကူညီဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ ထိုမေတ္တာကို ကျင့်သုံးရာ၌ လမ်းသွားနေလျှင်ပင် လမ်းပေါ်ရှိ အမှိုက်သရိုက် ဆူးငြောင့်ခလုတ် အတားအဆီးများကိုတွေ့ပါက ဖယ်ရှား၍ မိမိနည်းတူ အခြားလမ်းသွားလမ်းလာ ပုဂ္ဂိုလ်များကိုလည်း ဆူးငြောင့်ခလုတ်များ မဆူးမိ မတိုက်မိစေရန်လည်းကောင်း အတားအဆီး များကို ဖယ်ရှား၍ အလွယ်တကူ ဖြတ်သန်းသွားနိုင်ကြစေရန်လည်းကောင်း ပြုမူ ဆောင်ရွက်ပေးခြင်းကို ကာယကံမေတ္တာ၊ ကိုယ်ဖြင့်မေတ္တာပွားခြင်းဟု ဆိုလိုပေသည်။

ဝစီကံမေတ္တာအနေဖြင့် မိမိသည်လည်း ဘေးရန်ကင်းကွာ ကျန်းမာချင်သကဲ့သို့ မိမိကိုယ်တိုင် ထပ်တူပြု၍ အခြားပုဂ္ဂိုလ်တို့အားလည်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"ဟု နှုတ်ဖြင့် မေတ္တာပို့သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် မေတ္တာစိတ်ဖြင့် ကောင်းကျိုးချမ်းသာဖြစ်စေမည့် အကြံကောင်း၊ ဉာဏ်ကောင်းများ ပြောပေးခြင်းသည်လည်း ဝစီကံမေတ္တာပင်ဖြစ်ပါသည်။ အကျိုးကိုလိုလားသော စကားသံများသည် ကြားရလျှင်ကြားရသူတစ်ဦးအဖို့ ငြိမ်းချမ်း၍ စိတ်ဓာတ်ခွန်အားတက်ကြွစေမည့် အသံမျိုးပင်ဖြစ်သည်။ မနောကံမေတ္တာဆိုသည်မှာ မေတ္တာဘာဝနာပွားများအားထုတ်သည့် အဆင့်မျိုးပင် ဖြစ်သည်။ မေတ္တာမနောကံ- မေတ္တာစိတ်ကို မွေးမြူခြင်းပင်ဖြစ်ပါသည်။ စိတ်ထဲနှလုံးထဲတွင် မေတ္တာဓာတ်များ ကိန်းနေစေရန် မေတ္တာဘာဝနာကို အားထုတ်နိုင်ရန် နည်းကိုလည်း "မေတ္တာသုတ်"ဖြင့် မြတ်စွာဘုရားရှင်က နည်းလမ်းပေးထားတော်မူပါသည်။

ဗြဟ္မစိုရ်တရားလေးပါးမှ ဒုတိယဖြစ်သော ကရုဏာဆိုသည်မှာ "သနားခြင်း" ဟု အဓိပ္ပာယ်ရှိရာ သန့်ရှင်းပြတ်သားသည့် အဓိပ္ပာယ်ကို ဆောင်ပါသည်။ ဆင်းရဲဒုက္ခကြုံနေသူတစ်ဦးဦးကို တွေ့ရကြုံရလျှင် ထိုဆင်းရဲဒုက္ခမှ လွတ်စေချင်သည့် စိတ်ထားမျိုးဖြစ်ပါသည်။ **"ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ"**ဆင်းရဲခြင်းကို ပယ်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာဟု ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆိုပါသည်။ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ ဆင်းရဲဒုက္ခရောက်နေသည်ကို မြင်ရတွေ့ရသော်လည်းကောင်း၊ ကြားရသိရသော်လည်းကောင်း၊ သူတော်ကောင်းတို့၏ စိတ်နှလုံးလှုပ်ခတ်သနားခြင်း စိတ်ဓာတ်ကို ဖြစ်စေတတ်ခြင်းကိုပင် ကရုဏာဟု ခေါ်လေသည်။ မိမိအောက်နိမ့်ကျသူ၊ အင်အားနည်းသူများကို သနားညှာတာခြင်း၊ ကြင်နာယုယခြင်းပင်ဖြစ်သည်။

မေတ္တာကဲ့သို့ ချစ်ခြင်း၊ အကျိုးလိုလားခြင်းမျိုးမဟုတ်ဘဲ သနားစရာကောင်းသူ၊ ဒုက္ခဆင်းရဲနှင့် ကြုံတွေ့ရသူများကို အာရုံပြု၍ ကရုဏာပွားရမည်ဟုဆိုသည်။ အတိဒုက္ခရောက်၍ သနားစရာကောင်းသောသူကို မတွေ့သော် မကောင်းမှုအကုသိုလ်အမှုများဖြင့် ချမ်းသာနေသူကို သေဒဏ်အမိန့်ကျပြီး အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်၍ ကရုဏာပွားစေရမည်ဟု ဆိုပါသည်။ နှိုင်းယှဉ်ပုံမှာ ရှေးခေတ်များ၌ သေဒဏ်ကျပြီးသောသူကို သူသတ်သမားများက ကြိုးနှင့် ချုပ်နှောင်၍ မြို့တွင်းမှ သုသာန်သို့ ခေါ်ဆောင်စဉ် လမ်းဆုံတိုင်းတွင် ရပ်တန့်စေပြီး ရိုက်ကြနှိပ်စက်ပြကြသည်။ ထိုသူကို မြင်ကြရ၍ သနားကြသောသူများက စားသောက်ဖွယ် အကောင်းအမွန်များကို ပေးကမ်းရာ အသတ်ခံရမည့်သူသည် အခွင့်သာသည့်အချိန်ပိုင်းတွင် အမွန်အမြတ်စားသောက်ဖွယ်ရာများကို စားသုံးရ၍ ချမ်းသာကိုခံစားနေသည်ဟု လူအများက မြင်ရ၏။ သို့သော်လည်း မြင်ရသူ လူအများအနေဖြင့် မကြာခင် သေရှာတော့မည်၊ ခြေလှမ်းတိုင်း သေရန်သာလှမ်းနေရရှာသည်ဟု သနားနေ ကရုဏာသက်နေကြလေသည်။ ယနေ့ခေတ်တွင် ဒုက္ခရောက်သူများ များပြားနေရသည်ဟု သတင်းများတွင် တွေ့မြင်နေရရာ **"ဒုက္ခာ မုစ္စန္တု-ဆင်းရဲမှ လွတ်ကြပါစေ"**ဟု မပြတ် နှလုံးသွင်းပွားများနိုင်လျှင် ကရုဏာဗြဟ္မစိုရ်တရားပွားများနေခြင်းဟု ဆိုရမည်ပင် ဖြစ်ပါ သည်။

လူသားအချင်းချင်း မိမိထက်ဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပြည့်စုံသူများကိုကြည့်၍ ဝမ်းမြောက်ခြင်း၊ မနာလိုမရှုဆိတ်မဖြစ်ခြင်းကို မုဒိတာဗြဟ္မစိုရ်ဟု ဆိုပါသည်။ "ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု-ရရှိထားပြီး စည်းစိမ်ဟူသမျှမှ မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"ဟု ပွားများကြသည်။ ဝိသုဒ္ဓိမဂ်တွင်မူ "သူ့ကံနှင့်သူ အကျိုးပေးနေသော သတ္တဝါတို့သည် ရရှိထားသော စည်းစိမ်ဥစ္စာတို့မှ ဘယ်သူ့အလိုဖြင့်မျှ မဆုတ်ယုတ်ကုန်ပါလိမ့်နည်း၊ မဆုတ်ယုတ် မဆုံးရှုံးဘဲ ရှိကုန်လိမ့်နည်း"ဟု ဖွင့်ဆိုပါသည်။ သူ့ပြုမူဆောင်ရွက်ချက်များကြောင့် စည်းစိမ်ဥစ္စာပြည့်စုံနေသူတို့ကို တစ်စုံတစ်ခုသော ပယောဂကြောင့် မလျော့ပါး မပျက်စီးစေချင်သည့် စိတ်သဘောထားဖြစ်သည်။ စည်းစိမ်ချမ်းသာ ပြည့်စုံသူများကိုသာမက နေသာထိုင်သာ အသင့်အတင့် ပြီးပြည့်စုံသောသူများကိုလည်း အာရုံပြု၍ မုဒိတာဗြဟ္မစိုရ် ပွားများနိုင်ပါသည်။

စတုတ္ထမြောက် ဥပေက္ခာဗြဟ္မစိုရ်တရားအနေဖြင့် တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်းမုန်းခြင်းမဖက် တည်ကြည်သော သဘောထားသက်သက်ကို ဥပေက္ခာဟု ဆိုပါသည်။ ဤသဘောအရ တစ်ဖက်သားကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ပေးခြင်း၊ သူတစ်ပါးအပေါ် မိမိပြဋ္ဌာန်းချက်များကို အတင်းအကျပ် ချမှတ်ပေးမထားခြင်းဟု အဓိပ္ပာယ်သက်ရောက်နိုင်ပေသည်။ ဥပေက္ခာသည် ဗြဟ္မစိုရ်တရားလေးပါးတွင် ချမ်းသာပါစေဟူသော ချစ်ခြင်းမေတ္တာဖြင့် ကြောင့်ကြစိုက်မှု၊ ဆင်းရဲအပေါင်းမှ လွတ်ကင်းပါစေဟူသော သနားကရုဏာဖြင့် ကြောင့်ကြစိုက်မှု၊ မဆုတ်ယုတ်ဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေဟူသော ဝမ်းမြောက်ခြင်းမုဒိတာဖြင့် ကြောင့်ကြစိုက်မှု များကို ဖယ်ရှား၍ ကြောင့်ကြမှုမပြု လျစ်လျူရှုသည့်သဘောပင် ဖြစ်သည်။ အားလုံးသော သတ္တဝါများအပေါ် **"သဗ္ဗေသတ္တာကမ္မဿကာ"** အားလုံးသတ္တဝါတွေအဖို့ ချမ်းသာခြင်း ဆင်းရဲခြင်းတို့ ကြုံတွေ့ရန်မှာ ကိုယ်တိုင်ပြုလုပ်ထားသော ကိုယ့်အမှုကိုယ့်ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိနေကြသည်ဟု လျစ်လျူရှုခြင်းပင် ဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး စသော ကွဲပြားမှုအသီးသီးကို အကြောင်းပြုကာ လိုချင်တပ်မက်မှုလောဘ၊ ခက်ထန်ကြမ်းတမ်းမှုဒေါသ၊ စဉ်းစားတွေးခေါ်မှုကင်းမဲ့သည့် မသိမိုက်မဲမှုမောဟတို့ကို အခြေခံ၍ အကြမ်းဖက်မှုများ၊ ဆူပူသောင်းကျန်းမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများ၊ စစ်မက်ဘေးအန္တရာယ်များ၊ ဆန်းပြားသော ရောဂါဘေးအန္တရာယ်များနှင့် ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း စသော သဘာဝဘေးအန္တရာယ်တို့အပြင် လူသားတို့ ဖန်တီးတီထွင်ထားသော နျူကလီးယားစွမ်းအင်သုံး စက်ရုံပေါက်ကွဲမှု၊ ကျောက်မီးသွေးတွင်းပြိုမှု စသည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် လူသားတိုင်း လူသားတိုင်း စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု ၊ ငိုကြွေးမှု၊ ပူဆွေးမှု၊ စိတ်နှလုံးမသာယာမှုများကို နေ့စဉ်ထိတွေ့ခံစားနေကြရသည်။

လူသားတို့ နေ့စဉ် ကြုံတွေ့ခံစားနေရသော စိုးရိမ်မှု၊ ထိတ်လန့်ပူဆွေးမှု၊ ငိုကြွေးနေရမှု၊ အနိဋ္ဌာရုံသတင်းမြင်ကွင်းများကြောင့် စိတ်နှလုံးမသာယာမှုများမှ လွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများကို ကမ္ဘာသူ ကမ္ဘာသားများအားလုံး အားထုတ်ပွားများရန်သာ ဖြစ်ပါသည်။ ဗြဟ္မစိုရ်တရားများကျင့်သုံးပွားများကြရာတွင် အင်အားကြီးသူများသည် ကရုဏာဗြဟ္မစိုရ်တရားနှင့် ဥပေက္ခာဗြဟ္မစိုရ်တရားများကို ကျင့်သုံးသင့်ကြပြီး အင်အားနည်းသူများက မုဒိတာဗြဟ္မစိုရ်တရားကို ကျင့်သုံးကြရန်ဖြစ်ပါသည်။ မေတ္တာဗြဟ္မစိုရ်တရားကိုကား အင်အားကြီးသူ၊ အင်အားနည်းသူတို့ အပါအဝင် လူသားတိုင်း လူသားတိုင်း ကျင့်သုံးပွားများသင့်ပေသည်။

ထိုသို့ ကျင့်ကြံပွားများအားထုတ်ပါက ကမ္ဘာ့လူသားအားလုံး လိုလားတောင့်တလျက်ရှိသော ငြိမ်းချမ်းသာယာ၍ နေချင်စရာ သာယာအေးချမ်းသည့် ကမ္ဘာလောကကြီးတစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်များက ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေးအတွက် ကမ္ဘာသူကမ္ဘာသားလုံး၏ ရင်ထဲနှလုံးသားထဲတွင် ဘုရားရှင်အဆုံးအမ ဗြဟ္မစိုရ်တရားတော်များ ရောက်ရှိကျင့်ကြံနေထိုင်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ဤဗြဟ္မစိုရ်တရားလေးပါးကို သေချာစွာ နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးကြပါက ကာယကံလွန်ကျူးမှု ၊ ဝစီကံလွန်ကျူးမှုများ ချုပ်ငြိမ်းသွား၍ တစ်လောကလုံး သာယာငြိမ်းချမ်းမည်ဖြစ်ပါသောကြောင့် တစ်လောကလုံး ငြိမ်းချမ်းသာယာစေရေးအတွက် လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့သည် ဗြဟ္မစိုရ်တရားလေးပါးကို ပွားများအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသတည်း။

**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**



ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

**မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများသည် လိုက်နာကျင့်ကြံသူ လူနတ်ဗြဟ္မာသတ္တဝါအားလုံးကို ချမ်းသာသုခကို ပေးစွမ်းနိုင်သည်။ ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားတိုင်းသည် ဗြဟ္မစိုရ်တရားလေးပါးကို လိုက်နာကျင့်သုံးပါက ဤကမ္ဘာ လောကကြီးသည် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်**

(ယခုဆောင်းပါးအား ၇-၇-၂၀၁၇ ရက်နေ့ထုတ် *The Global New Light of Myanmar* သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)



# နော်ဝေနိုင်ငံခြားရေးဝန်ကြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်၌ ရောက်ရှိနေသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Borge Brende နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှအဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင် နိုင်ဝင်းလှတို့နှင့် မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံသည်။ **(အောက်ပုံ)**

ထို့နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သာလှရွှေနှင့် ဦးခင်မောင်လေးတို့နှင့် တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ အိန္ဒိယနိုင်ငံ ပြည်ထဲရေးအတွင်းဝန်နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် အိန္ဒိယနိုင်ငံ ပြည်ထဲရေးအတွင်းဝန် Mr. Rajiv Gauba နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သင်တန်းဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရန်ကုန်မြို့ရှိသံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံ




**ရန်ကုန် ဇူလိုင် ၆**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်လည်းကောင်း၊ ညနေပိုင်းတွင် UN နှင့် ကုလသမဂ္ဂလက်အောက်ရှိ Hummanitarian အေဂျင်စီများ၊ မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်းတွေ့ဆုံပြီး ၎င်း၏ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဝါလမ်းရှိ ဦးသန့်၏ နေအိမ်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဒေါက်တာသန့်မြင့်ဦးနှင့်အတူ မြန်မာ့နိုင်ငံရေးကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာရေးဆရာများ၊ ပညာတော်သင်များနှင့်တွေ့ဆုံကာ "ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများ" အကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော် ဇူလိုင် ၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့်၊ ဖောင်းပြင်မြို့တွင် နှစ်ပေခန့်၊ မော်လိုက်မြို့တွင် သုံးပေခန့်နှင့် မင်းကင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် တစ်ပေခန့်၊ မော်လိုက်မြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**(မြန်မာ့အလင်း)**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူကိုယ်တိုင်ပါဝင်၍ စပါးမျိုးရွေးချယ်ခြင်း အခမ်းအနားကျင်းပ

**ပျဉ်းမနား ဇူလိုင် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးတိုးတက်မှုစီမံကိန်း KOPIA PROJECT On INTERNATIONAL PROJECT (KOPIA) အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာတို့တွင် တောင်သူများကိုယ်တိုင်ပါဝင်ကာ စပါးမျိုးရွေးချယ်ပွဲအခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါစပါးရွေးချယ်ပွဲ အခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စပါးသီးနှံဌာနစုမှ တာဝန်ရှိသူများနှင့် (KOPIA) မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဇီးတောကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ စီမံချက်တစ်ခုဖြစ်သော စပါးမျိုးကောင်းမျိုးသန့်ရရှိရေးကိုဦးတည်ကာ ကိုရီးယားစပါးမျိုးနှစ်မျိုးနှင့် မြန်မာစပါးမျိုးလေးမျိုးတို့ကို တောင်သူစိုက်ကွက်တွင် နှိုင်းယှဉ်စိုက်ပျိုးပြသပြီး တောင်သူများကိုယ်တိုင်မျိုးရွေးချယ်ကာ ကျယ်ပြန့်စွာထုတ်လုပ်စိုက်ပျိုးလာနိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး မျိုးရွေးချယ်ပွဲတွင် စမ်းသပ်မျိုးခြောက်မျိုးအနက် မြန်မာစပါးမျိုး ပြည်တော်ရင်အား အကြိုက်နှစ်သက်ဆုံးမျိုးအဖြစ် တောင်သူများက ရွေးချယ်ခဲ့ကြသည်။



**မင်းမင်းလတ်(ရုပ်ဗေဒ)**

*✻ ကျောဖုံးမှ*

ဂေါက်သီး၊ ဘောလုံး/ ဖူဆယ်၊ ဟော်ကီ၊ ဓားရေး၊ စက်ဘီး၊ ခရစ်ကတ်၊ လက်ဝှေ့၊ ဘိုးလင်း၊ ဘီလီယက်/ စနူကာ၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ မြားပစ်နှင့် ရေကူး/ ဒိုင်ဗင်အားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက် အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်တွင် အစောဆုံးစတင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့များသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ၂၀၁၆ ခုနှစ်ကတည်းက စတင်လေ့ကျင့်ခဲ့ပြီး တစ်နှစ်ကျော် အချိန်ယူပြင်ဆင်ထားကာ အားကစား အဖွဲ့ ၁၆ ခုမှာ တရုတ်နိုင်ငံ၌လည်းကောင်း၊ အချို့အားကစားနည်းများမှာ ပြည်ပနိုင်ငံများ၌ လည်းကောင်း သွားရောက်လေ့ကျင့်လျက်ရှိသည်။ မလေးရှားနိုင်ငံသည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုးထည့်သွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ကိုးမျိုးတွင်သာ ယှဉ်ပြိုင်မည်မဟုတ်ဘဲ ကျန်အားကစားနည်းများတွင်လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခု ရရှိခဲ့သည်။

မလေးရှားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခြောက်ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး မြန်မာအားကစားအဖွဲ့များအနေဖြင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

# သီလဝါအထူးစီးပွားရေးဇုန်(A)အတွင်းမှ ပြောင်းရွှေ့ရသူများကို နေရာချထားပေးပြီး ငွေကျပ် ၂၅ သိန်းတန်အိမ်များ ဆောက်လုပ်ပေးခဲ့

**နေပြည်တော် ဇူလိုင် ၆**

ယခုအချိန်အထိ သီလဝါအထူးစီးပွားရေးဇုန်(A)မှ အိမ်ထောင်စု ၆၈ စုကို ပြန်လည် နေရာချထားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဇုန် (B) ဧရိယာ(၂-၁)နှင့် ဧရိယာ(၂-၂)အရှေ့မှ ပြန်လည်နေရာချထားရမည့် အိမ်ထောင်စုပေါင်း ၉၁ ခု အတွက် ပြင်ဆင်လျက်ရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့တွင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **သီလဝါအထူး စီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ခံတောင်သူများ ပြန်လည်နေရာချထားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ပေးရသူနှင့် မြေယာလျော်ကြေးပေးအပ်ပြီးသူ မည်မျှရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးအောင်ထူးက လျော်ကြေးပေးအပ်ပြီးသူ ၁၄၃ ဦး ရှိပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်(A)အတွင်းမှ ပြောင်းရွှေ့ရသူများကို ကျောက်တန်းမြို့နယ် မြိုင်သာယာ(၃) ရပ်ကွက်ရှိ (၂၅ ပေ × ပေ ၅၀)အကျယ် မြေကွက်ပေါ်တွင် ပြန်လည်နေရာချထားပေးခဲ့ပြီး ငွေကျပ် ၂၅ သိန်းတန် အိမ်များ အစားထိုးဆောက်လုပ်ပေးခဲ့ပါကြောင်း။

ပြောင်းရွှေ့နေရာချထားသူများထဲမှ အသက်မွေးဝမ်းကျောင်း ပြောင်းလဲလုပ်ကိုင်သူများအတွက် စက်ပြင်သင်တန်း၊ ကားမောင်းသင်တန်း၊ လျှပ်စစ်ပစ္စည်းပြုပြင်သင်တန်း၊ အစားအသောက်ထုတ်လုပ်ရေးသင်တန်း၊ စက်ချုပ်သင်တန်း၊ ပရိဘောဂပြုလုပ်သည့်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဂျပန်စာသင်တန်း၊ မှိုစိုက်ပျိုးနည်းသင်တန်းစသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများအား ၎င်းတို့၏ဆန္ဒနှင့်အညီ တက်ရောက်သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလုပ်အကိုင်ရှာဖွေပေးခြင်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းအထိ အထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများတွင်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သိန်း ၃၀ အား Cash Assistance အဖြစ် ပေးအပ်ခဲ့ပါကြောင်း၊ ရပ်ရွာဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၄၀၀ ကိုလည်း ထောက်ပံ့ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ပြောင်းရွှေ့နေရာချထားခံရသူများ စိုက်ပျိုးရေးပြုလုပ်နိုင်ရန်အတွက် မြေသုံးဧကကို ရပ်ရွာပိုင်မြေအဖြစ် ပေးအပ်ရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မေးခွန်းရှင် ဒေါ်အေးမြမြမျိုးက ဆက်စပ်မေးခွန်းအဖြစ် သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသည့် အငြင်းပွားမှုနှင့် ပဋိပက္ခများကို လွတ်လပ်သည့် ကော်မရှင်တစ်ခုဖွဲ့စည်းပြီး ပြန်လည်စိစစ်ပေးရန် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းရာ ဒုတိယဝန်ကြီး ဦးအောင်ထူးက သီလဝါအထူးစီးပွားရေးဇုန်၏



ဒုတိယဝန်ကြီး
ဦးအောင်ထူး



ဒေါ်အေးမြမြမျိုး
ကျောက်တန်းမဲဆန္ဒနယ်

လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တိုင်ကြားမှုများရှိလာသည့်အတွက် မလိုလားအပ်သည့် ပြဿနာများ လျှော့ချနိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မြေသိမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းဆိုသည့် တိုင်ကြားချက်များသည် လက်တွေ့ကွင်းဆင်းစစ်ဆေးရာတွင် မှန်ကန်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ အချို့ကိစ္စများမှာ မပြီးဆုံးသေးသည့် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်(A)တွင် နေထိုင်ခဲ့သူများသည် ဇုန် (B) ပြန်လည်နေရာချထားမှု လုပ်ငန်းများတွင် ပါဝင်စွက်ဖက်ခွင့် မရရှိသည့်အတွက် မကျေနပ်ဘဲ တိုင်ကြားမှုများရှိနေခြင်းဖြစ်သည်ဟု စိစစ်တွေ့ရှိရကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်ရှိ ပင်လယ်နှင့်နီးစပ်ပြီး မုန်တိုင်းအန္တရာယ် ကျရောက်လေ့ရှိသော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) များ ထပ်မံဆောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် နာဂစ်အပြီး Cyclone Shelter များတည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇွန်လအထိ Shelter ၁၄ လုံး တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ငပုတောမြို့နယ်ရှိ ကျေးရွာများသည် သဘာဝဘေးအန္တရာယ် ကျရောက်လျှင် ထိခိုက်မှုများသောဒေသဖြစ်ခြင်း၊ လူဦးရေနှင့် Cyclone Shelter အရေအတွက် မမျှတခြင်း၊ သဘာဝဘေးကြောင့် အသက်ဆုံးရှုံးမှုမရှိအောင် အသင့်ပြင်ဆင်ထားရှိရာတွင်

*စာမျက်နှာ ၈ သို့*

# ကျိုးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ကားလမ်းဖောက်လုပ်ပေးခြင်းအား ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ကော်မတီဝါးခု ပြန်လည်ဖွဲ့စည်းခြင်းအား အသိပေးခြင်း၊ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ **မောင်တောခရိုင် မောင်တောမြို့ ကျိုးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအသစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကျိုးကန်းပြင်ဌာနချုပ်နေရာမှ ငွေတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကားလမ်းအသစ်ဖောက်လုပ်ပေးခြင်း လုပ်ငန်းအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ တောင်းခံဆောင်ရွက်ပေးရန် တင်ပြချက်နှင့်စပ်လျဉ်း၍ **ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ**



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



ဦးကျော်ကျော်ဝင်း
ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံရာတွင် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်အတွက် မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ အမှန်လိုအပ်သော လစာစရိတ်၊ ပင်စင်နှင့် အတိုးပေးငွေတို့ကိုသာ တောင်းခံရန်၊ အမျိုးသားစီမံကိန်း ဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် ကိစ္စများနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်သည့် ကိစ္စရပ်များကိုသာ တောင်းခံရန်ဟူ၍ ဖော်ပြပါရှိပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ လုပ်ငန်းအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် တင်ပြဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ မေးမြန်းချက်ပါ ကျိုးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ကားလမ်းအသစ် ဖောက်လုပ်ပေးခြင်းလုပ်ငန်းအား မိမိဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများအား ကွင်းဆင်းစစ်ဆေးပြီး စိစစ်တွေ့ရှိချက်အပေါ် မူတည်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လာမည့် ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ **လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို အပေါင်ထားပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးများရရှိစေရန် ချေးငွေများ ထုတ်ချေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသော ဘဏ်များ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင်ခြင်း၊ လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းအား ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါ စည်းမျဉ်းအပိုဒ် ၁၈ အရ တောင်သူလယ်သမားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသော လုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ လယ်ယာလုပ်သားများနှင့် ကျေးလက်နေ အခြေခံလူတန်းစားများအတွက် ချေးငွေထုတ်ချေးပေးခြင်း၊ လယ်ယာနှင့် သားငါးလုပ်ငန်းဆိုင်ရာ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံအဖြစ်ရယူ၍ ချေးငွေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း။

ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ကို အာမခံထား၍ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်များတွင် ချေးငွေရယူနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းလုပ်ကိုင်ခွင့်ကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဧရာဝတီတိုင်းဒေသကြီး၌ ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်ကို လုပ်ငန်းလိုင်စင်ထုတ်ပေးခဲ့သည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အလားတူဘဏ်များ ဖွင့်လှစ်ခွင့်ကို မကြာမီ ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်း။

မေးခွန်းပါ ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများတွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့အား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ဘဏ်၊ ငွေကြေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို အာမခံအဖြစ် ရယူ၍ တောင်သူလယ်သမားများအား ချေးငွေထုတ်ပေးနိုင်ရန် တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၏ **ဝေါမြို့နယ် မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ် မင်းရွာသို့ ဆက်သွယ်ထားသော မိုးနတ် - မင်းရွာ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း ၃ မိုင် ၂ ဖာလုံအား ရာသီမရွေး အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝေါမြို့နယ် မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ် မင်းရွာသို့ ဆက်သွယ်ထားသည့် မြို့နယ်ကျေးရွာချင်းဆက် မြေသားလမ်း၏ လက်ရှိလမ်းအကျယ်မှာ ရှစ်ပေခန့်ရှိသဖြင့် သတ်မှတ်မြေသားလမ်းအကျယ် ၁၈ ပေ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လမ်း၏ တစ်ဖက်ခြမ်း တစ်လျှောက်ရှိ လယ်မြေများ ပိုင်ဆိုင်သည့် လယ်ပိုင်ရှင်များနှင့် ဆွေးနွေးမှုပြုလုပ်ပြီး လယ်ပိုင်ရှင်များ လှူဒါန်းပေးမှသာ ရာသီမရွေး သွားလာနိုင်သော ကုန်ထုတ်လမ်းမကြီး အဖြစ် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူလလျာထားလုပ်ငန်းများစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဖေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာအား ကော်မတီဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က ဖတ်ကြားတင်ပြပြီး လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံဆွေးနွေးသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ဇူလိုင် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။ **သူရဇော်(သတင်းစဉ်)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNHCR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် အဖွဲ့အား ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်မှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် NV Card ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNHCR နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများ၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက်လည်း UNHCR မှ ပံ့ပိုးကူညီမှုနှင့်ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# မြန်မာ- နော်ဝေ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုပြုမည့် Fish for Development Programme နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၆**

မြန်မာ- နော်ဝေ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုပြုမည့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် နော်ဝေ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Borge Brende တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes တို့က Fish for Development Programme အစီအစဉ်အရ မြန်မာနှင့်နော်ဝေနှစ်နိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် Fish for Development Programme စီမံကိန်းအား ဆက်လက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်၊ အဏ္ဏဝါသုတေသနလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ရေချိုငါးမျိုးစိတ် မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုများစသည့် ကဏ္ဍရပ်များအား တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကာ ပူးပေါင်းဆောင်ရွက်မှုကာလမှာ ၂၀၁၇ ခုနှစ် ဇူလိုင်မှ ၂၀၂၂ ခုနှစ် ဇူလိုင်အထိ ငါးနှစ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

*ပြည်သူ့လွှတ်တော်မှ*

Cyclone Shelter ဆောက်လုပ်ထားခြင်းသည် ထိရောက်မှုရှိခြင်း၊ ဒေသအတွက် ဘက်စုံအသုံးပြု၍ ရခြင်းတို့ကြောင့် ထပ်မံ၍ Cyclone Shelter ကိုးလုံးကို ငရုတ်ကောင်းကျေးရွာရပ်ကွက်(၁)၊ နတ်မော်ကျေးရွာ၊ ကွင်းဘက်ကျေးရွာ၊ ဟိုင်းကြီးကျွန်းအပိုင်း ဆီလောင်ကျေးရွာ၊ ရေသိုးကျေးရွာ၊ ဟဲလက်ကျေးရွာ၊ ခမောက်မော်ကျေးရွာ၊ ကံချိုင်ကျေးရွာနှင့် ဇီးချိုင်ကျေးရွာများတွင် ဆောက်လုပ်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ယင်း Cyclone Shelter ကိုးလုံး ဆောက်လုပ်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန်စီစဉ်ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ခေါ်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းတို့၏ ကျောက်ဖြူအထူးစီးပွားရေးဇုန် လုပ်ငန်းစတင်မည့်အချိန်နှင့် လုပ်ငန်းစတင်ရန်မည်သည့်အစီအမံများ ပြုလုပ်နေသည်ကို ဒေသခံများအား ရှင်းပြပေးရေး၊ ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝလုံခြုံရေးအတွက် ကူညီဖြေရှင်းပေးရေး၊ ခေါ်လန်ဖူးမြို့နယ်အတွင်းရှိ ကြားစခန်းများတွင် အမြဲတမ်းဝန်ထမ်းခန့်အပ်ပေးရေး၊ စစ်ကိုင်းမြို့ရှောင်လမ်းဖောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တင်သွင်းသည့် “ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” အား လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ရန်ကုန်ဆိပ်ကမ်းများ၌ သင်္ဘောအစင်းရေ ၃၆ စင်း တစ်ပြိုင်နက်ဝင်ရောက်နိုင်

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများနှင့် သင်္ဘောများဆိုင်ရာ ၂၀၁၇ ဆွေးနွေးပွဲနှင့် ပြခန်းများဖွင့်ပွဲ (15th ASEAN Ports and Shipping 2017 Conference and Exhibition )ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် Transport Events Management ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Mr. Rory J.Doyle တို့က အမှာစကားများ ပြောကြားခဲ့သည်။

ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတွင်းနိုင်ငံများမှ နည်းလမ်းရှာဖွေပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်းနိုင်ငံအချင်းချင်း တစ်ခုတည်းသော စီးပွားရေးအသိုက်အမြုံ၊ တစ်ပေါင်းတစ်စည်းတည်းသော သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးအသိုက်အဝန်းဖြစ် ပေါ်လာစေရန်အတွက် ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ နီးပါး လာရောက်ဆွေးနွေးလျက်ရှိပြီး ဆိပ်ကမ်းလုပ်ငန်းများနှင့် ပတ်သက်သော နိုင်ငံတကာကုမ္ပဏီ ပြခန်းပေါင်း ၅၀ ကျော် ပြသထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ဆိပ်ကမ်းများအကြောင်းကို မြန်မာဆိပ်ကမ်းအာဏာပိုင်၊ နိုင်ငံတကာဆက်ဆံရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ မန်နေဂျာ ဦးကျော်ဝဏ္ဏက “မြန်မာနိုင်ငံ ပင်လယ်ရေကြောင်းကုန်သွယ်မှုရဲ့၁၀၀ ရာခိုင်နှုန်းနီးပါးကို ရန်ကုန်ဆိပ်ကမ်းက ကိုင်တွယ်နေတာပါ။ ရန်ကုန်ဆိပ်ကမ်းဆိုတဲ့နေရာမှာ အတွင်းပိုင်းဆိပ်ကမ်းရယ်၊ အပြင်ပိုင်းဖြစ်တဲ့ သီလဝါဆိပ်ကမ်းရယ် နှစ်ခုရှိပါတယ်”ဟု ရှင်းပြသည်။ ရန်ကုန်အပြင်ပိုင်းဖြစ်သော သီလဝါဒေသတွင် ဆိပ်ကမ်းသစ်များ ထပ်မံတည်ဆောက်နေမှုနှင့်ပတ်သက်၍ “လက်ရှိ သီလဝါဒေသမှာ အကွက်သစ် ၃၇ ကွက်ဖော်ထားတာ ရှိပါတယ်။ အဲဒီအထဲမှာ Agriculture Port၊ ကွန်တိန်နာဆိပ်ကမ်းတွေ၊ အထွေထွေကုန်ပစ္စည်းဆိပ်ကမ်းတွေပါလာမယ်။ ဒါတွေ အကုန်လုံးပြီးသွားရင် သီလဝါဒေသကြီးက သီလဝါစီးပွားရေးဇုန်နဲ့အတူ ဖွံ့ဖြိုးတိုးတက်လာမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်းများ၏ အပြင်ပိုင်းဖြစ်သော သီလဝါဆိပ်ကမ်းများတွင် တန်ချိန် နှစ်သောင်းရှိသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်ပြီး အတွင်းဆိပ်ကမ်းများ(ဗိုလ်တထောင်၊ ဆူးလေ၊ အလုံမြို့နယ်တွင်းရှိ ဆိပ်ကမ်းများ) တွင် တန်ချိန်တစ်သောင်းခွဲရှိသော သင်္ဘောများဝင်ထွက်၍ရကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်းများ၌ သင်္ဘောအစင်းရေ ၃၆ စင်း တစ်ပြိုင်နက် ဝင်ရောက်ဆိုက်ကပ်နိုင်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**



ရန်ကုန် အလုံဆိပ်ကမ်း၌ သင်္ဘောပေါ်မှ ကုန်သေတ္တာများအတင်အချပြုလုပ်နေစဉ်

# ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေနစ်မြုပ်သည့် လူနေအိမ်များ ရေလွတ်ရာနေရာသို့ ပြောင်းရွှေ့ပေး

**ဗန်းမော် ဇူလိုင် ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ သပြေကုန်းကျေးရွာသို့ ဗန်းမော်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသစိတ်ဓာတ်စစ်ဆင်ရေးမှူး ဗိုလ်မှူးကျော်သီဟ၊ ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက သပြေကုန်းကျေးရွာ၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်မှုရှိနေသဖြင့် ရေနစ်မြုပ်နေသော လူနေအိမ်များကို ဆုံးရှုံးမှုမရှိစေရန် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ဆောင်ရွက်ပေးပြီး အိမ်သုံးပစ္စည်းများနှင့် နွား ၃၅ ကောင်တို့အား စက်ရေယာဉ်များဖြင့် ရေဘေးလွတ်ရာ သပြေကုန်းရွာသစ်(အောင်သပြေ)ကျေးရွာသို့ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။
(ခရိုင်ပြန်/ဆက်)

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**
**လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုဆိုသည်။"

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(ဇ) **ပြည်တွင်းရေကြောင်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်းတစ်ခုခုလည်းပါဝင်သည်။"

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အစိုးရအဖွဲ့သည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်အလို့ငှာ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ"

၅။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့က" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။"

၈။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ အယူခံခြင်းကိုစိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။"

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၄ ၏ ခြေဆင်းတွင်ပါရှိသော "ဝန်ကြီးဌာနသည် " ဆိုသည့်စကားရပ်ကို "ကြီးကြပ်ရေးဗဟိုအဖွဲ့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ Mobile-Application မိတ်ဆက်လွှင့်တင်

**နေပြည်တော် ဇူလိုင် ၆**

သီးနှံ ၂၅ မျိုး၊ အင်းဆက်/ပိုးမွှား ၁၈၇ မျိုး၊ ရောဂါ ၁၃၇ မျိုး၊ လယ်/ယာ အမျိုး ၃၀၊ ကြွက်(Rodent) ၁၂ မျိုး၊ ရွှေခရု တစ်မျိုး၊ ဘက်စုံသီးနှံကာကွယ်ရေး နည်းလမ်းများ၊ ပိုးသတ်ဆေးနှင့်ပတ်သက်သည့် အချက်အလက်များ အသုံးဝင်သည့် Website များ ပါဝင်သည့် Application PP version 1.0 ကို လွှင့်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ Plant protection mobile Application PP version 1.0 မိတ်ဆက်လွှင့်တင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမရှိ သီးနှံကာကွယ်ရေးဌာနခွဲရုံး၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

Application PP version 1.0, Android phone version 4.0 သည် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပိုးမွှားရောဂါများနှင့် ကြွက်များအား အမျိုးအစားခွဲခြားနိုင်ပြီး ကာကွယ်နှိမ်နင်းမည့် နည်းလမ်းကို သိရှိရမည့်အပြင် တရားဝင်မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများကို မှန်ကန်စွာ ရွေးချယ်အသုံးပြုနိုင်သည်အထိ ချင့်ချိန်စဉ်းစားဆောင်ရွက်နိုင်ရန်၊ တရားဝင် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများနှင့် ကုမ္ပဏီများကို အလွယ်တကူ သိရှိနိုင်ရန် ဘက်စုံကာကွယ်ရေး နည်းလမ်းများကိုသိရှိပြီး လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်စေရန်တို့ကို ရည်ရွယ်ထားကြောင်း၊ ပိုးသတ်ဆေးဘူးအရောင်းဆိုင်များအနေဖြင့်လည်း တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများအား သိရှိပြီး ရောင်းဝယ်ဖောက်ကားနိုင်ရန်၊ သီးနှံတောင်သူများ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်တို့အတွက်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရှင်းလင်းပြောကြားသည်။

အဆိုပါ အကြောင်းအရာများအား သိရှိနိုင်ရန် ယင်း Application ကို သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) (http://www.ppdmyanmar.org)နှင့် နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးဦးစီးမှူးရုံးများတွင် ရရှိနိုင်ပြီး (Android phone version 4.0)နှင့်အထက် ဖုန်းများအားလုံးတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ထီးချိုင့်မြို့နယ်အတွင်း၌ ရှေးဟောင်းအရိုးအိုးနှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိ

**ထီးချိုင့် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ ဟသ်ာသစ်တော ကြိုးဝိုင်းအတွင်း၌ ရှေးဟောင်းအရိုးအိုးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ညနေ ၄ နာရီခန့်တွင် ထီးချိုင့်မြို့နယ် ဖုန်ကုန်းလေးကျေးရွာနေ ဦးစိုးတင့်သည် ထီးချိုင့်မြို့နယ် ဟသ်ာကြိုးဝိုင်း အကွက်အမှတ် (၁၀၅) အတွင်းရှိ ၎င်းပိုင် ကြံခင်းအတွင်း ကြံစိုက်ပျိုးရန် ထွန်ယက်ရာမှ ရှေးဟောင်းအရိုးအိုး တစ်လုံးနှင့် အရိုးအိုးကွဲများ၊ ကိုးလက်မခန့်ရှိ ရှေးဟောင်းပစ္စည်းဟု ယူဆရသော သံဇွန်းအပြာရောင်တစ်ချောင်း၊ ပုတီးလုံးဟုယူဆရသော တစ်လက်မခန့် အရွယ် ၁၀ လုံးတို့ တွေ့ရှိထားကြောင်း သိရသဖြင့် မြို့နယ် စီ/ခန့် ဥက္ကဋ္ဌ ဦးဇင်လင်းနိုင်၊ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးစိုးလင်းအောင်၊ ထီးချိုင့်မြို့မ ရဲစခန်းမှ ဒုရဲမှူး ရဲထွဋ်အောင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး တကောင်းမြို့ ရှေးဟောင်းသုတေသနအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း သိရသည်။



**လူအောင် (ကသာ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၆ စီး၊ သွင်းကုန် ၅၃၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၅၂ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၂၅ သန်းခန့် စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅ ဒသမ ၆၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၅ ရက်က မူဆယ်မှ မန္တလေးသို့ဝင်ရောက်လာသည့် Mitsubishi Fuso ၁၂ ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် တရုတ်နိုင်ငံထုတ် "7-Arrows" ဘီယာ ၂၀၀၀ Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ ပညာရှင်များ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ဟောပြောပို့ချ

**ရန်ကုန် ဇူလိုင် ၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ ပါမောက္ခ Andreas Moritz ဦးဆောင်သည့် ပညာရှင်သုံးဦးသည် ယနေ့ နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် တီထွင်ဆန်းသစ်ထားသော ခေတ်မီလေဆာရောင်ခြည်ကုထုံး (Innovative Technologies: Laser) နှင့် အပေါ်မေးရိုးအထက်ရှိ လေအိတ်အမြှေး အောက်ခြေမြှင့်တင်ခြင်း (Digital Dentistry, The Maxillary Sinus Floor Elevation: Techniques and Case Presentations) ခေါင်းစဉ်တို့ဖြင့် ဟောပြောပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် အဆိုပြုလွှာတင်သွင်းခွင့်အမှတ် သတ်မှတ်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၆**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၇ အတွက် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦးနှင့် ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ (နေပြည်တော်ကောင်စီအပါအဝင်) တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသူ ၁၈ ဦး စုစုပေါင်း ၆၈ ဦးနှင့် YUFL သတ်မှတ်အတန်းများမှ ပဏာမအဆင့်ရွေးချယ်မှုတွင် အောင်မြင်သူ ၆၀ စုစုပေါင်း ၁၂၈ ဦးသည် အဆိုပြုလွှာ တင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ သိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၅၄၇ မှတ်နှင့်အထက် ရရှိသူများ၊ ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲအတွက် စုစုပေါင်း အမှတ် ၄၉၂ မှတ်နှင့်အထက် ရရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသူ တစ်ဦးစီသာလျှင် အဆိုပြုလွှာ တင်သွင်းခွင့်ရှိကြောင်းနှင့် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်း Central Tower: အမှတ် (၇၉-၈၁) ပထမထပ် အခန်း (၁၀၂) အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅၊ ၃၉၂၉၉၄၊ ၀၉-၄၂၁၀၆၂၃၀ တို့တွင် ဆက်သွယ်၍ အခမဲ့ရယူနိုင်ပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်သည်။

အဆိုပြုလွှာတင်သွင်းခွင့် ရရှိသူများအနက်မှ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးမှု ရရှိမည့်သူများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၅ ရက်မတိုင်မီ သက်ဆိုင်သူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မယ်စဲ့မြို့၌ မှူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေး

**မယ်စဲ့ ဇူလိုင် ၆**

ကယားပြည်နယ်အတွင်းရှိ သုံးမြို့နယ်တွင် နေ့အလိုက် မှူခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၅ရက်က မယ်စဲ့မြို့ အ.ထ.က ၌ ကျင်းပခဲ့ရာ အမှတ်(၂)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(လွိုင်ကော်)မှ ဒုရဲမှူး ဝင်းသွင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ အမှတ်(၄)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့စု (လွိုင်ကော်)မှ ရဲမှူးမျိုးလွင်က လူကုန်ကူးမှုနှင့် အမှတ်(၂၀)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့စု (လွိုင်ကော်)မှ ရဲမှူး ဝင်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို ဟောပြောခဲ့သည်။

**ဝတ်ရည် (ပြန်/ဆက်)**

# မြောက်ကိုရီးယားကိုတုံ့ပြန်ဆောင်ရွက်ရန် ဆွေးနွေးရာတွင် အမေရိကန်နှင့်တရုတ်သဘောထားကွဲလွဲ

**ဝါရှင်တန် ဇူလိုင် ၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် မြောက်ကိုရီးယားကိုမည်ကဲ့သို့ တုံ့ပြန် ဆောင်ရွက်မည်ဟူသော အရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် သဘောတူညီမှုမရရှိခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ပထမဆုံးအကြိမ်အောင်မြင်မှုရရှိခဲ့ပြီဖြစ်ကြောင်း အင်္ဂါနေ့ကထုတ်ဖော်ကြေညာခဲ့သည်။

ဗုဒ္ဓဟူးနေ့တွင်ပြုလုပ်သည့် လုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို တစ်နာရီခွဲခန့်ကြာအောင် ပြုလုပ်ခဲ့ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် သဘောထားကွဲလွဲခဲ့ကြကြောင်း ဖော်ပြထားသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ် နစ်ကီဟာလေက အမေရိကန်ပြည်ထောင်စုသည် လိုအပ်လာလျှင်နိုင်ငံနှင့် ၎င်း၏ မဟာမိတ်များကို ကာကွယ်ရန်အတွက် စစ်ဘက်အင်အားစုများကို အသုံးပြုသွားရန် အရန်သင့်ပြင်ဆင်ထားပြီ ဖြစ်ကြောင်းသတိပေးပြောဆိုခဲ့သည်။

နစ်ကီက မြောက်ကိုရီးယား၏ တစ်စထက်တစ်စ ပိုမိုဆိုးရွားလာနေသည့်ကိစ္စကို ဖြေရှင်းရာတွင် သင့်လျော်မည့်ပိုမိုတင်းကျပ်သည့်နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုကို တောင်းဆိုထားသည့်လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အသစ်တစ်ခုကို လာမည့်ရက်များအတွင်း တင်ပြသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

အသစ်ချမှတ်မည့် ပိတ်ဆို့မှုများတွင် မြောက်ကိုရီးယားသို့ ရေနံထောက်ပံ့မှုကို ကန့်သတ်သွားမည်ဖြစ်ပြီး လေကြောင်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်မှုများကိုလည်း စည်းမျဉ်းကန့်သတ်မှု ပြုလုပ်သွားရန်လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။




ကုလသမဂ္ဂဆိုင်ရာတရုတ်သံတမန် လီယူဂျယ်ရီကမူ မြောက်ကိုရီးယားကျွန်းဆွယ်အရေးတွင် တင်းမာမှုများလျော့ကျစေရန်ပြုံယမ်းနှင့် စကားပြောဆိုဆွေးနွေးမှုပြုလုပ်သင့်ကြောင်း ငြင်းခုံခဲ့ပြီး တရုတ်ဘက်မှပြောဆို ဆွေးနွေးမှုကို ရုရှားက ထောက်ခံခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ရုရှားဗုံးကြဲလေယာဉ် အိုင်အက်စ်အစွန်းရောက်စခန်းများအား တိုက်ခိုက်



**မော်စကို ဇူလိုင် ၆**

ရုရှားနိုင်ငံမှ တီယူ-၉၅ အမ်အက်စ် ဗုံးကြဲလေယာဉ်သည် ခရုဇ်ဒုံးကျည်ဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ် အစွန်းရောက်အဖွဲ့စခန်းများအား မကြာသေးမီက တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ရုပ်သံဖိုင်တစ်ခုတွင်ဖော်ပြခဲ့သည်။

တိုက်ခိုက်ခဲ့သည့် အချိန်အတိအကျမသိရသော်လည်း ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် အိုင်အက်စ်အကြီးစား လက်နက်သိုလှောင်ရုံသုံးခုနှင့် ညွှန်ကြားရေးဌာနတစ်ခုတို့ ထိမှန်ပျက်စီးခဲ့ကြောင်း ရုရှားနိုင်ငံ သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

စစ်ဆင်ရေးအတွင်း တီယူ -၉၅ အမ်အက်စ်ဗုံးကြဲလေယာဉ်အား ရုရှားနိုင်ငံမှ အက်စ်ယူ-၃၀ အက်စ်အမ်နှင့် အက်စ်ယူ-၃၅ တိုက်လေယာဉ်များက စစ်ဆင်ရေးတစ်လျှောက် လိုက်ပါကာကွယ်မှုပေးခဲ့ကြောင်း သိရသည်။ ပစ်မှတ်အား အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့ပြီးနောက် တပ်စခန်းသို့ လုံခြုံစွာ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လူ့အခွင့်အရေးလှုပ်ရှားသူ ၁၂ ဦးကို တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဇူလိုင် ၆**

အစ္စတန်ဘူလ်မြို့အနီးရှိကျွန်းတစ်ကျွန်းပေါ်တွင် ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတစ်ခု၌ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့မှဒေသဆိုင်ရာဒါရိုက်တာတစ်ဦးနှင့်အခြားသောလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအပါအဝင် လူ၁၂ ဦးကို တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဒေသမီဒီယာက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

တူရကီလွတ်ငြိမ်းချမ်းသာမှုအဖွဲ့ခွဲ၏ဥက္ကဋ္ဌဖြစ်သူ တန်နာကီလစ်အားတရားရုံးတစ်ခုက ထောင်ဒဏ်ချမှတ်လိုက်ပြီးတစ်လအကြာတွင် ထိုသို့ဖမ်းဆီးထိန်းသိမ်းမှုများပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မြို့တောင်ပိုင်း ဘူယူကာဒါရှိဟိုတယ်တစ်လုံးတွင် ပြုလုပ်သည့်အစည်းအဝေးအပြီး ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် တူရကီလွတ်ငြိမ်းချမ်းသာမှုအဖွဲ့ ဒါရိုက်တာအိုင်ဒီအီဆာနှင့်အခြားသူများအား ရဲစခန်းသို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဟူရီယက်သတင်းစာက ဖော်ပြခဲ့သည်။

မည်သည့်အတွက်ကြောင့် ဟိုတယ်၌အစည်းအဝေးပြုလုပ်ခဲ့ကြသည်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။ ဖမ်းဆီးသွားသည့်အဖွဲ့ဝင်များအား လွှတ်ပေးရန် လွတ်ငြိမ်းချမ်းသာအဖွဲ့ကတောင်းဆိုလျက်ရှိသည်။ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူအဖွဲ့အား ဖမ်းဆီးထိန်းသိမ်းထားမှုနှင့် ပတ်သက်၍ တူရကီရဲတပ်ဖွဲ့ထံမှ မှတ်ချက်ချပြောဆိုမှုမရှိသေးကြောင်း သိရသည်။

**(ရိုက်တာ)**

# မက္ကဆီကိုနိုင်ငံတွင် ရဲတပ်ဖွဲ့နှင့် ဒုစရိုက်အဖွဲ့များကြား အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွား

**မက္ကဆီကိုစီးတီး ဇူလိုင် ၆**

မက္ကစီကိုနိုင်ငံ ချီဟွာဟွာပြည်နယ်တွင် ဒေသတွင်းရဲတပ်ဖွဲ့နှင့် ဒုစရိုက်အဖွဲ့အစည်းတို့ကြား ကြီးမားသော တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၄ ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ယမန်နေ့က ချီဟွာဟွာပြည်နယ် မိုင်ဒီရာမြို့တွင် တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့သည်။ ပထမတိုက်ခိုက်မှုတွင် ဒုစရိုက်အဖွဲ့ အချင်းချင်းတိုက်ခိုက်မှုဖြစ်ပြီး နောက်ပိုင်းတွင် အဆိုပါနေရာသို့ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာရာ ရဲတပ်ဖွဲ့နှင့် ဒုစရိုက်အဖွဲ့များကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

တိုက်ခိုက်မှုကြောင့် လူ ၁၄ ဦး သေဆုံးခဲ့ပြီး သုံးဦးကိုဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ကား ၁၀ စီး၊ သေနတ် ၂၀ ကျော်နှင့် လက်ပစ်ဗုံးအချို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော ဇွန် ၂၄ ရက်ကလည်း မိုင်ဒီရာမြို့တွင် ရဲတပ်ဖွဲ့နှင့် ဒုစရိုက်အဖွဲ့များကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

**(ဆင်ဟွာ)**

# အမေရိကန်တွင် တာဝန်ကျရဲအရာရှိတစ်ဦးအား သေနတ်ဖြင့် လုပ်ကြံပစ်သတ်

**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့မြောက်ဘက်စွန်း ဘရောင်ဇ်မြို့တွင် ယမန်နေ့က တာဝန်ကျရဲအရာရှိအမျိုးသမီးတစ်ဦး ကားအတွင်းထိုင်နေစဉ် သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း သတင်းများတွင် ဖော်ပြသည်။

လုပ်သက် ၁၂ နှစ်ရှိ အသက် ၄၈ နှစ်အရွယ် နယူးယောက်ရဲဌာနတွင် တာဝန်ထမ်းဆောင်နေသော ရဲအရာရှိအမျိုးသမီး မီရိုဆိုးတစ်ဖမ်မီလီယာသည် မော်ရစ်ရိပ်သာလမ်းနှင့် အရှေ့ ၁၈၃လမ်းထောင့်တွင်ရှိနေစဉ် သေနတ်သမားက သေနတ်ဖြင့် ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ပစ်သတ်လိုက်သည့်အတွက် အဆိုပါ ရဲအရာရှိအမျိုးသမီးသည် နေရာတွင်ပင် ဦးခေါင်းကို ကျည်ဆန်မှန်ကာသေဆုံးသွားခဲ့သည်။ ရဲအရာရှိအမျိုးသမီးနှင့် မလှမ်းမကမ်းရှိ အခြားရဲအရာရှိနှစ်ဦးက သေနတ်သမားအား ပြန်လည်ပစ်ခတ်ခဲ့သည်။ တရားခံမှာ ခားပြမှုဖြင့် ထောင်မှလွတ်လာသူ အသက် ၃၄ နှစ်အရွယ်ရှိ အလက်ဇန္ဒားဘွန်းစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်အား လုပ်ကြံသတ်ဖြတ်မှုတစ်ခုအဖြစ် ခေါ်ဆိုကြောင်း၊ ထို့အပြင် မြို့သူမြို့သားများ၏လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေသော ရဲဝန်ထမ်းများအား တိုက်ရိုက်တိုက်ခိုက်မှုဖြစ်ကြောင်း၊ ပစ်ခတ်မှုဖြစ်ပွားပြီး သုံးနာရီအကြာတွင် ဖမ်မီလာယာ သေဆုံးခဲ့ကြောင်း ရဲမင်းကြီး ဂျိမ်းစ်အိုနေးလ်က စိန့်ဘာနာဘတ်စ်ဆေးရုံတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

**(ဆင်ဟွာ)**





သေနတ်ဖြင့်ပစ်ခတ်ခဲ့သူအလက်ဇန္ဒားဘွန်းစ်

လုပ်ကြံပစ်သတ်ခံရသည့် ရဲအရာရှိ မီရိုဆိုးတစ်ဖမ်မီလီယာ

# ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(စ) ပုဒ်မခွဲ (င) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ပုဒ်မ ၁၅ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

(ဆ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပြုခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှု ဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများ ရေးဆွဲတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ)အရ ဖွဲ့စည်းထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့်ရေတင်လုပ်ငန်း တစ်ခုချင်းစီ၏ နှစ်စဉ် အမှန်တကယ် ရေပေးဝေနိုင်သောရေိယာ၊ စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာတို့ကို လည်းကောင်း၊ ရေဘေးကာကွယ်သည့်ဧရိယာအတွင်း နှစ်စဉ် အမှန်တကယ် သီးနှံစိုက်ပျိုးသည့် ဧရိယာကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းတိုင်းတာ စာရင်းပြုစုခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူ သို့မဟုတ် စိုက်ပျိုးရာသီတွင် ရေရယူ စိုက်ပျိုးလုပ်ကိုင်သူ အခွန်ထမ်း အမည်နှင့် ဦးပိုင်လုပ်ကွက်အလိုက် အမှန်တကယ် ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့်ဧရိယာအတွင်း သီးနှံစိုက်ပျိုးသည့်ဧရိယာတို့ကို အခြေပြု၍ သတ်မှတ်ချက်များနှင့်အညီ ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုစာရင်း စိစစ်ပြုစုခြင်းနှင့် မြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ပေးပို့တင်ပြခြင်း၊

(ဂ) အခွန်ပြေစာများ လက်ခံရရှိသည့်အခါ မှတ်တမ်းတင်ပြီး အခွန်ငွေများကို သတ်မှတ်ကာလအတွင်း ကောက်ခံ၍ ကောက်ခံရရှိသောအခွန်ငွေကို သက်ဆိုင်ရာရုံးသို့ နှောင့်နှေးမှုမရှိစေဘဲ ပေးသွင်းခြင်း၊

(ဃ) အခွန်ပြေစာဖြစ်စေ၊ ကောက်ခံရရှိပြီးသည့် အခွန်ငွေဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုရှိခဲ့လျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(င) အခွန်ပြေစာများ လက်ခံရရှိမှု အခြေအနေကိုလည်းကောင်း၊ အခွန်ကောက်ခံရရှိမှု အခြေအနေကိုလည်းကောင်း မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်တင်ပြခြင်း၊

(စ) အခွန်စည်းကြပ်ကောက်ခံရန် သတ်မှတ်ရက် ကုန်ဆုံးသည့်အခါ စည်းကြပ်ကောက်ခံရန်ကျန်ရှိသည့် အခွန်ပြေစာနှင့် ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစု၍ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စနစ်တကျ ပြန်လည်အပ်နှံခြင်း၊

(ဆ) အခွန်ကြွေးကျန်များ ပေါ်ပေါက်ပါက မည်သည့်အတွက် ဖြစ်ပေါ်ရသည်ကို အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ အခွန်သက်သာခွင့်ပြုနိုင်ရန် အကြောင်းအကျိုးခိုင်လုံစွာဖော်ပြ၍ တင်ပြခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှု ဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်း။

## အခန်း (၅)
## အခွန်ကောက်ခံခြင်း

၁၂။ ပုဒ်မ ၄ ပါ ရေခွန်နှင့် တာတမံခွန်များနှင့် ပုဒ်မ ၆ ပါ လျှပ်စစ်ရေတင်ခများကို ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အဆင့်ဆင့်က မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံ၍ ကောက်ခံရငွေအား သတ်မှတ်ထားသည့် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၃။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်ရက်အတွင်း အခွန်ကိုပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန်ပျက်ကွက်သည့်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည့်အပြင် တရားဥပဒေအရ တရားစွဲဆိုခြင်းခံရမည်။

၁၄။ ပုဒ်မ ၅ ပါ ရေခွန်ရေခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက ကောက်ခံ၍ ကောက်ခံရငွေအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။ အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကိုပြန်အမ်းခြင်း

၁၅။ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြချက်ကိုစိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်း သို့မဟုတ် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ ကောက်ခံမရနိုင်တော့သည့် အခွန်ကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်းနှင့် ပေးဆောင်ထိုက်သည့် အခွန်ကို လျှော့၍ စည်းကြပ်ထားခဲ့ကြောင်း တွေ့ရှိပါက ထပ်မံကောက်ခံခြင်းတို့ ပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်း တွေ့ရှိပါက ပိုငွေကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်အမ်းခြင်း ပြုရမည်။

## အခန်း (၇)
## အယူခံခြင်း

၁၆။ (က) မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သည် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၈)
## အထွေထွေ

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၉။ ရေခွန်နှင့် တာတမံခွန်ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် - ၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပုဂံဒေသသို့ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့ လာရောက်လေ့လာ

**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့ လာရောက်၍ ဇူလိုင် ၆ ရက် နံနက်ပိုင်းက လေ့လာရေးခရီး လည်ပတ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြ၍ ဖူးမြော်လေ့လာကြသည်။ ထို့နောက် ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် နန်းကြည့်ကုန်းပေါ်ရှိ Mo Riding မြင်းစီးကလပ်သို့ သွားရောက်၍ မြင်းများအား သွားရောက်ကြည့်ရှုလေ့လာကြပြီး မြင်းအလှစီးပြမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မြစေတီဘုရားနှင့် လောကနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်လေ့လာကြပြီး ညနေ ၄ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့သည် ဇူလိုင် ၄ ရက်က မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် တိရစ္ဆာန်များအား သန်ချဆေးတိုက်ကျွေးခြင်း၊ ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ယင်းကျေးရွာများနေ ပြည်သူများအား အသိပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့မှတစ်ဆင့် ညောင်ဦးမြို့သို့ လေ့လာရေးခရီး လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများနှင့် အမေရိကန်၊ ကနေဒါ၊ ဂျပန် အစရှိသည့် နိုင်ငံများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ပါဝင်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# ဆေးဝါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးဝါးအတုများကင်းရှင်းရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆေးဝါးအတုများ ကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက်က စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးများထုတ်လုပ်ပေး လျက်ရှိသည့်အခြေအနေ၊ လက်ရှိ ရောင်းချဖြန့်ဖြူးလျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် BPI ဆေးဝါးအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ထားရှိမှုနှင့် နောင်ဆက်လက် ဖွင့်လှစ်မည့်အခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်မှုအခြေအနေ၊ ပြည်ပမှ ဆေးဝါးများ တင်သွင်းနေမှုအခြေအနေ၊ ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိချက် အရ သံသယဖြစ်ဖွယ်ရှိသော ဆေးဝါး အမျိုးအစားများနှင့် ဆင်တူယိုးမှား အတုပြုနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီးနောက် BPI ဆေးဝါးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ပြည်သူ့ဆေးရုံကြီးများတွင် BPI ဆေးဝါး အရောင်းဆိုင်/ကောင်တာများ ဖွင့်လှစ်သွားနိုင်ရေးနှင့် ဆေးဝါးအတုများ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် FDA မှ တာဝန်ရှိသူများသည် ဆေးဝါး အတု/အစစ် အလွယ်တကူခွဲခြားနိုင်သည့် စက်ပစ္စည်းဖြင့် လက်တွေ့သရုပ်ပြ စစ်ဆေးမှုကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆေးဝါးစစ်ဆေးရေး စက်ပစ္စည်းသည် ဆေးဝါးနှင့် ဓာတုပစ္စည်းအမျိုးပေါင်း ၂၀၀၀၀ ကျော်ကို စစ်ဆေးနိုင်ကြောင်း၊ အရွယ်အစားသေးငယ်ပြီး ကွန်ပျူတာဖြင့် ချိတ်ဆက်၍ အလွယ်တကူအသုံးပြုနိုင်ခြင်း၊ Spare Battery အပိုပါဝင်ခြင်းတို့ကြောင့် ဈေးကွက်အတွင်း မည်သည့်နေရာတွင်မဆို On-site အလွယ်တကူသွားရောက်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးဝါးလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နာဂဒေသအတွင်း ရေကြီးရေလျှံမှုကြောင့် နေအိမ်များနစ်မြုပ်



**မိုပိုင်းလွတ် ဇူလိုင် ၆**

မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းပြီး ချင်းတွင်းမြစ်ရေ အဆမတန်မြင့်တက်လာမှုကြောင့် နန်ခါချောင်း ရေမြင့်တက်လာကာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင် လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့အတွင်း ဇူလိုင် ၅ ရက်က ရေကြီးမှုဖြစ်ပေါ်ကာ အ.ထ.က ကျောင်းဝင်းအထိ ရေများမြင့်တက်လာခဲ့သည်။

အဆိုပါ ချောင်းရေမြင့်တက်လာမှုကြောင့် မြို့နယ်အုပ်ချုပ်ရေးရုံး၊ စည်ပင်ရုံး (ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ)၊ ပြန်/ဆက် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ ပညာရေးဘော်ဒါဆောင် နှစ်ဆောင် အပါအဝင်၊ အမှတ်(၁)ရပ်ကွက်တွင် လူနေအိမ်ငါးလုံး၊ အမှတ်(၂)ရပ်ကွက်တွင် လူနေအိမ်ရှစ်လုံးနှင့် ဖိုင်လင်ကွတ်ကျေးရွာတွင် လူနေအိမ် နှစ်လုံးတို့ရေနစ်မြုပ်လျက်ရှိပြီး၊ ဖိုင်လင်ကွတ်နှင့် ရပ်ကွက်(၂)ဆက်သွယ်ထားသည့် ကြိုးတံတားသည် ရေစီးအားတွင်ပါလာသည့် အမှိုက်သရိုက်များကြောင့် အောက်ခြေပေါင်လန်၍ ပျက်စီးခြင်း၊ မြို့အဝင် မိုပိုင်းလွတ်တံတား၏ အောက်ခြေပေါင်အထိ ချောင်းရေများ မြင့်တက်လျက်ရှိပြီး မိုပိုင်းလွတ်-ဟုမ္မလင်းစက်လှေလိုင်းများ ပြေးဆွဲနေမှုကို ခေတ္တပိတ်ထားလျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် မြို့တွင်းရှိ ကားလမ်းနစ်မြုပ်ကာ အများပြည်သူများ သွားလာရေးခက်ခဲလျက်ရှိသည်။ ရေမြင့်တက်နေမှုကြောင့် အခြေခံပညာအထက်တန်းကျောင်းများ ပိတ်ထားလျက်ရှိပြီး၊ ရေနစ်မြုပ်ခံရသော နေအိမ်များရှိ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများသည် ကိုယ့်အားကိုယ်ကိုးဖြင့် ရေဘေးကင်းလွတ်ရာ တောင်ပေါ်ရှိ ဝန်ထမ်းအိမ်ရာများသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**ရှိန်းလေး (မိုပိုင်းလွတ်)**

## အမ်းမြို့နယ်၌ ရေလျှံမှုကြောင့် ယာဉ်သွားလာမှုများ ရပ်တန့်လျက်ရှိ

**အမ်း ဇူလိုင် ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိပြီး မြေနိမ့်ကားလမ်းအချို့နှင့်ကျေးရွာချင်းဆက်လမ်းများ ရေကျော်နစ်မြုပ်ခြင်း၊ တံတားငယ် ချဉ်းကပ်လမ်းများ ရေတိုက်စားခြင်းကြောင့် ယာဉ်များ ခေတ္တယာယီဖြတ်သန်းသွားလာမှု ရပ်တန့်လျက်ရှိသည်။

အဆိုပါဖြစ်ပွားနေရာများမှာ ရန်ကုန်-စစ်တွေ ကားလမ်း၊ အမ်း-စစ်တွေကားလမ်းအပိုင်း ရွာသာယာကျေးရွာအနီး မိုင်တိုင်အမှတ်(၄/၇) မိုင်နေရာတွင် အကျယ်ပေ ၁၀၀၊ အနက် ၃ ဒသမ ၅ ပေခန့်နှင့် မိုင်တိုင်အမှတ် (၅/၃)မိုင်နေရာတွင် အကျယ်ပေ ၁၀၀၊ အနက် ၃ ဒသမ ၀ ပေခန့်၊ ကြိမ်ချောင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၃/၂)မိုင်နေရာတွင် အကျယ် ပေ ၁၂၀၊ အနက် ၃ ဒသမ ၀ ပေခန့်၊ မဲလက်မောင်းကျေးရွာအနီး အကျယ် ပေ ၁၈၀၊ အနက် ၁ ဒသမ ၅ ပေခန့်၊ မင်းဘူး-တပ်တောင်လမ်းအပိုင်း ဂါယ်လောင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၆၀/၀)မိုင် နေရာတွင် အကျယ်ပေ ၅၀၊ အနက် လေးပေခန့်နှင့် တပ်တောင်-ရှူးကားလမ်းအပိုင်း မဝှမ်းကျေးရွာအနီး မိုင်တိုင်အမှတ်( ၁၂/၃) နေရာတွင်ဘေလီတံတား (၇×၅×၁၀) ပေမှာ တံတားအောက်ခြေတိုင်များ ရေတိုက်စားခြင်းကြောင့် တံတားမှာယိုင်နဲ့မှု ဖြစ်ပွားလျက်ရှိသည်။ အဆိုပါ ကားလမ်းရေကျော်သည့်နေရာများတွင် ယာဉ်များသွားလာမှု ရပ်တန့်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မုံရွာမြို့၌ ချင်းတွင်းမြစ်ရေတက်လာခြင်းကိုကာကွယ်ရန် တာရိုးတစ်လျှောက် ရေထိန်းတံခါးများ ပိတ်ထားပြီးဖြစ်

**မုံရွာ ဇူလိုင် ၇**

မုံရွာမြို့၌ ဇူလိုင် ၅ ရက် နံနက် ၇ နာရီ အချိန် တိုင်းတာချက်အရ ချင်းတွင်းမြစ်ရေသည် ၉၇၀ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် မြစ်ရေမြင့်တက်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် မုံရွာမြို့၏ အဓိကကျသော ဘုရားကြီးရပ်ကွက်နှင့် အေးသာယာရပ်ကွက်ရှိ ရေထိန်း တံခါး သုံးခုနှင့်အတူ မုံရွာတာရိုးတစ်လျှောက်ရှိ ရေထိန်းတံခါးများကို ဇူလိုင် ၅ ရက်တွင် အပြီးပိတ်ထားလိုက်ပြီဖြစ်ကြောင်းမုံရွာမြို့ အေးသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"မုံရွာမြို့ရဲ့လူနေထူထပ်ရာ အဓိကရေထိန်းတံခါးတွေဖြစ်တဲ့ ဘုရားကြီးရပ်ကရေတံခါးတစ်ခုနဲ့ အေးသာယာရပ်က ရေတံခါးနှစ်ခုတို့ကိုဇူလိုင် ၅ ရက်နံနက်ပိုင်းမှာ အပြီးပိတ်ပြီးပါပြီ။ ရေတံခါးကရေကျချိန်မှာမြို့ထဲကရေဆိုးထုတ်တဲ့ရေတံခါးဖြစ်ပြီး ရေကြီးလာတဲ့အခါ အဲဒီတံခါးတွေကတစ်ဆင့် ရပ်ကွက်မြောင်းတွေကနေမြစ်ရေဝင်တဲ့အတွက် ကြိုတင်ပိတ်ကြရတာဖြစ်ပါတယ်"ဟု အေးသာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က ပြောသည်။



ချင်းတွင်းမြစ်ရေသည် တစ်ရက်ထက်တစ်ရက် တက်လာပြီး ဇူလိုင် ၅ ရက် နံနက် ၇ နာရီတွင် မုံရွာမြို့အတွက်ချင်းတွင်းမြစ်၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၀၀၀ စင်တီမီတာသို့ရောက်ရန် ၃၀ စင်တီမီတာအလို ၉၇၀ စင်တီမီတာအထိ ရောက်ရှိလာသောကြောင့် မုံရွာတာရိုးတစ်လျှောက်ရှိ ရေထိန်းတံခါးများကို ပိတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

# မူးယစ်ဆေးဝါးများနှင့် ရွှေထည်ပစ္စည်း နှစ်ပိဿာကျော် သိမ်းဆည်းရမိ



**မန္တလေး ဇူလိုင် ၆**

မူးယစ်တပ်ဖွဲ့ ခွဲမှူး(မန္တလေး) ဦးစီးတပ်ဖွဲ့ဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးတပ်ဖွဲ့ဝင်တို့သည် ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က လားရှိုးမူးယစ်ကွင်းဆက်ပြစ်မှုကျူးလွန်သူ ကျော်ဝင်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်၊ ၅၈ × ၆ဉ္စ္စ ညညတွန် ညည-၁၄ အိမ်အမှတ် (၅၅+၇၂)နေအိမ်ခြံဝင်းအား ဝင်ရောက်ရှာဖွေရာ ဆက်စပ်သတင်းအရ ယာဉ်ငါးစီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ၊ နေအိမ်အတွင်းမှ ရွှေတုံးများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါနေရာ၌ ခြံစောင့် အောင်မင်းထွန်း(၃၀ နှစ်) ကလေးမြို့တောင်ပိုင်းကျော်ရွာနေသူအား စစ်ဆေးစဉ် ကျော်ဝင်း၏ ဂိုဒေါင်ဖြစ်သော ပြည်ကြီးတံခွန်မြို့နယ် စက်မှုရပ်ကွက် မင်းကြီးရန်နောင်လမ်းနှင့် မင်းရဲကျော်စွာ လမ်းကြားရှိ ဂိုဒေါင်အား ဆက်လက်ရှာဖွေရာမှ ဂိုဒေါင်အတွင်း၌ MDY 7K/---- Hiace ယာဉ်၊ MDY 2E/---- SURF ယာဉ်၊ MDY 9E/---- Navibator ယာဉ်တို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး MDY 7K/---- Hiace ယာဉ်ပေါ်နှင့် စပယ်ယာဘီးအတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၄၀၀၀၊ 2E/ ---- SURF ယာဉ်၏ စပယ်ယာဘီးနှင့် ဆီတိုင်ကီ အံဝှက်အတွင်းမှ စုစုပေါင်းဆေးပြား ၇၀၀၀၀၀၊ ကားနှစ်စီးပေါ်မှ စုစုပေါင်းဆေးပြား ၁၂၆၄၀၀၀ အလေးချိန် ၁၂၆ ဒသမ ၄ ကီလိုဂရမ် (ကာလတန်ဖိုး တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၆၃၂၀၀) တို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

ထို့အပြင် နေအိမ်ခြံဝင်းအတွင်းရှိ မီးခံသေတ္တာအတွင်းမှလည်း ငွေကျပ်သိန်း ၃၆၀၊ ရွှေတုံး ၁၀ သားရှိ ၁၂ တုံးနှင့် ရွှေထည်ပစ္စည်း လက်ဝတ်ရတနာမျိုးစုံ စုစုပေါင်း အလေးချိန် ၂ ပိဿာ ၁၆ ကျပ်သားတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းက ဥပဒေအရ ဆက်လက်အရေးယူထားကြောင်း သိရသည်။

**သတင်း-တင်မောင်(မန္တလေး)၊ ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)**



# ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင် အိမ် ၂၇ လုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၆**

မန္တလေး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၅၄ လမ်းနှင့် ၅၅ လမ်းကြား မြတ်လေးလမ်းနှင့် နှင်းဆီလမ်းကြားနေ ဇာတ်မင်းသား လှဝင်းအောင်၏ ပေ(၂၀× ၃၀) သွပ်မိုးထရံကာ နှစ်ထပ်နေအိမ် အပေါ်ထပ်မှ ယနေ့ နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က စတင်လောင်ကျွမ်းခဲ့ရာ အနီးဝန်းကျင်မှ အိမ်ခြေ စိစစ်ဆဲ ၂၇ လုံးခန့် မီးကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းဌေး၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မီးသတ်ကား ၅၅ စီးဖြင့် ငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အမှုဖွင့်အရေးယူထားကာ မီးလောင်ကျွမ်းမှု အကြောင်းရင်းကို ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တရားမဝင်အနှိပ်ခန်းနှင့် ကာရာအိုကေအလုပ်သမား ၁၅ ဦးကို ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ကျောက်စိမ်းမြို့တော် ဟိုတယ်၌ တရားမဝင်အနှိပ်ခန်းနှင့် ကာရာအိုကေ လုပ်ကိုင်နေသော မန်နေဂျာနှင့် အမျိုးသမီး ၁၅ ဦးကို ဇူလိုင် ၄ ရက်က ထောင်ဒဏ်ချမှတ်ခဲ့ပြီး သိမ်းဆည်းရမိသည့် ယစ်မျိုးဝင်ပစ္စည်းများနှင့် ပတ်သက်၍ ဇူလိုင် ၁၁ ရက်သို့ ရုံးချိန်း ချိန်းဆိုထားကြောင်း သိရသည်။

ဇူလိုင် ၃ ရက် ည ၁၁ နာရီကျော်တွင် ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်တို့သည် ဟိုတယ်ဇုန်(၂)ရှိ ကျောက်စိမ်းမြို့တော် ဟိုတယ်၌ တရားမဝင်အနှိပ်ခန်း၊ ဆီလူးအနှိပ်ခန်း၊ ကာရာအိုကေနှင့် လိုင်စင်မဲ့အရက်၊ ဘီယာများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ ဟိုတယ်မန်နေဂျာ ထွန်းထွန်းဝင်း(၃၁ နှစ်)နှင့် အတူ အနှိပ်ခန်းဝင် အမျိုးသမီး ရှစ်ဦး၊ ကာရာအိုကေခန်းဝင် အမျိုးသမီး ခုနစ်ဦးတို့ကို ဖမ်းဆီးခဲ့ပြီး ဇူလိုင် ၄ ရက်တွင် ဥတ္တရသီရိမြို့နယ် တရားရုံးက မန်နေဂျာနှင့် ၁၅ ဦးအား ထောင်ဒဏ် ၁၅ ရက်စီ ချမှတ်ခဲ့သည်။

လိုင်စင်မဲ့ရောင်းချနေသော အရက်၊ ဘီယာ ယစ်မျိုးဝင်ပစ္စည်းများနှင့် ပတ်သက်၍ တရားရုံးက လက်ခံစစ်ဆေးကာ ဇူလိုင် ၁၁ ရက်တွင် ရုံးချိန်းပြန်လည်ချိန်းဆိုထားပြီး လိုင်စင်မဲ့ ကေတီဗွီလုပ်ငန်းမှ သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ အကြံပြုချက်တောင်းခံပြီး တရားစွဲတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၆၄)**

# ကွတ်ခိုင်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကွတ်ခိုင် ဇူလိုင် ၆**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် လွယ်ခန်ရွာအတွင်း နယ်မြေခံတပ်မှ ဗိုလ်မှူး ကျော်ကျော်နိုင် ဦးစီးအဖွဲ့နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြင့်သူ ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ မရင်ရင်(၃၀ နှစ်)၏ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ နေအိမ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များပါ စုစုပေါင်းဆပ်ပြာခွက် ၂၀၉၀ စုစုပေါင်းအလေးချိန် ၂၅ ဒသမ ၀၈ ကီလိုခန့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၁၄၄၀၀၀၀ခန့်နှင့် 88 / 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၄၀၉၅၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၄၂၅၀၀၀ ခန့်နှင့် ဘိန်းညိုမှုန့်ဟု ယူဆရသည့် အလေးချိန် ၄၀ ဂရမ်ခန့်ပါ အထုပ်တစ်ထုပ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀ ခန့်အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မရင်ရင်အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**





## အသိပေး ဖိတ်ကြားစာ

ရန်ကုန်ဆန်လှူအသင်းကြီး၏ ဆွမ်းဆန်တော်လှူရေစက်ချအခမ်းအနားကို အသင်းတိုက်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၆၁)ကြိမ်မြောက် ဝါဆိုလ ဆွမ်းဆန်တော်လှူ ရေစက်ချပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသူ အသင်းသား အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်နေ့
၈-၇-၂၀၁၇ ရက် (စနေနေ့)
**အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
**နေရာ** - အမှတ် ၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်

**အမှုဆောင်အဖွဲ့**

## အမည်ပြောင်း

ဦးသိန်းထွန်း၏သမီး မုံရွာမြို့၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်းမှ မခင်ရတီထွန်းအား မခင်ရတီသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဒါန်းပင်ကန်ရွာ၊ အလက(ခွဲ)၊ သတ္တမတန်းမှ မစောယုနွယ်အား မဆုရီနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ခင်ခင်ဝင်း ၁၂/လကန(နိုင်) ၀၂၀၅၀၄ ၏ အမည်ပေါက် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၄)၊ ရှမ်းတောအနောက်တောင်၊ မြေကွက်အမှတ်၅/ဆ၏ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ သက်တမ်းတိုး ဂရန်လျှောက်ထားရန်အတွက် ဂရန်မိတ္တူလျှောက်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဝင်း**
**၁၂/လကန(နိုင်)၀၂၀၅၀၄**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀.၀၀ ပေခန့်မှ ၂၀.၁၀ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောစိုးအောင် ၃/ဘအန(နိုင်)၃၃၇၈၈၄ ၏ မြန်မာနိုင်ငံကူးလက်မှတ် (MA-067506)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၁၀၄၈၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၅၈၆၃၂ Fciling -110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင်စိုး ၉/သစန(နိုင်)၁၄၂၂၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မိတ္ထီလာခရိုင်)**

## ဂိုဒေါင်/မြေကွက်များ ငှား/ဝယ်လိုပါသည်

မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ မြေကွက်များ/ဂိုဒေါင်များကို ဝယ်/ငှားရမ်းလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၇၉၆၈၆၄၆၃၆၊ ၀၉-၄၅၀၀၉၈၅၄၅**
**Email:info@nordic.property**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၅၆၆၂ Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလွင် ၉/မလန(နိုင်)၀၇၆၆၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မိတ္ထီလာခရိုင်)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးမှာကြား

**နေပြည်တော် ဇူလိုင် ၆**

မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၉) ကြိမ်မြောက် ASEAN School Games ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိရေးနှင့် ရေရှည်မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)၌ ကျင်းပသည်။**(ယာပုံ)**



ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က (၉)ကြိမ်မြောက် ASEAN School Games နှင့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြိုင်ပွဲများနီးကပ်လာသည်နှင့်အမျှ အားကစားသမားများ၏ လေ့ကျင့်နေထိုင်စားသောက်ရေးကို ပိုမိုအနီးကပ် ဂရုစိုက်ဆောင်ရွက်ရန်၊ လေ့ကျင့်မှုကို အထောက်အကူပြုစေသော အားဆေးများကို စနစ်တကျတိုက်ကျွေးရေး၊ အစားအသောက်ကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကျွေးမွေးနိုင်ရေး ထိရောက်စွာဆောင်ရွက်ရန်၊ အားကစားသမားများ လေ့ကျင့်မှုအပိုင်း၊ နည်းစနစ်အပိုင်း၊ နည်းပြ၊ အုပ်ချုပ်သူများ (မပါဘဲ) အားကစားသမားများအား သီးသန့်ခေါ်ယူတွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်း ပြန်လည်ဆန်းစစ်ပြီး အကြံဉာဏ်ကောင်းများရရှိရန် အဖွဲ့ဖွဲ့ကာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အားကစားသမားကောင်းများ ရရှိရေး၊ လူငယ်များ ကျန်းမာကြံ့ခိုင်သောသူများ ဖြစ်လာစေရေးအတွက် ကျောင်းသားဘဝမှာပင် အားကစားလေ့လာလိုက်စားစေရန် လိုအပ်ပြီး အခြေခံပညာကျောင်းများရှိ ကျောင်းတိုင်း အားကစားပြုလုပ်ရန်အတွက် မြို့နယ်အားကစားမှူးများမှ သွားရောက်ပညာပေး သရုပ်ပြဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကျောင်းသားအားကစားပွဲတော်များ ကျင်းပနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ သင်ကြားတက်ရောက်ရန်အတွက် စတင်လူရွေးချယ်ရာတွင် သတ်မှတ်ထားသော အားကစားအရည်အချင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုများပြည့်ဝရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တခြားနိုင်ငံများ၌ အားကစားသိပ္ပံကျောင်းများ သင်ကြားနေမှု၊ လူရွေးချယ်မှုများကို သွားရောက်လေ့လာပြီး ပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ အခြေခံကျောင်းများ၌ အားကစားလုပ်ငန်း ပိုမိုဆောင်ရွက်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အထူးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နီးကပ်လာသည်နှင့်အမျှ အောင်မြင်ရေးအတွက် အထူးဂရုစိုက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဲဗာတန်တိုက်စစ်မှူး လူကာကူကိုခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ

မန်ချက်စတာယူနိုက်တက်အသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူကို ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ် အဆိုပါ ဘယ်လ်ဂျီယံလက်ရွေးစင်တိုက်စစ်မှူးသည် ပြီးခဲ့သောရာသီ ပရီမီယာလိဂ်၌ ၂၅ ဂိုးသွင်းယူထားသည်။ ထိုကဲ့သို့သဘောတူညီလိုက်ခြင်းကြောင့် မန်ယူသို့ ရောက်ရှိရန် သတင်းများ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေသော ရီးရဲမက်ဒရစ်တိုက်စစ်မှူး မိုရာတာကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး မေးမှိန်သွားခဲ့ရသည်။

မန်ယူအသင်းသည် တနင်္ဂနွေနေ့တွင် အမေရိကန်သို့ ရာသီအကြိုခြေစမ်းပွဲများ ကစားရန် မထွက်ခွာမီ အသင်းဖော်များနှင့် လာရောက်ပူးပေါင်းရန်အတွက် လူကာကူ၏ အပြောင်းအရွှေ့ကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မျှော်လင့်လျက်ရှိသည်။ ၎င်းသည် ပြီးခဲ့သောရာသီမကုန်ခင်ကတည်းက အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဝုဒ်ဝက်ထံ မော်ရင်ဟို ရွေးချယ်တင်ပြထားသော တိုက်စစ်မှူးများထဲမှ တစ်ယောက်ဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းမှ ချယ်လ်ဆီးအသင်းထံသို့ ရောက်ရှိလာသော လူကာကူသည် ၂၀၁၄ ခုနှစ်တွင် ချယ်လ်ဆီးအသင်းထံသို့ မော်ရင်ဟို ဒုတိယအကြိမ် တာဝန်ယူစဉ်က အဲဗာတန် အသင်းထံသို့ ပေါင် ၂၈ သန်းဖြင့် ရောင်းချခံခဲ့ရသူလည်းဖြစ်သည်။

၎င်း၏ အေးဂျင့်သည် ပြီးခဲ့သောရာသီတွင် ပေါလ်ပေါ့ဘာ၊ ဇလာတန်အီဗရာဟီမိုဗစ်နှင့် အမ်ခီတာရန်တို့သုံးဦးကို မန်ချက်စတာယူနိုက်သို့ ရောက်ရှိအောင် ဆောင်ကြဉ်းပေးခဲ့သော မီနိုရိုင်အိုလာဖြစ်သည်။

**ဇော်ဝိုင်း**




အဲဗာတန်တိုက်စစ်မှူး လူကာကူ


## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## 4Hi Tower 4 Unit Web Offset
## ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော 4Hi Tower 4 Unit Web Offset Printing Machine (1)Set အားဝယ်ယူနိုင်ရန်အတွက် ပုံနှိပ်စက်ရောင်းချနိုင်သော ကုမ္ပဏီများအား ၁၈-၄-၂၀၁၇ရက်မှ ၂၄-၄-၂၀၁၇ရက်အထိ သတင်းစာများတွင်ဖိတ်ခေါ်ခဲ့ပြီးနောက် ကုမ္ပဏီများမှ တင်သွင်းလိုသည့်စက်များအား မိတ်ဆက်ရှင်းလင်းပြသခြင်းကို ၅-၅-၂၀၁၇ရက်တွင်ပြုလုပ်ခဲ့ပါသည်။ အဆိုပါမိတ်ဆက်ရှင်းလင်းပြသချက်များကို အခြေခံကာအရည်အသွေးစိစစ်အကဲဖြတ်အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ခဲ့ကြပြီး ဘဏ္ဍာငွေလျာထားချက်အပေါ်တွင်မူတည်၍ အောက်ပါအတိုင်းဦးစားပေး အဆင့်အလိုက် ဝယ်ယူနိုင်ရန်သတ်မှတ်ခဲ့ပါသည်-

| စက်အမျိုးအစား | ထုတ်လုပ်တပ်ဆင်သည့်နိုင်ငံ | မူလထုတ်လုပ်သည့်နိုင်ငံ |
|---|---|---|
| (က) ပထမဦးစားပေး | | |
| (၁) Solna | Sweden/China | Sweden |
| (၂) Goss | USA/China | USA |
| (ခ) ဒုတိယဦးစားပေး | | |
| (၁) Manugraph | India | India |
| (၂) Orient | India | India |
| (ဂ) တတိယဦးစားပေး | | |
| (၁) Ronald | India | India |
| (၂) Koncept | India | India |
| (၃) NBG | India | India |
| (၄) Roto Star | India | India |
| (၅) Roto Speed | India | India |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၇-၇-၂၀၁၇ရက်မှ ၇-၈-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ၁၅၀၀၀/- ကျပ်နှုန်းဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၈-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းတန်ဖိုး၏ ၁%ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊**
**ရုံးအမှတ်(၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုတိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၀-၇-၂၀၁၇ ရက်မှစ၍ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၇-၂၀၁၇ ရက်၊ နံနက် ၁၁ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၇-၂၀၁၇ ရက်၊ ၁၃း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်းအထူးအဖွဲ့(၁၄)
အောင်ဇေယျတံတားဝင်း၊
လှိုင်သာယာမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၆၄၅၄၀၇၊ ၀၁-၆၄၅၀၄၆**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၄၊မြေကွက်အမှတ်၂၉၄၊ မြေကွက်တည်နေရာအမှတ် ၂၉၄၊ ဘုရင့်နောင်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်ရွှေကျော့ AH-၀၂၁၁၃၃)၊ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရွှေကျော့နှင့် ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးခင်မောင်ထွဋ်တို့အပေါ် တရားပြိုင်ထားကာ ဦးမြင့်သိန်းမှ တရားလိုပြုလုပ်လျက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားမရုံး၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားမကြီးမှုအမှတ် ၁၉၉/၂၀၁၄၏ ၁၀-၇-၂၀၁၅ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၂၄/၂၀၁၆နှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စ/၁၃၅၇၊ Fiat, Saloon(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်းဝင်း ၁၂/ဗဟန(နိုင်)၀၄၆၃၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3141 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**



## မိခင်အမည်မှန်

ပေါင်မြို့နယ် အထက မုတ္တမ တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်ဖြိုးကျော်နှင့် အလက ပုသိမ်ကွင်း၊ အဌမတန်းမှ မဆောင်းနှင်းဖွေးဖွေးတို့၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းနွယ် ၁၀/ပမန(နိုင်)၀၅၄၈၁၁ ဖြစ်ပါသည်။ **ဒေါ်စန်းစန်းနွယ်**



## ဖခင်အမည်မှန်

ပေါင်မြို့နယ် အလက ပုသိမ်ကွင်း အဌမတန်းမှ မသင်းသင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှ ၁၀/ပမန(နိုင်)၂၀၃၁၉ ဖြစ်ပါသည်။

**ဦးထွန်းလှ**



## အမည်မှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ကျေးရွာနေ ဦးမွန်မြင့်အောင် ၁၀/ပမန(နိုင်)၁၂၁၂၄၁နှင့် ဒေါ်တူးမာ ၁၀/ပမန(နိုင်)၁၄၀၈၇၈တို့၏သမီး မကျဲကျဲမွန်၏ အမည်မှန်မှာ မနန္ဒာမြင့်ဖြစ်ပါသည်။

**မနန္ဒာမြင့်**



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အအုံများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ အပ်နှံသော အခြေခံပညာကျောင်းများအသစ် ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Lot (၁၀)ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်/အချိန်** - ၁၁-၇-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၈-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၃။ တင်ဒါစည်းမျဉ်းများ၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
**ဖုန်း-၀၆၇-၅၅၀၀၆၂**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နေပြည်တော်ကောင်စီနယ်မြေ**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**



## အများသိစေရန်

၁။ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပစ္စည်းခွန် စည်းကြပ်လျက်ရှိသည့် ပုသိမ်မြို့ (၆)ရပ်ကွက် မင်းရဲကျော်စွာလမ်း၊ ခွဲပုံအမှတ် ၁၀၆၅ဒေါ်ငွေငွေမြင့်အမည်ဖြင့် စည်းကြပ်ထားသောနေအိမ် အဆောက်အအုံသည် မူလပိုင်ရှင်မှာ ဒေါ်ဇဘေဒါ(ခ)ဒေါ်မြသန်းဖြစ်ပြီး သမီးဖြစ်သူ ဒေါ်ငွေငွေမြင့်အား ယာယီနေထိုင်ခွင့်ပြုထားခဲ့ပါသည်။ ယခုအခါ ဒေါ်ငွေငွေမြင့် ကွယ်လွန်သွား၍ ဒေါ်ငွေငွေမြင့်၏ ခင်ပွန်းဖြစ်သူ ဟာဂျီဟာနစ်(ခ)ဦးကျော်နိုင်ဦးမှ ၎င်းအဆောက်အအုံအား ပိုင်ဆိုင်ကြောင်း တရားလိုပြုတိုင်တန်းသဖြင့် တိုင်း၊ ခရိုင်တရားရုံးများတွင် အမှုရင်ဆိုင်ခဲ့ရာ ဒေါ်ဇဘေဒါ(ခ)ဒေါ်မြသန်းမှ အနိုင်ဒီကရီရရှိခဲ့ပါ၍ ဒေါ်ငွေငွေမြင့် အမည်မှ ဒေါ်မြသန်းအမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲထမ်းဆောင်ခွင့်ပြုပါရန် တိုင်း၊ ခရိုင်တရားရုံး၏အမှုတွဲများ၊ ကတိသစ္စာပြုလွှာမိတ္တူ အခွန်ပြေစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်များနှင့်အတူ တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ဒေါ်ဇဘေဒါ(ခ)ဒေါ်မြသန်း၏ အခွန်ထမ်းအမည်ပြောင်းလျှောက်ထားချက်အပေါ် ကန့်ကွက်လိုပါက ၂၁-၇-၂၀၁၇ရက်နောက်ဆုံးထား၍ အထောက် အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ ကန့်ကွက်လွှာတင်ပြလာခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်ထမ်းအမည် ပြောင်းလဲစည်းကြပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ပုသိမ်မြို့**



## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ ရွှေဟသာတိုက်(၉)အခန်း(၃)နေ ဦးထင်ကျော်-ဒေါ်ရီရီချိုတို့၏သား၊ မောင်ထက်မြက်ထွန်း ၇/ပမန(နိုင်)၂၁၅၄၄၅သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စများကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးထင်ကျော်-ဒေါ်ရီရီချို**



## ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ် မြတောင် အထက၊ တက္ကသိုလ်ဝင်တန်း (ဘောဂဗေဒ)မှ မအလေးမီး၏ ဖခင်အမည်မှန်မှာ ဦးယားဆာ ၉/သပက(နိုင်)၀၂၈၁၈၄ ဖြစ်ပါကြောင်း။ **ဦးယားဆာ**



## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ အိန္ဒာရပ်နေ ဦးခင်မောင်မြင့်-ဒေါ်လှလှမြင့်တို့၏သား မောင်ကျော်ဆန်းဝင်း ၅/ရဘန(နိုင်)၁၃၂၁၁၃သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အရှုပ်အရှင်းများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်မြင့်-ဒေါ်လှလှမြင့်**



## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်း(H)မှ မအေးလှိုင်၏ မိခင်အမည်မှန်မှာ ပုံစံ(၆၆/၆) အရ ဒေါ်သန်းရင်ဖြစ်ပါကြောင်း။

**ဒေါ်သန်းရင်**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၆)

# ရှေ့နေ၏လျှာ မဖြတ်သင့်ပါ



ဦးဟန်ညွန့် (ဥပဒေ)

**ဆန့်ကျင်သည့်**

**"မိမိအစိုးရအား ဆန့်ကျင်သည့်ရှေ့နေမှန်သမျှ၏ လျှာကို ဖြတ်ပစ်ရမည်"**

**(ပုံ)နပိုလီယံ**

**အကြင်နာကင်းမဲ့စွာ**

**"ရှေ့နေများကို အကြင်နာကင်းမဲ့စွာဖြင့် တုတ်နှောင်ထားပြီး သူတို့၏ဘေးတွင် ရက်စက်ကြမ်းကြုတ်သော ခွေးတစ်ကောင်ကို ချုပ်နှောင်ထားသင့်သည်"**

**(ပုံ) ဖရက်ဒရစ်သည်ဂရိတ်**

အထက်ပါအမြင်များသည် သက်ဦးဆံပိုင်အရှင်သခင်များဖြစ်သော "နပိုလီယံ"နှင့် "ဖရက်ဒရစ်သည်ဂရိတ်" တို့၏ အမြင်များဖြစ်ပါသည်။ အာဏာရှင်ဆန်လွန်းလှပါသည်။ ထိုအမြင်များမှာ-"တရားစီရင်ရေးနှင့် ရှေ့နေတို့၏ တာဝန်ရပ်များ" ဆောင်းပါးထဲက ကောက်နုတ်ချက်များလည်းဖြစ်ပါသည်။ အဆိုပါဆောင်းပါးကို **တရားရုံးများညွှန်ကြားလွှာလက်စွဲ (၁၉၄၆-၁၉၇၀)**စာအုပ်တွင် နောက်ဆက်တွဲ(ဂ)အဖြစ် စာမျက်နှာ(၁၈၁)တွင် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ဆက်စပ်နေသော ယနေ့ရှေ့နေလောကအကြောင်းတင်ပြပါရစေ။

**အပြစ်မဲ့သူများ၏ခံတပ်ကြီး**

ဒဿနိကပညာရှင်ကြီး(ရိုဘကပီးယား)ကမူ "**ရှေ့နေဟူသည် အပြစ်မဲ့သူများ၏ ခံတပ်ကြီး၊ ရာဇဝတ်ကောင်များအတွက် ကြာပွတ်**" ဟု သတ်မှတ်တွေးခေါ်ခဲ့ပြန်သည်။ ဤအမြင်၊ ဤအဆိုများသည် ရှေ့နေ၏အလုပ်အပေါ် သုံးသပ်ဝေဖန်ချက်များပင်ဖြစ်သည်။ အများစဉ်းစားနိုင်ပါသည်။ ဆက်လက်ဆွေးနွေးပါရစေ။

**အသံကောင်း၍ စကားကြွယ်**

"ရှေ့နေမှန်ရင်အသံကောင်းဖို့လိုတယ်။ အဆိုကျော်တွေလို အသံကောင်းဖို့ပြောတာမဟုတ်ဘူး။ အသံအောင်ဖို့၊ ကြည်လင်ပြတ်သားဖို့၊ ဖြည်းဖြည်းနှင့်မှန်မှန်ပြောဖို့၊ ကြားစေလိုတဲ့စကား၊ တင်ပြချင်တဲ့ထုံးသာဓကကို တရားသူကြီးသိစေဖို့၊ နားလည်စေဖို့ဖြစ်တယ်။ ပြီးတော့-စကားကြွယ်ဖို့၊ စကားကြွယ်ဖို့ဆိုတာက-စကားများလွန်းခြင်း၊ လျှာရှည်ခြင်းနဲ့ မတူဘူး။ စကားလုံးလှလှပပ၊ ခန့်ခန့်ညားညားနဲ့၊ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်ဖို့၊ တမုဟုတ်ချင်းပြန်လှန်မေးခွန်းတွေ မေးတတ်ဖို့၊ ကြုံကြိုက်ပြဿနာရှင်းတတ်ဖို့၊ သိမ်သိမ်မွေ့မွေ့ဖြစ်ဖို့၊ တရားသူကြီးလက်ခံနိုင်ဖို့ စကားကြွယ်ခြင်းကို ဆိုလိုတယ်" ဟု "**ရှေ့နေပညာ**" စာအုပ်တွင်ဖတ်ရသည်။ **[ဒိုင်ဂျက်စ် ဦးလှအောင် (ဘီအေ၊ ဘီအယ်လ်)၊ လွှတ်တော်ရှေ့နေကြီးရေးသည့် ရှေ့နေပညာ]**

ထို့ကြောင့် အသံကောင်း၍ စကားကြွယ်သော ရှေ့နေသည် ဥပဒေပညာဖြင့် တရားမျှတခြင်းဟူသော လက်နက်ကို စွဲကိုင်၍ မိမိ၏ အမှုအတွက် ခုခံချေပပြောဆိုပေးရသူ၊ အစွမ်းကုန်အမှုလိုက်ပါပေးရသူဖြစ်ကြောင်းနားလည်ရပါသည်။

**ဘယ်သူ့အတွက်စကားပြောမည်လဲ**

မိမိ၏ အမှုသည်အတွက်၊ မိမိ၏အမှုအတွက် လိုက်ပါသူဖြစ်သည်။ ထို့ကြောင့် **အမှုသည်**အတွက်၊ **အမှု**အတွက်စကားပြောမည်။ တင်ပြမည်။ လျှောက်လဲမည်။ အရေးဆိုမည်။

**ဒဿနိကပညာရှင်ကြီး(ရိုဘကပီးယား)ကမူ " ရှေ့နေဟူသည် အပြစ်မဲ့သူများ၏ ခံတပ်ကြီး၊ ရာဇဝတ်ကောင်များအတွက် ကြာပွတ်" ဟု သတ်မှတ်တွေးခေါ်ခဲ့ပြန်သည်။ ဤအမြင်၊ ဤအဆိုများသည် ရှေ့နေ၏အလုပ်အပေါ် သုံးသပ်ဝေဖန်ချက်များပင်ဖြစ်**

အခွင့်အရေးတောင်းမည်။ ပြောချင်တိုင်းပြော၍ ရသလော။ ဘာစကားဖြစ်ဖြစ်ပြောမည်။ ပြောချင်တာပြောမည်။ စည်းလွတ်ဝါးလွတ်ပြောမည်။ ကိုယ်ဖြစ်ချင်တာတစ်ခုတည်းဖြစ်ရမည်။ ဥပဒေမဲ့ပြောမည်။ မရပါ။ မပြောရပါ။ မပြောသင့်ပါ။ အရေးမဆိုသင့်ပါ။ အရေးမဆိုရပါ။ ရှေ့နေတိုင်းသိပြီး၊ တတ်ပြီးသားပါ။ ကိုယ်ဖြစ်ချင်တာ မဖြစ်၍၊ ပါးစပ်ပြောရုံနှင့် မကျေနပ်သေး။ စိတ်လိုက်မာန်ပါဖြင့် တရားသူကြီးအား ကြိမ်းမောင်းသည်။ ဆဲဆိုမည်။ ပေါက်ကွဲမည်။ တစ်စုံတစ်ခုနှင့်ပစ်ပေါက်မည်။ ပါးစပ်သာမက လက်ပါလာပြီ။ လက်ရောက်မှုကျူးလွန်ပြီ။ ဥပဒေမဲ့ပြီ၊ တရားဥပဒေစိုးမိုးရေးထိခိုက်ပြီ။ အရပ်ရပ်အပြည်ပြည်ကျော်၊ ကြားလို့မှမတော်။ အော်...ရင်မောဖွယ်...။

**တရားရုံးဖြစ်သည်လေ**

ရောက်နေသည့်တရားရုံး။ သင်မေ့နေပြီလား။ အမှားအမှန်ဆုံးဖြတ်သည့်နေရာ။ တရားဓမ္မသတ်မြင့်မြတ်သည့်နေရာ။ တရားရုံးသည် လမ်းဘေးဈေးပွဲမဟုတ်။ ဥပဒေစည်းကမ်းဖြင့် တည်ထောင်အပ်သည့်နေရာ။ အခင်းအကျင်း။ နိုင်ငံတော်ကို ကိုယ်စားပြုသည့်အဆောက်အအုံ။ တရားဥပဒေအစီအမံဖြင့် ပြည်သူ့အစိုးရ၏ကိုယ်ပွား။ စဉ်းစားဆုံးဖြတ်သုံးသပ်သည့်ရုံး။ တရားဥပဒေအာဏာ(တရားစီရင်ရေးအာဏာ)အပ်နှင်းခြင်းခံရသူမှာ တရားသူကြီး။ တရားသူကြီးသည် မိမိနှင့် ရန်ဖြစ်ဘက်မဟုတ်။ တရားသူကြီးနှင့်ရှေ့နေ (Bench and Bar) သည် စည်းတားသည့်ကျင့်စဉ်ရှိပြီးသား။ သူ့တာဝန်နှင့်သူ။ သူ့အလုပ်နှင့်သူ။ အပြန်အလှန်လေးစားရသည့်မှုတွေ၊ ဘောင်တွေ၊ စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ ဖတ်လေ၊ မှတ်လေ၊ နားလည်လေ၊ တရားရုံးဖြစ်သည်လေ...။ ရောက်နေသည့်နေရာ မေ့သွားပြီလား။

**တရားမျှတမှန်ကန်မှု**

ဘာအတွက်စကားပြောနေကြသလဲ။ ဘာအတွက်အမှုလိုက်နေကြသလဲ။ ဘာအတွက်အမှုသည်တွေက ရှေ့နေငှားနေကြသလဲ။ တရားမျှတမှု၊ မှန်ကန်မှု၊ သစ္စာတရား၊ မေတ္တာတရားအတွက် မဟုတ်လား။ ဥပဒေမဲ့ ရမ်းကားကြမည်လား။ စဉ်းစားစရာ...။ဘက်မလိုက်သည့်တရားထွန်းကားရမည်ပါ။

**မြန်မာ့တရားစီရင်ရေး၏ဂုဏ်အင်**

ကောင်းမြတ်သောကိုယ်ကျင့်တရား။ မွန်မြတ်ထင်ရှားကျော်ကြားသည့် မြန်မာ့တရားစီရင်ရေး။ မနေ့တစ်နေ့ကမှ ပေါက်ဖွားသော တရားစီရင်ရေးမဟုတ်။ ဖျန်ဖြေသော၊ ငြိမ်းအေးသော၊ အမှုမပွားသော၊ လက်ဖက်စား၍ ကျေအေးခဲ့သော၊ ကြီးသောအမှုငယ်စေ၊ ငယ်သောအမှု ပပျောက်စေခဲ့သော ဂုဏ်သတင်းပျံ့သင်းသည့် မြန်မာ့တရားစီရင်ရေး၏ ဂုဏ်ပုဒ်များ မညစ်နွမ်းစေချင်ပါ။ကောင်းမြတ်သော ကိုယ်ကျင့်တရားပွားများသော မြန်မာ့တရားစီရင်ရေးပါ။ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ တရားနှင့်မတရား၊ ဓမ္မနှင့် အဓမ္မ ခွဲခြားနားလည်သော တရားစီရင်ရေးပါ။ စိတ်ထားသဘောထား သန့်ရှင်း စင်ကြယ်သော တရားစီရင်ရေးပါ။ ရှေ့နေကောင်းပြီး တရားသူကြီးမကောင်းလျှင် ဘာဖြစ်မည်လဲ။ တရားသူကြီး ကိုယ်တိုင်က ကျင့်ဝတ်မညီလျှင် ဤတွင် ဇာတ်လမ်းဆုံးပါပြီ။ တရားခွင်နှင့် ရှေ့နေများအမြင်သဘောထားကွဲပြားကြပြီ။ ဥပဒေမဲ့မဖြစ်ဖို့ အရေးကြီးလှသည်။ ဆုံးဖြတ်မည့် တရားလွဲချော်မသွားဖို့ လိုမည်။ လုပ်ထုံးအစဉ်အလာများ မကွယ်ပျောက်သွားဖို့လိုသည်။

**ကာကွယ်ခုခံပိုင်ခွင့်**

ရှေ့နေတွေ ဘာလုပ်ရမည်လဲ။ စကားပြောရမှာပါ။ ခုခံချေပရမှာပါ။ လျှောက်လဲချက်တင်ဆက်ရမှာပါ။ နစ်နာမှုတွေ ထောက်ပြရမှာပါ။ ဘောင်ထဲကပါ။ စည်းထဲကပါ။ ကမ်းထဲကပါ။ ဥပဒေနှင့်အညီပါ။ ဥပဒေမဲ့ မဟုတ်ပါ။ ဥပဒေအခွင့်အရေးပေးပြီးသားပါ။ မပေးသော အခွင့်အရေးမယူနှင့်။ ဘောင်မကျော်နှင့်။ စည်းမကျော်နှင့်။ ကမ်းမတက်နှင့်။ အမှုစစ်ပါ။ လျှောက်လဲပါ။ စကားပြောပါ။ ရှေ့နေအလုပ်အပြည့်အဝလုပ်ပါ။ တရားသူကြီးသည် ရှေ့နေ၏ ရန်သူမဟုတ်ပါ။ တရားသူကြီးကို ဆဲဆိုရန် မဟုတ်ပါ။ ကြိမ်းမောင်းရန် မဟုတ်ပါ။ လက်ရောက်မှုကျူးလွန်ရန် မဟုတ်ပါ။ နိုင်ငံတော်ကိုယ်စား တာဝန်ထမ်းသူပါ။ မိမိ(ရှေ့နေ)သည်လည်း တရားရုံး၏ အရာရှိပါ။ တရားရုံး၏ အကျိုးဆောင်ပါ။ အခွင့်အမိန့်ရ ရှေ့နေပါ။ အပြန်အလှန် နားလည်ပါ။ ဤသို့ဆိုလျှင် ပြဿနာမဖြစ်ပါ။

**တရားသူကြီး၏ မြင့်မြတ်သောဂုဏ်**

နိုင်ငံတော်၏ ကိုယ်စားမြင့်မြတ်သော ဂုဏ်ဒြပ်ဖြင့် တရားစီရင်သူ။ တရားသူကြီး။ ထိုထိုသော ပုဂ္ဂိုလ်ကြီးများ၏ တာဝန်ကား ရှေ့နေ ရှေ့ရပ်များထက်ပိုသည်။ ပိုမိုဂရုပြုရမည်။ ပိုမိုဂုဏ်ထိန်းသိမ်းသူဖြစ်ရမည်။ တရားခွင်စင်မြင့်တွင် ဘဝင်မြင့်ရန်မဟုတ်။ မြင်မြင်သမျှသူ ငါ့ရန်သူဟု အတွေးမမှားစေနှင့်။ "မြင်မြင်သမျှ တရားခံပဲကွ" ဟု အမှတ်မှားဖူးသော တရားသူကြီး လူငယ်ပေါက်စအချို့ တွေ့ဖူးသည်။ စာရေးသူလည်း "ဒီပုတ်ထဲ က ဒီပဲ" ဖြစ်ဖူးသည်။ Bench and Bar မှားကြစေနှင့်။ ကိုယ်ကိုယ်တိုင် ရှေ့နေဖြစ်မှ ပို၍သိသည်။ စင်မြင့်မှာ နေစဉ်က ဘဝင်မြင့်ခဲ့သူသည် (တစ်ချိန်မှာ) စင်အောက်ရောက်သည့်အခါသစ္စာသဘော၊ မေတ္တာသဘောတွေ ပို၍နားလည်သွားတတ်လေသည်။ "ဒီရှေ့နေတော့ ငါဟောက် လိုက်မည်။ ငေါက်လိုက်မည်။ အထက်စီးနှင့် ပျက်စီးစေလိုက် မည်" ဟူသော မနောမပြောကြနှင့်။ မဆိုကြနှင့်။ မပိုကြနှင့်။ သန့်သန့်ရှင်းရှင်း၊ ချစ်ခင်ခြင်းစေတနာ၊ တရားဥပဒေသစ္စာ သည်သာ ရေရှည်တရား။ တရားစီရင်ရေးဥပဒေ၏ အနှစ်သာရ၊ အပြန်အလှန်စောင့်စည်းအပ်သော လုပ်ထုံးလုပ်နည်းသည်သာ လူထုကြားမှာ ထင်ရှားမည်။ တည်တံ့မည်။ အရိုအသေပြုသည်။

**ရှေ့နေများကောင်စီ (BAR COUNCIL)**

ရှေ့နေများကောင်စီ (Bar Council)ကလည်း သင့်လျော်သော ထိန်းကျောင်းမှုများပြုမည်။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း များပြားသော တရားစီရင်ရေးကိစ္စများ အဖြေထုတ်မည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဥပဒေအစီအမံများ ဆောင်ရွက်မည်။ ရှေ့နေအသင်းများကလည်း ညှိနှိုင်းတင်ပြကြမည်။ ပြောစရာ၊ ဆိုစရာတွေ၊ မဖြစ်သင့်တာတွေ မဖြစ်ရအောင် တာဝန်ရှိသူအပေါင်း စုပေါင်းညီညာ အောင်ကြောင်းဖြာစေလိုသည်။ မသိချင်ယောင်ဆောင်နေကြမည်လား...။

**ဆရာကြီးသဘော မပြောပါ**

ပြည်သူ့တရားစီရင်ရေးခေတ်က တရားသူကြီးလုပ်ခဲ့။ ရှေ့နေချုပ်ရုံးမှာ ဥပဒေအရာရှိတာဝန်ထမ်းခဲ့။ အငြိမ်းစားယူပြီး တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်ဖြစ်နေသော [စာရေးသူ ကျွန်တော့်အနေနှင့်] ဆရာကြီးသဘော မပြောပါ။ မပြောရဲပါ။ ပြောရဲ၊ ရေးရဲသည်မှာ ဥပဒေဘောင်ထဲကပါ။ ပုဂ္ဂိုလ်ရေး တင်ပြချက်မပါ။ Bench and Bar စီမံချက်များသာပါ။ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ (2016 Annual Report, The Supreme Court of the Union)ကို ဖတ်ရှုပြီး အကြံပြုတင်ပြချက် ရေးခြင်းလည်းဖြစ်ပါသည်ခင်ဗျာ။ မန္တလေးရှေ့နေအသင်းက စေတနာဖြင့် ဝေငှသော ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ စာတမ်းစာအုပ်သည်လည်း (ဤအချိန်တွင်) အရေးပါလှပါသည်။ အခြားအခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ် ရှေ့နေအသင်းများကလည်း ရှေ့နေကျင့်ဝတ်သိက္ခာစောင့်စည်းစရာ စာအုပ်စာတမ်းတွေ ဝေငှကြဦးမည်။ လက်ဆင့်ကမ်းကြဦးမည်။ အချင်းချင်း ထိန်းပေးကြဦးမည်။ မမှားသော ရှေ့နေ၊ မသေသောဆေးသမားမရှိ။ သိပြီးသားဖြစ်ကြပါသည်။ ဥပဒေသိပြီး၊ တတ်ပြီး၊ ပညာရှိရှေ့နေကြီးများဖြစ်ကြပါပေသည်။ ပညာရှိသတိဖြစ်ခဲ မဖြစ်ဖို့သာ လိုပေဦးမည်။

**စေတနာ**

(၁) **"ရှေ့နေစကားမယုံနှင့်။ လျှာအရိုးမရှိတိုင်းပြောချင်တာပြောနေသူ"** ဟု ဆူဆူပူပူ၊ ငြူငြူစူစူ အထင်မှားနေသူများအား၊ အမှန်တရားစဉ်းစားစေချင်ပါသည်။ မဝေဝါးစေချင်ပါ။ မထွေပြားစေချင်ပါ။

(၂) **ဆန့်ကျင်သည့် ရှေ့နေမှန်သမျှ၏ လျှာကို ဖြတ်ပစ်ရမည်**ဟူသော နပိုလီယံ၏စကား မှားပါသည်။ မှားကြောင်းသိသူများလာပြီ။ **ဆန့်ကျင်ခြင်း**နှင့် **ဝေဖန်ခြင်း**မှာ အလျဉ်းမတူညီပါ။ အများသိစေပါ။

(၃) ကြာကြာတွေးလေ **"ရှေ့နေ၏ လျှာမဖြတ်သင့်ပါ"** ဟု ခိုင်ခိုင်မာမာ၊ ယုံယုံကြည်ကြည်တွေးမိသော၊ ယခု(ရှေ့နေတစ်ဦးဖြစ်သော)ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ...။

## ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ဒေသခံများစိုးရိမ်လျက်ရှိ

**ရွှေတောင် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ သရက်တောရပ်ကွက် မင်းတဲလမ်း၊ ကမ်းနားဘက်ခြမ်းရှိနေအိမ်များသည် ရောဝတီမြစ်ရေတိုက်စားပြိုကျမှုများနီးကပ်လာသည့်အတွက် ဒေသခံများကစိုးရိမ်လျက်ရှိကြောင်း သိရသည်။

မြစ်ရေတိုက်စားမှုမှာ လွန်ခဲ့သည့်နှစ်များတွင်စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ပိုမိုဆိုးရွားလာကာအိမ်ခြေ ၄၀ ခန့် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း ဒေသခံများက ပြောသည်။

"ဒီရေလှိုင်းလုံးတွေက တဝုန်းဝုန်းရိုက်ခတ်နေတော့ ကျွန်မတို့မှာ ညညဆိုအိပ်လို့မပျော်ပါဘူး။ ကလေးတွေကလည်းရှိတော့ ကိုယ့်အိမ်မှာတောင်ကိုယ်မအိပ်ရဲဘူး။ တခြားနေရာတွေမှာ ရွှေ့ပြောင်းအိပ်နေရတာပါ။ အဲဒါကြောင့် ကျွန်မတို့ကိုလိုအပ်သလိုအကူအညီလေးတွေပေးစေချင်ပါတယ်" ဟု မင်းတဲလမ်းနေ မနွယ်နီဝင်းက ပြောသည်။

ယခင်ကကမ်းပါးနှင့်ပေ ၃၀၀ ခန့်အကွာအဝေးရှိခဲ့သော်လည်း မြစ်ရေ တိုက်စားမှုသည် ဇွန်လနှောင်းပိုင်းလောက်မှစတင်၍ ရေစီးကြမ်းလာခြင်း၊ မြစ်ရေတက်ခြင်းများဖြစ်ကာ လူနေအိမ်များနှင့် နှစ်ပေခန့်အထိနီးကပ်လာနေပြီဖြစ်ကြောင်းသိရကာ အကူအညီများလည်းလိုအပ်နေကြောင်း ဒေသခံများကဆက်လက်ပြောသည်။



လတ်တလောတိုင်းဒေသကြီး ကိုယ်စားလှယ်ဦးညွန့်ဝေနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မူခင်းကျဆင်းရေးဟောပြော

**လက်ပံတန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး၊ သာရဝေါနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းနိုင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၅ရက်က ရေကြည်အုပ်စု ရေကြည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မူခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပရာ ကျေးရွာနေပြည်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး က မူခင်းကျဆင်းရေးအသိပညာပေးဟောပြောပြီး နယ်မြေရဲစခန်းမှူး ရဲအုပ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (၀၅၃)

# အစားအသောက် ထုတ်လုပ်တဲ့သူမှသည် စားသုံးသူဆီ ရောက်တဲ့အထိ ဘေးအန္တရာယ်ကင်းဖို့ အရေးကြီး

**သတင်းအဖွဲ့**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ် ဦးဆောင်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ အဖွဲ့ဝင်များသည် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဘုရင့်နောင်ပွဲရုံမှတာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်တို့မှ အဖွဲ့ဝင်များဖြင့် အဖွဲ့(၆)ဖွဲ့ခွဲ၍ ဇူလိုင် ၁ ရက်က ဘုရင့်နောင်ကုန်စည် ဒိုင်အတွင်း အစားအသောက်အမယ် ၁၀၀ ကျော်ကို Sample ဝယ်ယူ စစ်ဆေးခဲ့ပြီး(Spot Test) များအတွက် ရွှေ့လျားဓာတ်ခွဲယာဉ်ဖြင့်လည်းကောင်း၊ (Confirmatory Test)များအတွက် ဓာတ်ခွဲခန်းသို့ပေးပို့ စစ်ဆေးခြင်းဖြင့်လည်းကောင်း ရှောင်တခင် ဈေးကွက်ထောက်လှမ်းခြင်းကို ဆောင်ရွက်ခဲ့သည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA အနေဖြင့် ပြည်သူများ အစားအသောက်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၇ခုနှစ်အတွင်း ဈေးကွက်ထောက်လှမ်းစစ်ဆေးမှုများ အရှိန်မြှင့်ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်။

**မေး။ ဘုရင့်နောင်ဒိုင်တွေမှာ ရှောင်တခင်ဈေးကွက် ထောက်လှမ်းခြင်း လှုပ်ရှားမှုပြုလုပ်ရတဲ့ အကြောင်းရင်းကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ဘုရင့်နောင်ဈေးကို အခုလို လာရောက်စစ်ဆေးရတာက အစားအသောက်ဘေးအန္တရာယ်လုံခြုံစိတ်ချရမှု (Food Safety) ရရှိဖို့အတွက် အစားအသောက် ကွင်းဆက်တစ်လျှောက် (Food Supply Chain) စဉ်းစားဖို့လိုအပ်ပါတယ်။ From Farm to Fork ဘေးကင်းဖို့ လိုပါတယ်။ အစားအသောက် ထုတ်လုပ်တဲ့သူမှသည် စားသုံးသူဆီရောက်တဲ့အထိ ဘေးအန္တရာယ်ကင်းဖို့ အရေးကြီးပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ဟာဆိုရင် အစားအသောက်ကုန်ကြမ်း၊ အသင့်စား အစားအသောက်တွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ထုတ်လုပ်တဲ့ အစားအသောက်တွေနဲ့ပတ်သက်ပြီးတော့ လက်ကားဖြန့်တဲ့ နေရာကြီးဖြစ်ပါတယ်။ လက်ကားဖြန့်တဲ့နေရာဖြစ်တဲ့အတွက် Food Chain မှာအရေးကြီးတဲ့နေရာဖြစ်ပြီး Food Safety အတွက် ဘုရင့်နောင်ဒိုင်တွေကိုစစ်ဆေးဖို့လိုအပ်ပါတယ်။

သန်း ၅၀ကျော်သော ပြည်သူတွေစားသုံးနေကြတဲ့ ဘုရင့်နောင်ဒိုင်က အစားအသောက်တွေမှာ အန္တရာယ်ဘယ်လောက်ရှိမလဲ၊ ဒီအန္တရာယ်တွေကို ရေတို ရေရှည် ဘယ်လိုဖြေရှင်းမလဲ၊ အဲ့ဒီအချက်တွေအတွက် လာရောက်စစ်ဆေးခြင်းဖြစ်ပါတယ်။ ဒါက ရောင်းချနေတဲ့ လက်ကားဒိုင်တွေ၊ ဝယ်ယူဖြန့်ဖြူးကြသူတွေ၊ စားသုံးသူတွေအနေနဲ့ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး Awareness ရစေချင်ပါတယ်။ အသိပညာပေးမှုတွေကိုလည်း စစ်ဆေးခြင်းနဲ့ တစ်ပြိုင်တည်းဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ဥပမာ Food Safety အကြောင်း၊ ဆိုးဆေးတွေအကြောင်း၊ Alflatoxin အကြောင်း စသည်ဖြင့် စစ်ဆေးရင်းနဲ့ ပညာပေးခြင်းတို့ကိုတွဲပြီး ပြုလုပ်သွားမှာဖြစ်ပါတယ်။ အစားအသောက် အန္တရာယ်သာမက အစားအသောက်ဥပဒေအကြောင်းအရာတွေကိုပါ ရှင်းလင်းသွားမှာဖြစ်ပါတယ်။ ဒ့ါအတွက်ကြောင့် ပညာလည်းပေးသွားမယ်၊ အဆင့်လိုက်အရေးယူမှုတွေလည်းပြုလုပ်သွားမှာ ဖြစ်ကြောင်းပြောကြားလိုပါတယ်။

**မေး။ ဒီကနေ့ ဘုရင့်နောင်ဒိုင်ကို စစ်ဆေးရာမှာ ဘယ်အဖွဲ့တွေပူးပေါင်းပါဝင်ပြီး ဘာတွေဆောင်ရွက်မယ်ဆိုတာကို ပြောပြပေးပါ။**

ဖြေ။ အဓိကအားဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ငါးပိ၊ ငါးခြောက်၊ ရေထွက်ပစ္စည်းတွေ၊ စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ ပဲအမျိုးမျိုး၊ ဆန်အမျိုးမျိုး၊ ကြက်သွန်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ Sauce အမျိုးမျိုးစတဲ့ အမယ်ပေါင်းမြောက်မြားစွာရှိပါတယ်။ FDAက အဖွဲ့ (၆) ဖွဲ့ ခွဲပြီး ဝင်ရောက်စစ်ဆေးမှာ ဖြစ်ပါတယ်၊ ကြည့်သင့်တဲ့၊ စစ်သင့်တဲ့ ဆိုင်အားလုံးကို စစ်ဆေးတည့်မတ်သွားမှာဖြစ်ပါတယ်။ စစ်ဆေးခြင်းဟာ Surprise Action ရှောင်တခင် စစ်ဆေးခြင်းဖြစ်ပြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဘုရင့်နောင်ပွဲရုံက တာဝန်ရှိသူတွေ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ပူးပေါင်းပါဝင်ပြီး ဥပဒေနဲ့အညီ စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ စစ်ဆေးမှုတွေအမြဲတမ်း Sustain ဖြစ်နေဖို့အတွက် ဘုရင့်နောင် ဒိုင်က တာဝန်ရှိသူတွေကလည်း လိုလားတာကိုတွေ့ရှိရပါတယ်။ FDA ကိုကြိုဆိုကြပါတယ်။ စစ်ဆေးမှုကို ယခုတစ်ကြိမ် စစ်ဆေးရုံသာမကပုံမှန်စစ်ဆေးဖို့ လိုအပ်ကြောင်း ထောက်ခံပြောကြားကြပါတယ်။

FDA အနေနဲ့ သုံးလတစ်ကြိမ် ဝင်ရောက်စစ်ဆေးမှာဖြစ်ပြီး စစ်ဆေးတွေ့ရှိချက်တွေကို အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ခုကတော့ Administrative Action စီမံခန့်ခွဲမှုအရ အရေးယူခြင်းဖြစ်ပြီး အဲဒီအပိုင်းမှာ ပညာပေးခြင်း၊ ခံဝန်လက်မှတ်ထိုးခြင်း Spot Test Inspection တွေမှာ တွေ့ရှိတာတွေကိုအများရှေ့မှာ သိမ်းဆည်းပြီး ဖျက်ဆီးအရေးယူခြင်းနဲ့ အချိန်ကာလ သတ်မှတ်ချက်နဲ့ ဆိုင်ပိတ်ခြင်းတို့နဲ့ အရေးယူပါမယ်။ First Time ကတော့ Administrative Action ဖြစ်ပါတယ်။

ဒုတိယအပိုင်းအနေနဲ့ Criminal Action (အစားအသောက်ဥပဒေအရတရားစွဲဆို အရေးယူခြင်း)အနေနဲ့ Administrative Action ပြီးနောက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးယူတဲ့အပိုင်းကတော့ Step by Step သွားခြင်းဖြစ်ပါတယ်။



FDA အနေနဲ့ကတော့ Safety and Trade Facilitation ဆောင်ရွက်ရာမှာ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်နေတဲ့ ရောင်းဝယ်ဖောက်ကားသူတွေ၊ ၎င်းတို့နဲ့နီးနွှယ်နေတဲ့ပြည်သူတွေရဲ့ စားဝတ်နေရေး၊ ရောင်းဝယ်ဖောက်ကားမှုတွေ အဆင်ပြေချောမွေ့စေရေးကိုသတိပြုဆောင်ရွက်သလို ပြည်သူတွေရဲ့ Safetyအတွက် အလေးထားရပါတယ်။ ဘယ်ဟာကိုရွေးမလဲဆိုရင်တော့ ကျွန်တော့်အနေနဲ့က ပြည်သူတွေရဲ့ Safetyကိုရွေးပါမယ်။ အရေးယူတဲ့နေရာမှာတော့ Administrative Action ရော Criminal Action ပါနှစ်ခုစလုံးနဲ့ ဆောင်ရွက်နေပါတယ်။ ဘုရင့်နောင်ဈေးကတော့ ပထမအကြိမ်ဖြစ်တဲ့အတွက် စားသုံးရန် မသင့်တဲ့ကိစ္စတွေ တွေ့ရှိရင် Administrative Action အဖြစ်ဆောင်ရွက်မှာဖြစ်ပြီး နောက်သုံးလအကြာ စစ်ဆေးချိန်မှာတွေ့ပြီ ဆိုရင်တော့ Criminal Action ဝင်သွားမှာဖြစ်ပါတယ်။

**မေး။ FDAရဲ့ဆက်လက်ဆောင်ရွက်သွားမယ့် အစီအမံတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ စားသုံးသူတွေအတွက် Safety ဟာ FDAရဲ့ အဓိကရည်မှန်းချက်ဖြစ်ပြီး အစားအသောက်၊ ဆေးဝါး၊ အလှကုန်နဲ့ဆေးပစ္စည်းအားလုံးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ FDAရဲ့ အဓိကတာဝန်မှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပထမ အပိုင်းဟာ Premarket Assessment အနေနဲ့ ဈေးကွက်မတင်မီ ကုန်ပစ္စည်းတွေရဲ့ Safety and Quality ကို စစ်ဆေးခြင်းဖြစ်ပြီးအရည်အသွေးပြည့်မီတဲ့ပစ္စည်းတွေ ဈေးကွက်အတွင်း ဝင်ရောက်စေခြင်းဖြစ်ပါတယ်။

ဒုတိယအပိုင်းကတော့ ဈေးကွက်တင်ပြီးနောက် ဈေးကွက်မှာ ရောင်းဝယ်နေတဲ့ ပစ္စည်းတွေရဲ့ Safety and Quality ကိုစစ်ဆေးခြင်းဖြစ်ပါတယ်။ Post Market Surveillance ဖြစ်ပါတယ်။ FDA အနေနဲ့ Premarket Assessment ကို ပုံမှန်ဆောင်ရွက်နေသလို ဒီနှစ်မှာတော့ Post Market Surveillance (PMS) ကို ပိုပြီးလုပ်ဆောင်မယ့် နှစ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် Market ဟာ Public Direct Access ဖြစ်ပြီး ပြည်သူအများဟာ Market က ဝယ်စားတာဖြစ်ပါတယ်။ ဒါကြောင့် (PMS) ဟာ အလွန်အရေးကြီးပါတယ်။ ၂၀၁၇ ခုနှစ်ကို The Year of PMS လို့သတ်မှတ်ထားပါတယ်။ တစ်တိုင်းပြည်လုံးအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကလည်းFood Safetyနဲ့ ပတ်သက်ပြီးအလွန်အလေးထားပါတယ်။ ကျွန်တော့်ကိုလည်းအရေးကြီးတဲ့လမ်းညွှန်ချက်တွေပေးထားပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်းသိမ်ကြီးဈေးကြီးကို စစ်ဆေးခဲ့ပြီး နောင်ရန်ကုန်တစ်မြို့လုံးအတိုင်းအတာအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဈေးအားလုံးနီးပါးကို PMS Scheduleနဲ့ ဆောင်ရွက်မှာဖြစ်ပြီး တစ်ကြိမ်သွားပြီးရုံနဲ့ မဟုတ်ဘဲ Continuous and Sustained Action ဖြစ်အောင် ဆောင်ရွက်ဖို့ရှိပါတယ်။

**မေး။ အခြားဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောပြပေးပါ။**

ဖြေ။ မိဘပြည်သူတွေကိုအသိပေးလိုတာကတော့ နိုင်ငံတော်အကြီးအကဲများကလည်း ပြည်သူတွေရဲ့ Food Safetyအစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ဖို့ လိုလားပါတယ်။ အစားအသောက်အန္တရာယ်ကို ထိရောက်စွာ မဆောင်ရွက်နိုင်ရင် ရောဂါဘယများခြင်း၊ ကင်ဆာအဖြစ်များ ခြင်းစတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေလာပါလိမ့်မယ်။ မိဘပြည်သူတွေအတွက် အစားအသောက်ဘေးအန္တရာယ်ကင်း ရှင်းရေးဆိုင်ရာ FDAရဲ့ဆောင်ရွက်နေမှုတွေကို ထိရောက်မှုရှိအောင် အစွမ်းကုန်ကြိုးပမ်းနေပါတယ်၊ ဒါပေမယ့် ပြည်သူတွေပါမှ ရပါမယ်။ ပြည်သူတွေရဲ့တစ်ခဲနက်ထောက်ခံအားပေး မှုလိုပါတယ်။ စစ်ဆေးကြပ်မတ်မှုတွေကို ထောက်ခံဖို့လိုပါတယ်။ ပညာပေးတာတွေကိုလိုက်နာဖို့လိုပါတယ်။ ပြည်သူတွေရဲ့Awareness ရရှိပြီး ပူးပေါင်းပါဝင်မှုကလည်းအရေးကြီးလှပါတယ်။ ဥပမာ ငရုတ်သီးဆိုရင်ရဲနေမှ၊ ငါးပိဆိုရင် ပန်းရောင် ထနေမှအရသာရှိမယ်၊ ကောင်းမယ်ထင်တာမျိုးမလုပ်ဘဲ ကိုယ့်အန္တရာယ်ကို ဂရုစိုက်ဖို့လိုပါတယ်။ အစားအသောက်ဆိုင်ရာ Manufactured date တွေ၊ Expired date တွေကို ဖတ်ကြည့်တာမျိုးစသည်ဖြင့် သတိလေးထားပြီးစားစေချင်ပါတယ်။ နိုင်ငံတကာ Practice အရလည်း ဘာပဲဝယ်ဝယ်၊ ဘာပဲစားစား Labelling ဆိုင်ရာတွေကိုကြည့်ရှုရွေးချယ်လေ့ရှိကြပါတယ်။ ထို့အတူပဲ ကျွန်တော်တို့တိုင်းပြည်မှာ ကိုယ်စားမယ့် အစားအသောက်တွေကို တိုင်းသူပြည်သား မိဘပြည်သူများ ဂရုတစိုက်စားသောက်ကြဖို့နဲ့ ကျွန်တော်တို့ FDA အနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် ဆောင်ရွက်ချက်တွေမှာလည်း ပူးပေါင်းပါဝင်ပေးစေလိုကြောင်း မေတ္တာရပ်ခံအပ်ပါတယ်။

## တကားကျေးရွာသို့ သွားရောက်ဆေးကုသပေးသော ဆရာဝန်ကြီးများ ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိ

**ခန္တီး ဇူလိုင် ၆**

ကူးစက်ရောဂါများကြောင့် လူသေဆုံးမှုများရှိသည်ဟု သတင်းရရှိသောကြောင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် တကားကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ဆောင်ရွက်ပေးရန် ခန္တီးခရိုင် ကျန်းမာရေးဝန်ထမ်းများက ဇွန် ၂၈ ရက်က စက်လှေဖြင့် ခန္တီးမြို့မှ စတင် ထွက်ခွာရာ ယင်းနေ့မှာ တကားကျေးရွာသို့ ရောက်ရှိခဲ့သည်။



ရောဂါရှာဖွေရေးလုပ်ငန်းများဆောင်ရွက်စဉ်

အဆိုပါ ကျန်းမာရေးဝန်ထမ်းများသည် ရှေးဦးရောက်နေပြီးဖြစ်သော တပ်မတော်ဆေးကုသရေး အဖွဲ့များ၊ နယ်မြေခံကျန်းမာရေး ဝန်ထမ်းများနှင့်အတူ တကားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ၌ ဆေးကုသရေးလုပ်ငန်းများနှင့် ပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တပ်မတော်ဆေးကုသရေးအဖွဲ့ နှင့်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးမှုတ်ပေးခြင်းလုပ်ငန်းများကိုလည်းကောင်း၊တုပ်ကွေး၊ ချောင်းဆိုး၊ရင်ကျပ်၊ အအေးမိ၊ နှာစေး၊ ငှက်ဖျား၊ တီဘီ၊ သွေးလွန်တုပ်ကွေး၊ ဆီးချိုသွေးချို စသော ရောဂါများ ရှိ/မရှိ ကွင်းဆင်းစမ်းသပ်ဆောင်ရွက်ပေးခဲ့သည်။



ကျေးရွာအတွင်း ခြင်နှိမ်နင်းရေးဆောင်ရွက်စဉ်

ဒေသခံပြည်သူများ လာရောက်ပြသသူအများစုမှာ စိုးရိမ်စရာမရှိသော သာမန်ဖျားနာခြင်းများသာ ဖြစ်ကြောင်း၊ လာရောက်ကုသသူများမှာ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါများမဟုတ်ကြောင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများသာဖြစ်ကြောင်း၊ သေဆုံးသူများမှာလည်း ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းများကြောင့် ဆေးဝါးကုသမှုခံယူခြင်းမရှိသူများသာ သေဆုံးရခြင်းဖြစ်ကြောင်းနှင့် ကျန်းမာရေးဗဟုသုတမြှင့်တင်ပေးရန်နှင့် လုံလောက်သော ဆေးဝါးများထောက်ပံ့ပေးရန် လိုအပ်ကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်စိန်က ပြောသည်

**ခေါင်ရည်ချို(ပြန်/ဆက်)**

# ဖန်မျက်လုံးနှင့် အဝါရောင်အတွေးများ

မြင့်ထွေး(ဟိုတယ် / ခရီး)

*ယမန်နေ့မှအဆက်*

ဝေးလံခေါင်သီသော ဒေသများသို့ သွားရောက်လေ့လာလည်ပတ်သော ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်း၊ ဧည့်ရိပ်သာများမရှိ၍လည်းကောင်း၊ ဟိုတယ်၊ တည်းခိုခန်းများရှိရာသို့ သွားရောက်ရန်မဖြစ်နိုင်တော့သည့် အခြေအနေများတွင်လည်းကောင်း၊ ကျေးရွာရှိနေအိမ်များတွင် အရေးပေါ်တည်းခိုနေထိုင်ခြင်းကို နားလည်ပေးနိုင်သော်လည်း ဟိုတယ်ကြီးများရှိနေသော မြို့ကြီးများ၌ Home Stay ကို ပြုလုပ်လိုခြင်းကား အရုပ်ဆိုးအကျည်းတန်လွန်းလှပါသည်။

ထို့အတူပင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဟိုတယ်၊ တည်းခိုခန်းများကို အဆင့်အတန်းအလိုက် သတ်မှတ်ချက်များထားရှိပြီး အဆင့်အတန်းနှင့်အညီ လိုင်စင်များထုတ်ပေးလျက်ရှိသော်လည်း နိုင်ငံခြားသားများ တည်းခိုရန်သင့်လျော်သည့် အကျယ်အဝန်း၊ Facilities များပါဝင်ခြင်းမရှိဘဲ အခန်းကျဉ်းထဲတွင် နှစ်ထပ်၊ သုံးထပ် အိပ်စင်များအားထားရှိကာ စုပေါင်းအိပ်ခန်း၊ စုပေါင်းအိမ်သာ၊ စုပေါင်းရေချိုးခန်းဖြင့် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုရန်ဆောင်ရွက်နေသည့် Bed and Breakfast (B & B) အမျိုးအစားများကိုလည်း တီထွင်ဖန်တီးလုပ်ဆောင်ချင်နေကြသည်။

တရားမဝင် ခိုးကြောင်ခိုးဝှက်လုပ်နေသော Bed and Breakfast (B & B)/ Home Stay များကို နေ့ဥစ္စာကြွယ်ဝသော ရန်ကုန်မြို့လူကုံတန်ရပ်ကွက်တွင် ဆောင်ရွက်နေသည်ဟု ကြားသိရသည်။ လိုင်စင်မရှိ၊ ဧည့်စာရင်းပေးပို့မှုမရှိ၊ အခွန်ဆောင်မှုမရှိ၊ မည်သည့်ဧည့်သည် အမျိုးအစားမှန်းတောင်မသိရသောသူများကို အဆင့်အတန်းမမီစွာ ခိုးကြောင်ခိုးဝှက်တည်းခိုခွင့်ပြုလုပ်ချင်နေသော ပုဂ္ဂိုလ်အချို့၏ စိတ်ဓာတ်များကား ကြောက်စရာကောင်းလှသည်။ သည်သတင်းသာ တိကျခိုင်မာပါက မည်သို့သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည်၊ မည်မျှထိ ဥပဒေအား ချိုးဖောက်နေသည်ကို တိတိပပ ဆန်းစစ်ရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းအမျိုးအစားများစွာရှိသည့်အနက် မိမိတို့နိုင်ငံ၊ မိမိတို့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ခရီးသွားလုပ်ငန်းအမျိုးအစားဖြင့်သာ ခရီးသွားလုပ်ငန်းကို ဖော်ဆောင်မှသာလျှင် နိုင်ငံနှင့်လူမျိုးတို့အတွက် အကျိုးပြုမည်ဖြစ်ပါသည်။ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများကို စနစ်တကျသတ်မှတ်ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းမရှိသေးသည့် Bed and Breakfast / Home Stay ကဲ့သို့သော အခြေအနေများကို ဆောင်ရွက်ပါက အလွန်အန္တရာယ်ကြီးမားလှပါသည်။

ဝန်ကြီးဌာန၏ ဆောင်ရွက်မှုမှန်သမျှအား အနုတ်လက္ခဏာအသွင်ဖြင့် ဆောင်ရွက်နေသူများအပြင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သဘာဝနှင့် ဆီလျော်မှုမရှိသာ ကမ္ဘာလှည့်ခရီးသည်နှင့် တစ်အိမ်ထဲ နေထိုင်ခြင်းကို နိုင်ငံတကာတွင် ဆောင်ရွက်နေသောပုံစံအတိုင်း အတင်းသွတ်သွင်းကာ မြန်မာ့လူနေမှုပုံစံကို လိုသလိုပုံစံချချင်နေကြသူများလည်း ရှိနေသည်။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို ဘေးဖယ်၍ ခရီးသွားလုပ်ငန်းကို စိတ်ကြိုက်ဖန်တီးပုံဖော်ရန် ကြိုးစားလျှင် မှားလိမ့်မည်ဖြစ်သည်။ အမှားသည် ပျော်ဝင်မှုလွယ်ကူလွန်းသော်လည်း မှားမှန်းသိနေသည့် အရာတစ်ခုကို မျက်ကွယ်ပြုခွင့်ပြုလိုက်ပြီးပါက ပြင်ဆင်ရန် ခက်ခဲလွန်းလှပါသည်။

နိုင်ငံတကာတွင် ဆောင်ရွက်နေသော လုပ်ငန်းမျိုးဖြစ်၍ ပိတ်ပင်တားဆီး၍ ရမည်တော့မဟုတ်၊ သို့သော် အဆိုပါယဉ်ကျေးမှုကို မြန်မာနိုင်ငံတွင် ယဉ်ပါးအောင် အသိပညာဖြန့်ဝေပေးဖို့ အချိန်ယူကြရဦးမည်ဖြစ်ပါသည်။ မည်မျှပင် ခရီးသွားလုပ်ငန်းအပေါ် အကျိုးရှိသည်ဖြစ်စေ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကိုထိခိုက်မည်ဆိုပါက တားမြစ်၊ ပိတ်ပင်၊ ငြင်းပယ်ရမည်ဖြစ်ပါသည်။

**ကျွန်တော်တို့တစ်ခန်း၊ တစ်ရက်သုံးဒေါ်လာသာသုံးနိုင်သော Eco Tourist (သို့မဟုတ်) Budget Tourist ကို လူတစ်သန်းလာအောင် မျှော်လင့်မလား၊ တစ်ခန်း၊ တစ်ရက်ဒေါ်လာ ၁၀၀၀ သုံးနိုင်သော Luxury Tourist တစ်သိန်းလာတာကို မျှော်လင့်မလား၊ ကျွန်တော်တို့ မှန်ကန်စွာရွေးချယ်ကြရမည်ဖြစ်**

ပြင်သစ်နိုင်ငံသည် ခရီးသွားလုပ်ငန်း၌ ရှေးဦးစတင်သောနိုင်ငံများတွင်ပါဝင်ပြီး ခရီးသွားလုပ်ငန်းကို အလွန်အားပေးသော နိုင်ငံဖြစ်ကာ ခရီးသွားလုပ်ငန်းဖြင့် အောင်မြင်နေသောနိုင်ငံလည်း ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ခရီးသည် ၈၅ သန်းလာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံရရှိခဲ့ကြောင်းနှင့် ပြင်သစ်နိုင်ငံ၏ GDP တွင် ၇ ရာခိုင်နှုန်းပါဝင်ကာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အလုပ်အကိုင်အခွင့်အလမ်းပေါင်းနှစ်သန်းဖန်တီးပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ နိုင်ငံရှိခရီးသွား ပညာရှင်များက မြန်မာနိုင်ငံတွင် ဆောင်ရွက်သင့်သော အချက်များကို အကြံပြုထားပါသည်။

အဆိုပါ အကြံပြုချက်များတွင် တိကျသောစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ရန်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မှုခိုင်မာရန်၊ ခရီးသွားဧည့်သည်အမျိုးမျိုးတို့၏ အလေ့အထများကို သေချာစွာနားလည်သဘောပေါက်အောင် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောအချိန်တွင် Luxury Tourist ကိုသာ မျှော်မှန်းလုပ်ဆောင်ရန် စသည့်အကြံအဉာဏ်များဖြစ်ပါသည်။

နိုင်ငံအချို့တွင် ခရီးသွားပုဂ္ဂိုလ်များ၏ အဆင့်အတန်းကိုလိုက်၍၊ တည်းခိုနေထိုင်မှုပုံစံကို ပြင်ဆင်လက်ခံဆောင်ရွက်ကြပါသည်။ ဥပမာ တစ်ခန်း၊ တစ်ရက်လျှင် အမေရိကန် ဒေါ်လာ ၁၀၀၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ဒေါ်လာ ၅၀၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ဒေါ်လာ ၃၀၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ဒေါ်လာ ၁၀၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ဒေါ်လာ ၅၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ၃၅ ဒေါ်လာသုံးနိုင်သောပုဂ္ဂိုလ်၊ ဒေါ်လာ ၁၀ သုံးနိုင်သောပုဂ္ဂိုလ်၊ ၃ ဒေါ်လာသုံးနိုင်သောပုဂ္ဂိုလ်စသည့် အတန်းအစားအမျိုးမျိုးအလိုက် တည်းခိုနိုင်ရန် Accomodation ကို ဆောင်ရွက်လေ့ရှိကြပါသည်။ ကျွန်တော်တို့ တစ်ခန်း၊ တစ်ရက်သုံးဒေါ်လာသာ သုံးနိုင်သော Eco Tourist (သို့မဟုတ်) Budget Tourist ကို လူတစ်သန်းလာအောင် မျှော်လင့် မလား၊ တစ်ခန်း၊ တစ်ရက် ဒေါ်လာ ၁၀၀၀ သုံးနိုင်သော Luxury Tourist တစ်သိန်းလာ တာကို မျှော်လင့်မလား၊ ကျွန်တော်တို့ မှန်ကန်စွာရွေးချယ် ကြရမည် ဖြစ်ပါသည်။ အဆိုပါ Luxury Tourist များ၏ ဈေးကွက်ရရှိရေး၊ လာရောက်လည်ပတ်ရေး၊ လာရောက်သည့်အခါ အသင့်ဖြစ်စေရေးအတွက်တော့ ကျွန်တော်တို့တစ်တွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခုလတ်တလောတွင်လည်း ၂၀၁၆ ခုနှစ် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ကိန်းဂဏန်းများကို ကြည့်၍ခရီးသွားလုပ်ငန်း မျှော်မှန်းသလောက် မအောင်မြင်ကြောင်း၊ ကျဆင်းနေကြောင်း ပြောဆိုကြပြန်သည်။ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့သော ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ၄ ဒသမ ၆၈ သန်းမှာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုမပြုဘဲ နယ်စပ်ဂိတ်အသီးသီးမှ ဝင်ရောက်မှုအားလုံးကို ထည့်သွင်းတွက်ချက်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင်မူအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အတည်ပြုသည့် ၂ ဒသမ ၉ သန်းကိုသာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ ကိန်းဂဏန်း နှစ်ခုကို ကြည့်၍ ခရီးသွားလုပ်ငန်းကျဆင်းသည်ဟု ယေဘုယျ ပြောဆိုနေခြင်းဖြစ်ပါသည်။

အစိုးရသစ်၏ လက်တွေ့ဆောင်ရွက်မှုများအပေါ် ဂရုပြုကြည့်ရှုသုံးသပ်ရန် လိုအပ်သည့်အပြင် ၂၀၁၆ ခုနှစ် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ကိန်းဂဏန်းသာ တိကျမှန်ကန်သည့် ကိန်းဂဏန်းဖြစ်ပါသည်။ ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ၁ ဒသမ ၅ သန်းကျော်ရှိနေပြီး ယခင်နှစ် အလားတူကာလတွင် ၁ ဒသမ ၂ သန်း ဝင်ရောက်ခဲ့သဖြင့် ၂၅ ရာခိုင်နှုန်းတိုးမြင့်လာသည်ကို တွေ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုကို ၃ ဒသမ ၅ သန်း ခန့်မှန်းထားရာ ယခုတိုးတက်မှုနှုန်းဖြင့် မှန်းဆပါကခန့်မှန်းချက် ပြည့်မီလိမ့်မည်ဟု မှန်းဆရပါသည်။

ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် အပြုသဘောမဆောင်သော၊ အနုတ်လက္ခဏာဆောင်သော၊ ပြစ်တင်ဝေဖန်ပုတ်ခတ်လိုသော၊ တိုက်ခိုက်လိုသူအချို့ကား ၎င်းတို့၏ စိတ်နေစိတ်ထားများအတိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဦးမည်မဟုတ်ဘဲ၊ အများနှင့်မတူ တစ်လမ်းသွားလမ်း ဖောက်နေကြဦးမည်ဖြစ်သည့်အပြင် ကြည်လင်မှုမရှိသော ဖန်မျက်လုံးများဖြင့် အမြဲတစေကြည့်ရှုကာ အပြုသဘောမဆောင်သော အဝါရောင်အတွေးခေါ်များဖြင့် ဆက်လက်ရှင်သန်နေထိုင်ကြဦးမည် ထင်ပါသည်။

အဆိုပါ ပုဂ္ဂိုလ်တို့တွင်လည်း ထိုက်သင့်သောအတွေ့အကြုံ၊ ကောင်းမွန်သော အကြံဉာဏ်များရှိသဖြင့် အပြုသဘောဆောင်ကာ အများနှင့်အတူ ပူးပေါင်းပါဝင်လာမည်ဆိုပါက ကျွန်တော်တို့ ချီတက်နေသည့် ခရီးသွားလုပ်ငန်းကြီး အချိန်တိုအတွင်း ချောမွေ့စွာအောင်မြင်လိမ့်မည်ဟု ယုံကြည်နေမိပါသည်။

## အခြေခံကွန်ပျူတာ နည်းပညာပြန့်ပွားရေးသင်တန်းဆင်း

**ကျောက်တန်း ဇူလိုင် ၆**

ရန်ကုန်တောင်ပိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျောက်တန်းမြို့နယ်ကျေးလက်ဦးစီးဌာနမှကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်ဆက်သွယ်ရေးနည်းပညာအခန်းကဏ္ဍအားခေတ်နှင့်အညီ ထိရောက်စွာသုံးစွဲတတ်ရန်အတွက်ခေတ်မီကွန်ပျူတာနည်းပညာရပ်များကို ကျေးလက်နေလူငယ်များသင်ယူတတ်မြောက်စေရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သော အခြေခံကွန်ပျူတာနည်းပညာပြန့်ပွားရေး အမှတ်စဉ် ( ၂ / ၂၀၁၇ ) သင်တန်းဆင်းပွဲကို ဇူလိုင် ၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ် တံတားမြို့အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းသင်တန်းကျောင်း၌ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူးနှင့် မြို့ပေါ်လေးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားသင်တန်းသူ ၅၁ ဦးတို့တက်ရောက်ခဲ့ကြသည် ။

သင်တန်းဆင်းပွဲ၌ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပနှင့်မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းတို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး သင်တန်းတွင်ထူးချွန်စွာအောင်မြင်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည် ။

အလားတူ အခြေခံကွန်ပျူတာနည်းပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် ( ၁ / ၂၀၁၇ )သင်တန်းဆင်းပွဲကိုလည်းဇူလိုင် ၄ ရက်က ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ ဓမ္မာရုံ၌ကျင်းပရာ ကျေးရွာမှလူငယ်သင်တန်းသားသင်တန်းသူ ၄၀ တို့ တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။




ဆင်သေဆည်ရေသောက်ဖြင့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း နွေစပါး စိုက်တောင်သူများသည် စပါးများကို ဇွန်လအတွင်းမှစတင်၍ အမိုးအကာအောက်ရောက်ရှိရေးနှင့် မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေစဉ် တင်စိုးလွင်

## ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ဓမ္မသဘင်ကျင်းပမည်

**ပေါင်းတည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွှေကျောင်းကြီးတိုက် အာဂမဇောတိကာရုံစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော် ၉၅ ပါးတို့ကို ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့အပြင် ၁၃၇၈ ခုနှစ်တွင် ကျင်းပသော ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော ဓမ္မာစရိယ နှစ်ပါး၊ ပထမကြီးတန်းသုံးပါး၊ ပထမလတ်တန်း၁၃ ပါး၊ ပထမငယ်တန်း ရှစ်ပါး၊ အခြေပြုမူလတန်းကိုးပါးနှင့် အခြေပြုမူလတန်းတွင် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင် ပထမဖြင့်အောင်မြင်သော သံဃာတော်တို့ကို ပရိယတ္တိသာသနာ နုဂ္ဂဟဓမ္မပူဇာသဘင်အား ဝါဆိုလပြည့်နေ့တွင် အဆိုပါစာသင်တိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ခြင်ဆေး(အခမဲ့)ပက်ဖျန်း

**ဗန်းမောက် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မိုးရာသီရောက်ရှိလာပြီးဖြစ်သဖြင့် ခြင်ပေါက်ပွားနှုန်းပိုလာနိုင်သည်နှင့်အညီ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် Bio-King ၁၀၀ ရာခိုင်နှုန်း Power ကျန်းမာရေးမြှင့်တင်မှုအဖွဲ့တာဝန်ခံ ဦးဝေလင်းဖြိုးနှင့် အောင်သာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောချစ်ထူးတို့နှင့် ပူးပေါင်းအဖွဲ့သည် အောင်သာကုန်းကျေးရွာအုပ်စုအတွင်းရှိ ခြင်ပေါက်ပွားနိုင်သောနေရာများ၊ ရေဆိုးထုတ်မြောင်းများနှင့် လူနေအိမ်များ၊ စာသင်ကျောင်းများကို ဇူလိုင် ၄ ရက်က ခြင်ဆေးရည်ပက်ဖျန်းပေးခဲ့သည်။

အဆိုပါ ခြင်ဆေးရည်ပက်ဖျန်းရာတွင် အောင်သာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ပရီမီယာလိဂ်ပြိုင်ဆိုင်မှုကို ဆွဲမြှင့်မယ့်နယူးကာဆယ်

ဝေမိုးဆက်



| အသင်းမှတ်တမ်း | | | အောင်မြင်မှုများ | | |
|---|---|---|---|---|---|
| တည်ထောင်သည့်နှစ် | - | ၁၈၉၂ | ပထမတန်းချန်ပီယံ (ယခုပရီမီယာလိဂ်) | - | ၄ ကြိမ် (၁၉၀၄-၀၅၊ ၁၉၀၆-၀၇၊ ၁၉၀၈-၀၉၊ ၁၉၂၆-၂၇) |
| အမည်ပြောင် | - | The Magpies | | | |
| အိမ်ကွင်း | - | စိန့်ဂျိမ်းပတ်ခ် | | | |
| ဝင်ဆံ့မှု | - | ၅၂၃၅၄ | အက်ဖ်အေဖလားချန်ပီယံ | - | ၆ ကြိမ် (၁၉၁၀၊ ၁၉၂၄၊ ၁၉၃၂၊ ၁၉၅၁၊ ၁၉၅၂၊ ၁၉၅၅) |
| ပိုင်ရှင် | - | မိုက်အက်ရှ်လေ | | | |
| မန်နေဂျာ | - | ဘင်နီတက်ဇ် | | | |
| ကပ္ပတိန် | - | လက်စ်ဆဲလ်လက်စ် | ကွန်မြူနတီဒိုင်းချန်ပီယံ | - | ၁ ကြိမ် (၁၉၀၉) |

လာမယ့်ရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ နယူးကာဆယ်ပြန်ကစားခွင့်ရပြီ။ တကယ်တော့နယူးကာဆယ်ဟာ အင်္ဂလန်ဘောလုံးလောကမှာ ထိပ်တန်းအသင်းတစ်သင်းဖြစ်တာနဲ့အညီ နယူးကာဆယ်အနေနဲ့ အခုလိုပရီမီယာလိဂ်ကို ပြန်လည် ရောက်ရှိလာခြင်းဟာ အင်္ဂလန်ဘောလုံးလောကအတွက် ကောင်းမွန်မှုတစ်ခုဖြစ်တယ်လို့ဆိုကြတယ်။ ပြောရမယ်ဆိုရင် နယူးကာဆယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲကြီးစတင် ပေါ်ပေါက်ကတည်းကအဆိုပါပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

နယူးကာဆယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲရယ်လို့စတင်ဖြစ်ပေါ်ခဲ့တဲ့ ၁၉၉၃-၉၄ ရာသီကစတင်ကာ ၂၀၀၈-၀၉ ရာသီအထိ ပရီမီယာလိဂ်မှာတောက်လျှောက်ကျင်လည်ခဲ့တဲ့အသင်းဖြစ်ပြီး ၂၀၀၈-၀၉ ရာသီအပြီးမှာလိဂ် ချန်ပီယံရှစ်ကိုဆင်းခဲ့ရပေမယ့် ၂၀၁၀-၁၁ ပရီမီယာလိဂ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နယူးကာဆယ်ဟာ အဲဒီနောက်မှာလည်း ပရီမီယာလိဂ်မှာ တောက်လျှောက်ရပ်တည်နိုင်ခဲ့ပြီး ၂၀၁၅-၁၆ ရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အဆင့် ၁၈ နေရာမှာသာ ရပ်တည်နိုင်ခဲ့လို့ လိဂ်ချန်ပီယံရှစ်ကို ဆင်းခဲ့ရပေမယ့်လည်း အခုလိုတစ်နှစ်အတွင်းမှာတင် ချန်ပီယံအဖြစ်နဲ့ ပရီမီယာလိဂ်ကိုပြန်လည်တက်လှမ်းလာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် နယူးကာဆယ်ဟာ အင်္ဂလန်ဘောလုံးလောကမှာလည်း အရေးပါတဲ့ဆုဖလားတွေကို ရယူနိုင်ခဲ့ဖူးတဲ့အသင်းဖြစ်ပြီး အရင်ကအင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ပထမတန်းအမှတ်ပေး ချန်ပီယံဆုဖလားကို လေးကြိမ်တိုင်တိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အက်ဖ် အေဖလားကိုလည်း ခြောက်ကြိမ်တိုင်တိုင် ရ ယူနိုင်ခဲ့သလို ကွန်မြူနတီဒိုင်းကိုလည်း တစ်ကြိမ် ရယူနိုင်ခဲ့ဖူးတာကြောင့် နယူးကာဆယ်ကိုထိပ်တန်းအသင်းတစ်သင်းလို့တောင် ဆိုနိုင်ပါတယ်။

ပြောရမယ်ဆိုရင် ၁၈၉၂ ခုနှစ်မှာ အသင်းကို စတင်တည်ထောင်ခဲ့တဲ့ နယူးကာဆယ်ဟာ စတင်တည်ထောင်ချိန်ကနေ ဘောလုံးရာသီ ခြောက်ရာသီအကြာ ၁၈၉၈-၉၉ ရာသီမှာတင်အဲဒီတုန်းက အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံးပထမတန်းပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းရဲ့ သက်တမ်းဟာ အခုဆိုရင် ၁၂၄ နှစ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ အဆိုပါကာ လအတွင်းမှာ နယူးကာဆယ်ဟာ အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲ (ယခင်ပထမတန်း၊ ယခုပရီမီယာလိဂ်) မှာ စုစုပေါင်း ဘောလုံးရာသီ ၈၆ ရာသီကျင်လည်နိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နယူးကာဆယ်ဟာ ၁၉၇၇-၇၈ ဘောလုံးရာသီမှာဆိုရင် ယူရိုပါလိဂ်မှာ ဒုတိယဆုလည်းရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

၁၉၀၀ ပြည့်လွန်နှစ်တွေကတော့ နယူးကာဆယ်ရဲ့အအောင်မြင်ဆုံးကာလတွေလို့ ဆိုနိုင်ပြီး အဆိုပါ ကာလအတွင်း အင်္ဂလန်ပထမတန်းပြိုင်ပွဲရဲ့ချန်ပီယံဆုကို သုံးကြိမ်ရယူနိုင်ခဲ့တဲ့အပြင် အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ချန်ပီယံဆုတစ်ကြိမ်၊ ဒုတိယဆုသုံးကြိမ်ရရှိခဲ့ကာ ကွန်မြူနတီဒိုင်းကိုလည်း ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီနောက် နယူးကာဆယ်ဟာ အောင်မြင်မှုတွေနဲ့ တစ်စတစ်စ ဝေးကွာခဲ့ရပေမယ့်လည်း အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲအတွင်းမှာတော့ ကာလရှည်ကြာ ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း နယူးကာဆယ်လိုအသင်း ပရီမီယာလိဂ်ကို ပြန်လည်ရောက်ရှိလာနိုင်ခြင်းဟာ အင်္ဂလန်ဘောလုံးလောကရဲ့အဆင့်အတန်းကို ပိုမိုမြင့်မားစေတယ်လို့ ဆိုကြတာဖြစ်သလို လက်ရှိ နယူးကာဆယ်မှ ကမ္ဘာ့ထိပ်တန်း မန်နေဂျာ ဘင်နီတက်ဇ်ပါဝင်နေခြင်းကလည်း ပရီမီယာလိဂ်ရဲ့အားပြိုင်မှု ကိုပိုမိုမြင့်မားစေတယ်လို့ဆိုရမှာဖြစ်ပါတယ်။

ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ်အတွေ့အကြုံပြည့်ဝသူတစ်ဦးဖြစ်ပြီး လီဗာပူးနဲ့အတူ ဘောလုံးရာသီ ခြောက်ရာသီကြာ ပရီမီယာလိဂ်မှာ ကျင်လည်ခဲ့သလို ချယ်လ်ဆီးနဲ့လည်း တစ်ရာသီနီးပါး၊ နယူးကာဆယ်နဲ့လည်း ရာသီဝက်ခန့် ကျင်လည်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ဘင်နီတက်ဇ်ဟာ ဗလန်စီယာလိုအသင်းကိုတောင် ရီးရဲ၊ ဘာစီလိုနာတို့လို အသင်းတွေကို ကျော်ဖြတ်ပြီး လာလီဂါ ချန်ပီယံဆု နှစ်ကြိမ်ရယူပေးခဲ့သူဖြစ်ကာ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ်၊ ယူရိုပါလိဂ်ဆုဖလားနှစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ်၊ ကမ္ဘာ့ကလပ်ချန်ပီယံများဖလား တစ်ကြိမ် ရယူနိုင်ခဲ့သူဖြစ်တာကြောင့် လက်ရှိပရီမီယာလိဂ်မှာ အဓိကအဖြစ်ရှိနေတဲ့ မော်ရင်ညို၊ ဂွါဒီယိုလာ၊ ကွန်တီ၊ ပိုချက်တီနို၊ အာစင်ဝင်းဂါးတို့လိုမန်နေဂျာတွေနဲ့တောင် ပုခုံးချင်းယှဉ်နိုင်တဲ့သူလို့ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် နယူးကာဆယ်မှာ မီထရိုဗစ်၊ အရိုဇီပီရက်၊ ဂါလေ၊ ရှယ်လ်ဗေးလ် တို့လိုကစားသမားကောင်းတွေအများ အပြားပါဝင်လာမှာဖြစ်တာကြောင့် လက်ရှိအချိန်မှာ နယူးကာဆယ်အနေနဲ့ထိမိတဲ့ အင်အားဖြည့်တင်းမှုလုံလုံလောက်လောက် ပြုလုပ်ထားခြင်းမရှိဘဲ ချယ်လ်ဆီးလူငယ်ခံစစ်မှူး ခရစ္စတီယန် အက်ဆုတစ်ဦးကိုသာခေါ်ယူထားနိုင်ခဲ့ပေမယ့်တန်းတက်အသင်းတွေအနက် ပရီမီယာလိဂ်မှာဆက်လက်ရပ်တည်နိုင်ဖို့စိန်အခေါ်နိုင်ဆုံးအသင်းအဖြစ်လည်း ရှိနေပါတယ်။

ပြောမယ်ဆိုရင်တော့ နယူးကာဆယ်ဟာ သမိုင်းကြောင်းကောင်းတွေ ရှိခဲ့တဲ့အသင်းဖြစ်သလို အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးအမှတ်ပေးပြိုင်ပွဲကို တက်ရောက်ခွင့်ရရှိခဲ့ပြီးတဲ့နောက် ချက်ချင်းတန်းပြန်မဆင်းရတဲ့ အစဉ်အလာကောင်းတွေလည်း ရှိနေခဲ့ပါတယ်။ ဒါ့အပြင် နယူးကာဆယ်ဟာလက်ရှိအချိန်မှာထိပ်တန်းမန်နေဂျာ ဦးဆောင်နေသလို ကစားသမားကောင်းအချို့လည်း ရှိနေတာကြောင့် လာမယ့်နှစ်ပရီမီယာလိဂ်မှာအသင်းတိုင်းက သတိထားရင်ဆိုင်ရမယ့်အသင်း ဖြစ်နေတယ်လို့သာဆိုရမှာ ဖြစ်ပါတယ်။ ။

**နယူးကာဆယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲရယ်လို့စတင်ဖြစ်ပေါ်ခဲ့တဲ့ ၁၉၉၃-၉၄ ရာသီကစတင်ကာ ၂၀၀၈-၀၉ ရာသီအထိ ပရီမီယာလိဂ်မှာတောက်လျှောက်ကျင်လည်ခဲ့တဲ့အသင်းဖြစ်ပြီး ၂၀၀၈-၀၉ ရာသီအပြီးမှာလိဂ် ချန်ပီယံရှစ်ကိုဆင်းခဲ့ရပေမယ့် ၂၀၁၀-၁၁ ပရီမီယာလိဂ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။**

# ဘက်ရှီးတပ်စ်အသင်းအား ခံစစ်မှူး ပီပီ အံ့အားသင့်ဖွယ် ရွေးချယ်ခဲ့

ပေါ်တူဂီအသင်း ခံစစ်မှူး ပီပီသည် တူရကီကလပ် ဘက်ရှီးတပ်စ် အသင်းနှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် ဘက်ရှီးတပ်စ်အသင်းက ခံစစ်မှူး ပီပီအား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဆိုသည့် သတင်းများကို ငြင်းဆိုခဲ့သော်လည်း ဇူလိုင်လ ၄ ရက်တွင် ပီပီအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ခံစစ်မှူး ပီပီနှင့် ဘက်ရှီးတပ်စ်အသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်သက်တမ်းကိုမူ ဘက်ရှီးတပ်စ်အသင်းက ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိခဲ့ပေ။

ခံစစ်မှူး ပီပီသည် ပြီးခဲ့သည့် ဇွန် ၃၀ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ရီးရဲအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။ အစောပိုင်းတွင် ခံစစ်မှူး ပီပီ (၃၄နှစ်) သည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ပြီး ဆေးစစ်ဆေးမှုများပင် ခံယူခဲ့သူ ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဘက်ရှီးတပ်စ်အသင်းသို့သာ ပြောင်းရွှေ့ရန် ပြောင်းလဲဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဗဟိုခံစစ်မှူး ပီပီသည် ၂၀၀၇ ခုနှစ်ကတည်းက ရီးရဲမက်ဒရစ်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ရီးရဲအတွက် စုစုပေါင်း ၃၃၄ ပွဲ ပါဝင်ကစားခဲ့ကာ ၁၅ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ပီပီသည် ရီးရဲအသင်းနှင့်အတူ လာလီဂါချန်ပီယံဆုဖလားနှင့် ချန်ပီယံလိဂ်ဆုဖလားတို့ကို သုံးကြိမ်စီရရှိခဲ့သူဖြစ်သော်လည်း ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီ၌ စပိန်လာလီဂါပွဲ ၁၃ ပွဲအပါအဝင် စုစုပေါင်း ၁၈ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်း၏ ဗဟိုခံစစ်မှူးတစ်ဦးဖြစ်သူ ဒီယေဂိုလော် ရန်တီသည်လည်း ဆိုစီဒက်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် ရီးရဲအသင်းတွင် ဗဟိုခံစစ်နေရာအတွက် ရာမို့စ်၊ နာချိုနှင့် ဗာရာနီတို့သာ ကျန်ရှိတော့သည်။




**အစောပိုင်းတွင် ခံစစ်မှူး ပီပီ (၃၄နှစ်)သည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ပြီး ဆေးစစ်ဆေးမှုများပင် ခံယူခဲ့သူ ဖြစ်သည်။**

# ပရီမီယာလိဂ်တွင် နယူးကာဆယ် ရှန်းကန်ရနိုင်ကြောင်း တင်မ်ရှားဝုဒ် သုံးသပ်



၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ် ပြိုင်ပွဲသို့တန်းတက်ခွင့် ရရှိထားသည့် နယူးကာဆယ်အသင်းအနေဖြင့် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်းကို အားဖြည့်ရန်အတွက် ကစားသမားကောင်းများ ခေါ်ယူနိုင်ရန် ခက်ခဲလိမ့်မည်ဖြစ်သောကြောင့် ပရီမီယာလိဂ်တွင် ရှုန်းကန်ရနိုင်ကြောင်း စပါးနှင့် အက်စ်တွန်ဗီလာအသင်း မန်နေဂျာဟောင်း တင်မ်ရှားဝုဒ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

နယူးကာဆယ်အသင်းသည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီအကုန် တွင် ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ရသော်လည်း ၂၀၁၆-၁၇ ခုနှစ် အင်္ဂလန် လိဂ်ချန်ပီယံရှစ် ပြိုင်ပွဲ၌ ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိထားသည်။ နယူးကာဆယ်အသင်းသည် လက်ရှိအချိန်တွင် ချယ်လ်ဆီးကွင်း လယ်ကစားသမား ခရစ္စတီယန်အက်ဆု (၂၅နှစ်)အား ပြောင်းရွှေ့ကြေး ပေါင် ၆ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ အီဘာအသင်းခံစစ်မှူး ဖလိုရင်လီဂျူနီ (၂၆နှစ်) အား ပေါင် ၈ ဒသမ ၇ သန်းဖြင့်လည်းကောင်း ခေါ်ယူထားသည်။

တွေ့ဆုံပွဲတစ်ခုတွင် မန်နေဂျာဟောင်း တင်မ်ရှားဝုဒ်က "နယူးကာဆယ်အသင်းအပေါ် မလေးစားတာတော့မဟုတ်ပါဘူး။ ဒါပေမယ့် နယူးကာဆယ်အသင်း ခေါ်ယူချင်တဲ့ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ကစားသမားတွေဟာ ပရီမီယာလိဂ်အသင်းကြီးတွေကိုသာ ပြောင်းရွှေ့ဖို့လိုလားကြမှာပါ။ နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေက ပါးနပ်မှုရှိတဲ့ စီးပွားရေးသမားတစ်ဦးပါ။ ဒါပေမယ့် သူ့အနေနဲ့ မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်အတွက် လုံလောက်တဲ့ ငွေကြေးပမာဏကို စိုက်ထုတ်ပေးဖို့လိုပါတယ်။ တန်းတက်လာတဲ့အသင်းသုံးသင်းစလုံးမှာ တန်းပြန်ဆင်းရမယ့် အန္တရာယ်ကို ရှောင်လွှဲနိုင်မယ့် အခွင့်အရေး ဆတူရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု ပြောဆိုခဲ့သည်။

မန်နေဂျာဟောင်း တင်မ်ရှားဝုဒ်သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် အက်စတွန်ဗီလာအသင်း မန်နေဂျာရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီး နောက် မန်နေဂျာလောကနှင့် ကင်းကွာနေသူ ဖြစ်သည်။



**မန်ယူအသင်းနည်းပြဟောင်းဖြစ်သူ မူလန်စတီးက အသက် ၂၄ နှစ် အရွယ်တိုက်စစ်မှူး မိုရာတာဟာ အခွင့်အရေးတွေ ဖန်တီးနိုင်စွမ်းရှိရုံသာမက လျင်မြန်စွာရွေ့လျား ကစားနိုင်စွမ်းရှိတဲ့သူလို့လည်း ထုတ်ဖော်ချီးကျူးခဲ့ပါတယ်။**

# မျှော်ကြည့်မိတဲ့ မန်ယူအသင်းနဲ့ အရည်အသွေးမြင့် တိုက်စစ်မှူးမိုရာတာ



● အောင်က

အကြောင်းအခြင်းအရာအားလုံးကို ခြုံငုံကြည့်မယ်ဆိုရင် ဒီနှစ်နွေရာသီဟာ တိုက်စစ်မှူးမိုရာတာအတွက် အသင်းကနေ ထွက်ရမယ့်ရာသီလို့ ဆိုရမယ်။ မိုရာတာရဲ့ပြီးခဲ့တဲ့ရာသီကတော့ အကောင်း၊ အဆိုးရောထွေးလွန်းတဲ့ရာသီလို့ ပြောရမယ်။ သူ့အနေနဲ့အသင်းမှာ ပွဲထွက်ကစားခွင့်ရတဲ့ပွဲထက် သွင်းဂိုးက ပိုများနေတယ်လို့ဆိုရမယ်။ သူဟာခြေစွမ်းကောင်းပေမယ့် အသင်းမှာ ပွဲထွက်ကစားခွင့်ရရှိဖို့အတွက် အခွင့်အရေးနည်းပါးလွန်းတဲ့သူလည်းဖြစ်တယ်။ ဇီဒန်းနဲ့သူ့ကြားမှာလည်း ဆက်ဆံရေးပိုင်းက သိပ်မကောင်းတာကြောင့် ဘာနေဗျူးဟာသူ့အတွက် နေချင်စရာကောင်းတဲ့ နေရာအဖြစ် ရှိမနေပါဘူး။

ဒါကြောင့်လည်း ဒီနှစ်နွေရာသီ ဈေးကွက်မှာတော့ အသက် (၂၄ နှစ်)သာရှိသေးတဲ့ တိုက်စစ်မှူးမိုရာတာရဲ့အပြောင်းအရွှေ့ဟာ အသင်းကြီးတိုင်းအတွက် စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ သူဟာ ဘဏ္ဍာရေးအင်အားတောင့်တင်းလွန်းတဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ဖို့ သဘောတူညီမှုတွေ တောင်ရရှိထားပြီလို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ မော်ရင်ညိုကလည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့နေရာမှာ အစားထိုးဖို့ ထိပ်တန်းတိုက်စစ်မှူးတစ်ဦး ခေါ်ယူချင်နေခဲ့တာလည်းဖြစ်ပါတယ်။ မိုရာတာရဲ့ အရည်အချင်းတွေကလည်း အကြီးတိုင်းအတွက် လက်ခံချင်စရာ ကောင်းလွန်းတယ်လို့ ပြောရမှာပါ။

**ဘောလုံးနဲ့တစ်သားတည်းရှိနေသူ**

မိုရာတာရဲ့ထူးခြားချက်က ဘောလုံးရဲ့ အမြန်နှုန်းနဲ့အတူ လိုက်ပါကစားနိုင်စွမ်းရှိတဲ့သူ ဖြစ်တယ်။ အရပ်ခြောက်ပေနှစ်လက်မရှိတဲ့ တိုက်စစ်မှူးတစ်ဦးအနေနဲ့ ဘောလုံးရဲ့နောက်ကို တစ်ပါတည်းလိုက်ပါကစားနိုင်ဖို့ဆိုတာဟာ ခက်ခဲလွန်းပေမယ့် မိုရာတာကတော့ လုပ်နိုင်စွမ်းရှိတယ်။ သူ့ရဲ့ဘောလုံး စွမ်းရည်တွေကလည်း ချီးကျူးစရာကောင်းလောက်အောင် ထူးချွန်လွန်းတယ်။ ပြီးခဲ့တဲ့ရာသီက ဘာနေဗျူးမှာကစားခဲ့တဲ့ ပွဲတွေကို ကြည့်မယ်ဆိုရင်လည်း အဝေးဘောတွေကိုအမီလိုက်ပြီး တန်ပြန်တိုက်စစ်ဆင်ကစားနိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ကစားနိုင်စွမ်းဟာ တစ်ဖက်ကွင်းဧရိယာကနေ ကိုယ့်ဘက်ဧရိယာအထိလိုက်ပါကစားနိုင်စွမ်းရှိတဲ့ ကွင်းလယ်တိုက်စစ်မှူးတစ်ဦးလို အရည်အချင်းတွေလည်းရှိပါတယ်။ ဒါ့အပြင် ဂိုးကန်သွင်းယူနိုင်မှုမှာလည်း တိုက်စစ်မှူးတစ်ဦးလို အကောင်းဆုံးအသုံးချနိုင်တဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ သူ့ရဲ့အသက်ဟာ (၂၄နှစ်) သာရှိနေသေးတာကြောင့် တိုးတက်မှုတွေအများကြီး ရရှိနိုင်သေးတဲ့ တိုက်စစ်မှူးလို့လည်း သတ်မှတ်ရမယ်။

**အချိတ်အဆက်မိမိကစားနိုင်မှု**

ပြီးခဲ့တဲ့ရာသီက မိုရာတာဟာ အသင်းမှာပုံမှန်ကစားနိုင်ခွင့်မရှိခဲ့ပေမယ့် ဘောလုံးပေးပို့ရာမှာ တိကျမှုကတော့ ၇၈ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါ့အပြင် ထိပ်တန်းအဆင့် ဗဟိုတိုက်စစ်မှူးတစ်ဦးလို ကစားနိုင်စွမ်းရှိတဲ့သူလည်းဖြစ်ပါတယ်။ သူ့ရဲ့ဘောလုံးထိချက်တိုင်းကလည်း တိကျသေချာမှုရှိပြီး အဓိပ္ပာယ်ရှိရှိကစားနိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။ မိုရာတာရဲ့အခွင့်အရေးကို အမိအရအသုံးချနိုင်စွမ်းကတော့ ပြီးခဲ့တဲ့ ရာသီက မန်ယူအသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ထက်တောင်သာပါတယ်။ သူ့အနေနဲ့ အခွင့်အရေးကို အကောင်းဆုံးအသုံးမချနိုင်တော့ဘူးဆိုရင်လည်း အခြားသူကိုအတွက် အကောင်းဆုံးဖန်တီးနိုင်စွမ်းရှိသူဖြစ်ပါတယ်။

**ပယ်နယ်တီဧရိယာအတွင်း ဂိုးသွင်းကျွမ်းကျင်သူ**

စပိန်တိုက်စစ်မှူးမိုရာတာဟာ အခွင့်အရေးဖန်တီးနိုင်မှု၊ ကြံ့ခိုင်မှု၊ အချိတ်အဆက်မိမိကစားနိုင်မှုတွေမှာတော့ တော်လွန်းသူဖြစ်ပါတယ်။ ဒါ့အပြင် ပြိုင်ဘက်အသင်းရဲ့ပယ်နယ်တီ ဧရိယာအတွင်း ဂိုးသွင်းကျွမ်းကျင်လွန်းသူလည်း ဖြစ်တယ်။ ပြိုင်ဘက်အသင်းရဲ့ ခံစစ်မှူးတွေကို ဖြတ်ကျော်ပြီး ခက်ခက်ခဲခဲဂိုးသွင်းနိုင်စွမ်းရှိသူလည်း ဖြစ်တယ်။ ဒါကြောင့်လည်း သူဟာ ပရီမီယာလိဂ်နဲ့ မော်ရင်ညိုရဲ့နည်းစနစ်ပိုင်းနဲ့တော့ အကောင်းဆုံးအံဝင်မယ့်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မိုရာတာဟာ မော်ရင်ညိုကြိုက်နှစ်သက်တဲ့ အမြင့်ဘောတွေနဲ့ပတ်သက်ပြီးလည်း ကျွမ်းကျင်လွန်းသူဖြစ်တဲ့အပြင် ခြောက်ပေကျော်ရှိတဲ့သူရဲ့အရပ်ကြောင့်လည်း ခေါင်းတိုက်ဘောတွေမှာ အားကိုးရတဲ့သူတစ်ဦးဖြစ်ပါတယ်။

**ကွင်းလယ်ပိုင်းအတွက် အခွင့်အရေးဖန်တီးနိုင်စွမ်းရှိသူ**

လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းကလည်း မန်ယူအသင်းမှာတော့ ကွင်းလယ်ပိုင်းနဲ့ပတ်သက်ပြီး အခွင့်အရေးဖန်းတီးပေးနိုင်တဲ့ တိုက်စစ်မှူးမရှိခဲ့ဖူးလို့ ပြောရမယ်။ လက်ရှိပရီမီယာလိဂ် ပြိုင်ပွဲတွေကလည်း ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခဲ့တာကြောင့် တိုက်စစ်မှူးတစ်ဦးရဲ့ အခန်းကဏ္ဍဟာ တိုက်စစ်ပိုင်းတွင်သာမက ခံစစ်ပိုင်းအထိပါ ကျယ်ပြန့်လာခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ မန်ယူအသင်းနည်းပြဟောင်းဖြစ်သူ မူလန်စတီးက အသက်(၂၄နှစ်)အရွယ်တိုက်စစ်မှူးမိုရာတာဟာ အခွင့်အရေးတွေ ဖန်တီးနိုင်စွမ်းရှိရုံသာမက လျင်မြန်စွာရွေ့လျားကစားနိုင်စွမ်းရှိတဲ့သူလို့လည်း ထုတ်ဖော်ချီးကျူးခဲ့ပါတယ်။ မိုရာတာဟာ အရှိန်အဟုန်မြင့် ကစားနိုင်တဲ့တိုက်စစ်မှူးတစ်ဦးဖြစ်သလို သူ့ရဲ့ရှည်လျားကြီးမားတဲ့ ခြေတံတွေကလည်း မရနိုင်ဘူးလို့ထင်တဲ့ ဘောတွေကိုတောင် အမိအရဖမ်းယူ နိုင်စွမ်းရှိပါတယ်။

ဒါကြောင့်လည်း မိုရာတာဟာ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင်တော့ မန်ယူအသင်းရဲ့လိုအပ်ချက်နဲ့ ကိုက်ညီရုံသာမက ပရီမီယာလိဂ်မှာ အတောက်ပဆုံးကစားသမား တစ်ဦးအဖြစ် ရှိလာနိုင်တယ်လို့တောင် ဆိုရမှာ ဖြစ်ပါတယ်။ ။

## ဒီယေဂိုကော်စတာအတွက် အက်သလက်တီကိုအသင်း ကမ်းလှမ်းမှု ပြုလုပ်




စပိန်ကလပ် အက်သလက်တီကို အသင်းသည် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဒီယေဂိုကော်စတာအား ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အက်သလက်တီကိုအသင်းသည် အသက် (၁၆ နှစ်)အောက် လူငယ်ကစားသမားများခေါ်ယူမှုတွင် စည်းကမ်းချိုးဖောက်မှုများကြောင့် ယခုနှစ်နွေရာသီဈေးကွက် ကာလအတွင်း ကစားသမား ခေါ်ယူမှု၊ ရောင်းချမှုများ မပြုလုပ်ရန် ပိတ်ပင်တားမြစ်ခံထားရသော်လည်း အက်သလက်တီကိုအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် တိုက်စစ်မှူး ဒီယေဂိုကော်စတာအတွက် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟုဆိုသည်။ အက်သလက်တီကိုအသင်းအနေဖြင့် ဒီယေဂိုကော်စတာအတွက် ချယ်လ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိခဲ့လျှင်ပင် ဒီယေဂိုကော်စတာအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းတွင်မှသာအသင်းအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်း မန်နေဂျာ ကွန်တီကဘာရာဇီးနိုင်ငံဖွား စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် သူ၏ အနာဂတ်အစီအစဉ်များတွင် ပါဝင်မှုမရှိတော့ကြောင်း ပြောဆိုထားသည်။ အသက် (၂၈နှစ်)အရွယ်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၄၂ ပွဲ ပါဝင်ကစားခဲ့ကာ ၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ တစ်ကြိမ် အက်သလက်တီကိုအသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် တိုက်စစ်ကို ပြန်လည်အင်အားဖြည့်တင်းရန် အဲဗာတန်အသင်းတိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ အဲဗာတန်အသင်းက တိုက်စစ်မှူး လူကာကူ၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၀၀ သတ်မှတ်ထားသည်။

# ကလေးမြို့မှ ရေအခက်အခဲဖြစ်ခဲ့သောရေတွင်းအချို့ ရေပြန်ရလာ

**ကလေး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမြင့်ပိုင်းရပ်ကွက်များဖြစ်သည့် လှိုင်သာယာရပ်ကွက်နှင့် ကြို့သုံးပင်ရပ်ကွက်များတွင် ဇွန်လဆန်းပိုင်းမှစတင်ကာ ရေတွင်းများ ရေမထွက်တော့ဘဲ ရေပြတ်လပ်မှုဖြစ်ခဲ့ရာမှ ယခုရက်ပိုင်းတွင် ရေတွင်းအချို့မှ ရေပြန်လည်ထွက်ရှိလာကြောင်း သိရသည်။

ပြီးခဲ့သည့်လက အမြင့်ပိုင်းရပ်ကွက်များရှိ ပေ ၄၀ ခန့်နက်သော ရေတွင်းများ ရေခန်းခြောက်ပြီး ရပ်ကွက်နေပြည်သူများမှာ သောက်သုံးရေပြတ်လပ်မှု ရင်ဆိုင်နေခဲ့ကြရာမှ ယခုရက်ထဲတွင် လှိုင်သာယာရပ်ကွက်ရှိ ရေတွင်းအချို့မှ ရေများပြန်ထွက်လာခြင်းဖြစ်သည်။ ကလေးဒေသတွင် ယခုရက်ပိုင်း မိုးရွာသွန်းမှုများရှိနေသော်လည်း ကလေးမြို့အနောက်ခြမ်း အမြင့်ပိုင်းရပ်ကွက်များရှိရေတွင်းများ၊ ရေကန်များသည် ကုန်းမြင့်တွင်တည်ရှိခြင်းကြောင့် အပေါ်ယံရေကြောများ ခန်းခြောက်မှု၊ ရွံ့နွံများပိတ်ဆို့မှု၊ မြေအောက်ဘူမိမြေလွှာပြောင်းလဲမှုများကြောင့် ရေခန်းခြောက်မှုများဖြစ်ပေါ်ပြီး သောက်သုံးရေပြတ်လပ်မှုများကို မကြာခဏ ရင်ဆိုင်ကြုံတွေ့ကြရကြောင်း သိရသည်။

"ကလေးမြို့ အနောက်ဘက်ရပ်ကွက်မှာ နှစ်စဉ်ဒီလိုရာသီမျိုးမှာ ရေတွင်းရေကန်တွေခန်းခြောက်ပြီး သောက်သုံးရေပြတ်လပ်မှု အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ အခုတော့ မမျှော်လင့်ဘဲ ကျွန်တော်တို့လှိုင်သာယာရပ်ကွက်က ရေတွင်းရေကန်နဲ့ လက်နှိပ်ဘုံဘိုင်၊ ရေတုံကင်တွင်းတချို့မှာ ရေတွေ ပြန်လည်ရရှိနေပါပြီ။ ပြီးခဲ့တဲ့ရက်ပိုင်းမှာဆိုရင် တွင်းရေ အပေါ်ယံလေးပဲထွက်ပြီး မလုံလောက်တဲ့အတွက် တော်တော်ဒုက္ခရောက်နေကြလို့ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာနဲ့ ပရဟိတအဖွဲ့တွေက ရေသယ်ယာဉ်နဲ့ လာရောက်ကူညီလှူဒါန်းပေးခဲ့ကြပါတယ်။ အခု ရေတွင်းရေကန်တွေက ရေပြန်လည်ထွက်ရှိလာတော့ အလွန်ဝမ်းသာနေကြပါတယ်"ဟု လှိုင်သာယာရပ်ကွက် နယ်မြေ(၂)တွင်နေထိုင်သူ ဦးတွောင်ဒိုးဇမ်းက ပြောသည်။

အချို့သောရေတွင်းများမှ ရေပြန်ထွက်လာသော်လည်း အများစုသောရေတွင်းများမှာ ရေပြန်ထွက်ခြင်းမရှိသေးသောကြောင့် ရေအလှူရှင်များက ဆက်လက်၍ ရေလှူဒါန်းကူညီနေရသေးကြောင်း၊ အချို့ရပ်ကွက်ရှိ စာသင်ကျောင်းများ၌လည်း တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေပြတ်လပ်နေသေးကြောင်း၊ အချို့ရပ်ကွက်တွင် ရေမလုံလောက်သဖြင့် လက်ရှိအချိန်အထိ ရေကားတစ်စီးလျှင် ကျပ်တစ်သောင်းအထိပေး၍ ရေဝယ်သုံးနေရကြောင်း သိရသည်။

ကလေးမြို့၏ ဘူမိမြေလွှာနှင့်ပတ်သက်၍ မြေအောက်ရေကြောမှ ရေရရှိရန်အတွက် ရေတွင်းတူးမည်ဆိုပါက အနည်းဆုံး ပေ ၅၀၀ မှ ပေ ၇၀၀ အထိ တူးဖော်ရမည်ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးက ပြောကြားထားပြီး ငွေကုန်ကြေးကျများမည်ဖြစ်၍ ရပ်ကွက်နေပြည်သူများအနေဖြင့် ရေတွင်းတူးဖော်ရန် အခက်အခဲဖြစ်နေကြောင်းလည်း ကြို့သုံးပင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ချင်းတွင်းသား**

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငါးသိုင်းချောင်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ... ရေကြည်မြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ငါးသိုင်းချောင်းမြို့ မြက်တိုကျေးရွာအုပ်စု ဆိတ်ချေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးအရာရှိဦးသန့်ဇင်၊ ဘိုနယ်တာဝန်ခံ တောအုပ်ဦးချိုဆန်းနှင့် သစ်တောဝန်ထမ်းများ၊ ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်နှင့် ရေတမာ ပျိုးပင်ပေါင်း ၃၇၈ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စိုးမင်းဦး(မြန်/ဆက်)**




# အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**အမ်း ဇူလိုင် ၆**

ရခိုင်ပြည်နယ် အမ်းမြို့ရှိ အထက(ခွဲ)ကျောင်းကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၄ ရက်က လေယာဉ်ကွင်းရပ်ကွက်(အရှေ့ပိုင်း)ရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းဆိုင်းဘုတ်ကို ခရိုင်ပညာရေးမှူး ဦးတင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်ပညာရေးမှူး ဦးသင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြည်နယ်ပညာရေးမှူးက ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဟိန်းသူရိန်ထွန်းက ကျောင်း၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ဗဟန်း၊ ကုက္ကိုင်းရေကူးကန်လမ်းရှိ စားသောက်ဆိုင်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ဆူညံမှုများအရေးယူပေးစေလို

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် ကုက္ကိုင်းရေကူးကန်လမ်းသည် ဆိတ်ငြိမ်ရပ်ကွက်အတွင်း အစဉ်အဆက်အေးချမ်းစွာရပ်တည်ခဲ့သော လမ်းတစ်လမ်းဖြစ်သည်။ သို့သော်လည်း အဆိုပါလမ်းရှိ အိမ်အမှတ် ၂၈ (က)တွင် ဖွင့်လှစ်ထားသည့် Oishii Sushi ဂျပန်စားသောက်ဆိုင်တွင် ကားရပ်နားရန်နေရာအလုံအလောက်မရှိ၍ ယင်းဆိုင်သို့ လာရောက်သောကားများသည် လမ်းပေါ်၌ စည်းကမ်းမဲ့စွာ ရပ်ထားခြင်းကြောင့် လမ်းအတွင်း ဖြတ်သန်းသွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များအတွက် ယာဉ်ပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။

ထို့ပြင် ယာဉ်မောင်းအချင်းချင်းဆူညံစွာအော်ဟစ်ဆဲဆိုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများလည်း နေ့စဉ်ဖြစ်ပွားလျက်ရှိရာ သောကြာနှင့် စနေနေ့ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ပို၍ ဆိုးရွားလျက်ရှိသည်။ ထို့အပြင် ယင်းဆိုင်ကြောင့် အနီးပတ်ဝန်းကျင်ရှိ အိမ်များမှာ အညှော်နံ့နံခြင်း၊ စားသောက်ဆိုင်မှ ဆူညံခြင်းတို့ကြောင့် လမ်းအတွင်းနေ ပြည်သူများမှာများစွာစိတ်အနှောင့်အယှက်ဖြစ်နေသဖြင့် သက်ဆိုင်ရာက လိုအပ်သလို စစ်ဆေးအရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်း**
**လမ်းသူ/လမ်းသားများ**

### ရေမြောင်းများပိတ်ဆို့မှုနှင့် အနံ့အသက်ဆိုးများအား ရှင်းလင်းပေးစေလို

ပျဉ်းမနားမြို့ ရွှေချိုရပ် (၉) လမ်းဝဲယာတွင် အုတ်စီရေမြောင်းများကို မကြာသေးမီကတူးဖော်ထားခြင်းကြောင့် ရေစီးရေလာကောင်းမွန်သော်လည်း အဆိုပါ (၉) လမ်း၏ နောက်ကျောဘက်လမ်းကြားရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး နေအိမ်မှ မှုန်ချဉ်ရည်များကို ရေမြောင်းထဲသို့ သွန်ပစ်ခြင်းကြောင့် အနံ့ဆိုးများမှာ ဘေးပတ်ဝန်းကျင်နေအိမ်များရှိ ပြည်သူများမခံမရပ်နိုင်ဖြစ်ပြီး ကျန်းမာရေးထိခိုက်စေကြောင်း၊ တချို့နေအိမ်များမှာ မိမိအိမ်ရှေ့ရေနုတ် မြောင်းအားပိတ်ဆို့ထားခြင်းကြောင့် (၉)လမ်းဝဲယာရှိ ပင်မအုတ်စီရေမြောင်းကြီးအတွင်းသို့ ရေစီးဝင်ခြင်းမရှိ၍ လမ်းမပေါ်နှင့် အိမ်ဝိုင်းအတွင်းသို့ ရေများလျှံဝင်လာသဖြင့် ရပ်ကွက်နေပြည်သူများ နေ့စဉ်နေ့တိုင်း စိတ်မချမ်းမြေ့ဖွယ်ရာများ ကြုံတွေ့နေရ၍ သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**





## မြန်မာရေးရာအမှတ်-၄ ထွက်ရှိ

မြန်မာရေးရာလေ့လာရေးအဖွဲ့(Centre for Myanmar Affairs Studies)က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၄(ဇူလိုင် ၂၀၁၇)အထူးထုတ်စာစောင်(Special Issue)ထွက်ရှိလာသည်။

ယခုစာစောင်မှာ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အတွက် အရေးကြီးမှတ်တိုင်တစ်ခုဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-၂၁ ရာစုပင်လုံ၏ဒုတိယအကြိမ်မြောက် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

စာစောင်တွင် ငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်သော ဂယက်၊ အနက်အဓိပ္ပာယ်များအပေါ် ပြည်တွင်း၊ ပြည်ပတာဝန်ရှိသူများ၊ ပညာရှင်များနှင့် နိုင်ငံရေးဝေဖန်သုံးသပ်သူများ၏ သဘောထားအမြင်များကို တတ်နိုင်သမျှ စုစည်းဖော်ပြထားရာ ၂၁ရာစုပင်လုံ အထူးထုတ်စာစောင်ဟု ဆိုနိုင်ပါသည်။

ယခုထုတ်ဝေသည့် စာစောင်တွင် မြသန်းတင့်၊ သီလဝ၊ မောင်သာမညာ၊ ဒေါက်တာအောင်ကြီး၊ ဒေါက်တာမြင့်ဆန်း၊ ဇော်အောင်၊ ခင်ဇော်ဦး၊ အောင်နိုင်ဦး၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ကျော်ဝင်း၊ ဒေါက်တာကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)၊ အောင်ကျော်အေးချမ်း၊ တင်စိုးမင်း၊ ရဲထွန်း(သီပေါ)၊ ရဲမြင့်၊ မောင်းဆက်၊ နိုင်ထိုက်၊ ရဲမြင့်ကျော်၊ မောင်ဇေယျာ၊ ယမင်းမြတ်အေး၊ ကိုတာ၊ ချမ်းမြေ့၊ Sai Aung Tun, HNC Stevensonတို့၏ ဆောင်းပါးများပါရှိပါသည်။

မြန်မာရေးရာ လေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် မြန်မာ ရေးရာအမှတ်-၄ကို ဒူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်သို့ မှာယူနိုင်ပါသည်။

**ဒူဝံစာပေ** ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂
Email:duwunsarpay31upperst@gmail.com



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/1123 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1825 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊လူနေရပ်ကွက်အမှတ်(၁)၊အနော်မာရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ (လမ်းသစ်၂လမ်း)၊မြေကွက်အမှတ် ၁၆၆၀/ခ ပေါ်ရှိ(၁၈ပေ × ၅၀ပေ) အကျယ်အဝန်းရှိ မြေညီထပ်တိုက်ခန်းကို ကန်ထရိုက်တာဦးအောင်မြင့် (၁၂/မဂတ(နိုင်)၀၁၅၈၀၃)(အာကာ & ATZ)ဆောက်လုပ်ရေးထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ပထမအရစ်ငွေ ပေးသွင်းပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးနိုင်ဦး(အထက်တန်းရှေ့နေ)ဖုန်း ၀၉၇၀၇၅၄၃၆၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ည)၊မြေကွက်အမှတ်(၂၇၈ဘီ)၊မြေကွက်တည်နေရာအမှတ်(၂၇၈ဘီ)၊ဘုမ္မာ(၈)လမ်း၊(ည)ရပ်ကွက်၊ ဒေါ်သန်းရှင်(စီအီး-၀၂၃၅၈၆)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်မိခင်ဒေါ်သန်းရှင်၊ဖခင်ဦးစိုးသိန်းတို့ကွယ်လွန်သဖြင့်ဦးနေဦး(ခ)ဦးပေါ်ဦး(၁၂/ဥကမ(နိုင်)၀၅၇၃၅၄)၊ဦးထင်ကြီး(၁၂/မရက(နိုင်)၀၉၅၅၂၄)၊ဦးဝင်းနောင်(၁၂/မရက(နိုင်)၁၀၀၇၁၃)၊ဦးမျိုးသန့်(၁၂/ဥကမ(နိုင်)၀၅၅၂၀၉)၊ ဒေါ်အေးအေးဇော်(၁၂/ဥကမ(နိုင်)၀၂၅၂၂၀)၊ဒေါ်သင်းသင်းလှိုင်(၁၂/ဥကမ(နိုင်)၀၈၃၈၉၄)တို့မှသားသမီးများတော်စပ်ကြောင်းမြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ကျမ်းကျိန်လွှာအမှတ်(၂/၃၇၆/၁၇)(၁၀-၂-၁၇)၊သေစာရင်းနှင့် ဒေါ်သန်းရှင်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍၎င်းတို့ထံမှ GP(၉၁၇၁/၇-၁၀-၁၆)ဖြင့်ရရှိသူဒေါ်နေစန္ဒာဦး(၁၂/ဥကမ(နိုင်)၀၁၆၁၃၁)မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာတင်ပြခြင်း၊မြေပြင်တွင်(၁)ထပ်တိုက်အဆောက်အဦး(၁)လုံးရှိ၍ကိုယ်တိုင်နေထိုင်ကြောင်းတင်ပြ၍ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အိမ်အမှတ် ၁၈နေ ဦးဇော်ဝင်း ၅/ကလထ(နိုင်)၁၅၅၉၁၆နှင့် ဒေါ်မာမာရင် ၅/ကလထ(နိုင်)၁၆၁၄၅၂တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၆က/၁-စ/အုတ်ကျင်းရွာ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (N-၃၅/၂) ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၅၉၀ရှိမြေကွက်သည် ယခင်က ဦးမောင်မောင်လေးနှင့်ဒေါ်ရီရီစံတို့၏အမည်ဖြင့် မြို့မြေဂရန်အမှုတွဲအမှတ်နှင့်ခုနှစ်- ၅၅၉(၃)/၉၇-၉၈ဖြင့် ၂၅-၁၂-၂၀၁၂ရက်အထိ ၁၅နှစ် မြေငှားဂရန်ထုတ်ပေးခဲ့သည့်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အတွင်းမှ ကျွန်ုပ်၏မိတ်ဆွေများ ဝယ်ယူပိုင်ဆိုင် လက်ရှိထားနေထိုင်လျက်ရှိသော ဧရိယာ ၀ဒသမ၀၉၀၈၈၊ ၃၄၉၁ စတုရန်းပေရှိ ဦးပိုင်အမှတ်(N-၃၅/၂ဃ) ဟု ဦးပိုင်ခွဲအမည်ထွက်ရှိလာမည်ဖြစ်သည့်မြေကွက်ကို ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်သစ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနသို့ လျှောက်ထားသွားမည်ဖြစ်ပါသောကြောင့် ယင်းမြေကွက်တွင် အကျိုးသက်ဆိုင်သူဟု အဆိုရှိသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဦးပိုင်ခွဲ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်းသိန်း
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၂၆၃)
အမှတ် (၂၆၁/၇)၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊
ဖုန်း-၀၉-၂၅၉၁၉၉၈၅၂

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
| --- | --- | --- | --- |
| ၁။ | ကန်ထရိုက်တာဦးဇော်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၀၃၃၁၉(မှ) ဦးဖိုက်ဇဲလ် ၁၂/ပဘတ(နိုင်)၀၀၂၂၈၃ ဒေါ်နန္ဒာဝင်း ၁၂/ဗဟန(နိုင်)၀၈၂၉၁၄ (ကစ)ဒေါ်ကြွယ်ကြွယ်ဝင်း ၁၂/ဗဟန(နိုင်)၁၀၂၀၀၉(မှ) ဒေါ်စီရင်(ခ)အလီမာဘီဘီ ၁၂/ဗဟန(နိုင်)၀၇၅၄၉၉(မှ) | အီလ်ယာစ်(ခ)ဦးဝင်းသန်း ၁၂/ဗတထ(နိုင်)၀၃၂၆၃၂ | တိုက်အမှတ် ၆၉၃/၇၀၁၊ အခန်းအမှတ် (9-C)၊ ကုန်သည်လမ်းနှင့် (၂၅၈/၂၆၂) ကမ်းနားလမ်းထောင့် ပန်းဘဲတန်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၈၄၉၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (မုံရွာ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5374 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/3278 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)




မြန်မာနိုင်ငံအတွက်
ပထမဆုံးကမ္ဘာ့ချန်ပီယံရွှေခါးပတ်ဆုကြီးကို
**MMA** မစ်ဒယ်ဝိတ်တန်း၌
ထိုက်တန်စွာယှဉ်ပြိုင်ရယူနိုင်ခဲ့သည့်
**မြန်မာနိုင်ငံသား ကချင်တိုင်းရင်းသား**
**အောင်လအန်ဆန်** အား
အထူးလှိုက်လှဲဝမ်းမြောက်စွာဂုဏ်ပြုအပ်ပါသည်။

AGDBANK

The Bank that grows with you

(PRESENTING SPONSOR)


A Sincere THANK YOU to people across Myanmar.
Today, we proudly provide our service through 20 showrooms in 7 divisions nationwide.
Sagaing
Mandalay
Magway
NayPyiTaw
Yangon
Pathein
Mawlamyine
ဆူဇူကီးရဲ့မြန်မာပြည်သူပြည်သားများကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြရန်
ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)ကုမ္ပဏီမှ မြန်မာပြည်အတွက် နောက်ထပ် ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။
(၁) ၂၀၁၈ ခုနှစ်မှ စတင်ပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ ဆူဇူကီး(မြန်မာ)ရဲ့ခေတ်မီသစ်လွင်တဲ့ မော်တော်ကားထုတ်လုပ်ရေးစက်ရုံ စတင်လည်ပတ်ပါမယ်။
(၂) အရည်အသွေးနဲ့ စွမ်းရည်တိုးမြင့်ထားတဲ့ ထုတ်လုပ်ရေးစွမ်းအားကြောင့် အရေအတွက်ပိုများတဲ့ မော်တော်ကားများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။
(၃) မြန်မာပြည်အနှံ့က ဒေသတွေမှာ ဆူဇူကီး တရားဝင်အရောင်းပြခန်းတွေကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။
(၄) မြန်မာပြည်က ဆူဇူကီးကားအသုံးပြုသူများအတွက် အရည်အသွေးမြင့်မားတဲ့ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။
JAPAN STANDARD
ERTIGA
Ciaz
Sagaing
Mandalay
Magway
NayPyiTaw
Pathein
Mawlamyine
Yangon
လူကြီးမင်းက မြန်မာပြည်အတွက် ပိုမိုတောက်ပတဲ့အနာဂတ်တစ်ခု တည်ဆောက်ပေးချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)က လူကြီးမင်းကို ဆူဇူကီးရဲ့တရားဝင်အရောင်းပြခန်းကွန်ရက်ကို အားဖြည့်တိုးချဲ့ရင်း တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျွန်တော်တို့နဲ့အတူ လျှောက်လှမ်းဖို့ ဖိတ်ခေါ်ပါရစေ။
Contact us at CALL CENTER 01-2399-777
Dealership Network
Yangon
(1) Lwin and Swan 01-393070
(2) Aung Motor 01-655813
(3) Myo Motor 01-400399
(4) Yenadi Motor 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-777884888
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
(10) Farmer Auto 09-456844645
(11) MADP 09-425473949
Mandalay
(12) United Eleven 09-257199911
(13) MADP-AIG 09-73040366
(14) Century 09-777777085
Sagaing
(15) CKA 09-975551944
Pathein
(16) CGDC 09-771212985
Nay Pyi Taw
(17) Ayeyar Hinthar 09-787148795
(18) Farmer Auto 09-5601364
Magway
(19) Farmer Auto 09-421035998
Mawlamyine
20) Mawlamyine Suzuki 09-422615945
Suzuki (Myanmar) Motor Co., Ltd.
Plot No. 476 (C), Moegoke St., Block No.(23), Industrial Zone,
South Dagon Township, Yangon, Myanmar.
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI THILAWA MOTOR CO., LTD.
Plot No.A-1, Zone A, Thilawa Special Economic Zone.
SUZUKI
Way of Life!

## အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)မှ သတင်းစာစက္ကူ (၆၅၈.၉၈၄) တန်အား တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်** - ၂၈-၇-၂၀၁၇ ရက် ၁၆:၀၀ နာရီ
(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရုံး အမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၅၇၊၀၆၇-၄၀၈၃၆၉

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (ကုမ္ပဏီ၊ အရောင်းဆိုင်)များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
(က) ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ
(ခ) GMP အဆင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံသုံးစက်ပစ္စည်းများ
(ဂ) ရုံးသုံးနှင့်အထွေထွေသုံးစက်ပစ္စည်းများ(ယာဉ်၊ကွန်ပျူတာ၊ Copier နှင့် အခြားစက်ပစ္စည်းများ)

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၇ ရက်
**တင်ဒါပိတ်သည့်ရက်/အချိန်** - ၁၁-၈-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - တိုင်းရင်းဆေးပညာဦးစီးဌာန(စီမံဌာနခွဲ)

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၀၈၃၊ ၄၃၁၀၈၅ တို့သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား တည်ဆောက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(၁) Oil free air Compressor လိုင်းတည်ဆောက်ခြင်း (Air Compressor G.M.P Standard) two sets
(၂) Washing & Drying Zone Steel Structural Building (103x34'x28') (including electrical & water supply for G.M.P standard washing of raw material)
(အခြားဆက်စပ်လုပ်ငန်းများအပါအဝင်)

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာန သတ်မှတ်ထားသောလုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ် ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီ Profile တင်ပြရမည်ဖြစ်ပါသည်။ တင်ဒါလုပ်ငန်းတစ်ခုထက် ပိုမိုတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၇ ရက်
**တင်ဒါပိတ်သည့်ရက်/အချိန်** - ၁၁-၈-၂၀၁၇ ရက် ညနေ ၄း၃၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - တိုင်းရင်းဆေးပညာဦးစီးဌာန (စီမံဌာနခွဲ)

၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၀၈၃၊ ၄၃၁၀၈၅၊ ၄၃၁၀၈၆ တို့သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သောဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၇ ရက် (အင်္ဂါနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၇ ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၇၅၀၊ ၂၅၆၃၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး-ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးနိုင်ရန်လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ပေးမည့်ရက်** - ၅-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၇-၂၀၁၇ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၄၄-၂၁၀၉၆**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကယားပြည်နယ်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် FDA အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သောဖလင်များ၊ ဆေးရည်များ Reagent များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် (ညနေ ၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၃၈-၂၁၃၆၅၊ ၂၁၅၁၁**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအတွက် FDAအသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သောဖလင်များ၊ ဆေးရည်များ Reagent များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် (ညနေ ၄း၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့**
**ဖုန်း-၀၃၈-၂၁၃၆၅၊ ၂၁၅၁၁**

---

## မိဘအမည်မှန်

လွိုင်ကော်မြို့၊ နာနတ်တော အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(က)မှ မနော်ဆာလာမူး ၏မိဘအမည်မှန်မှာ ဦးစောရူးလေထူး ၂/ဒမဆ(နိုင်)၀၈၀၄၆၀ နှင့် ဒေါ်ဆဲဂေထူး ၂/ဒမဆ(နိုင်)၀၁၄၅၀၄ ဖြစ်ပါကြောင်း။

**ဦးစောရူးလေထူး-ဒေါ်ဆဲဂေထူး**

---

## အမည်မှန်

ဦးဒဲရယ်၏သမီး လွိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ မပိုးမြာဦး၏အမည်မှန်မှာ မပိုးမြာ ၂/လကန(နိုင်)၁၁၃၂၀၄ ဖြစ်ပါကြောင်း။

**မပိုးမြာ**

---

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7H/2776 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ကဲ့ဇင် အထက(ခွဲ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မစိုးသူဇာ၏ဖခင်အမည်မှန်မှာ ဦးဇော်မိုး ၅/ကသန(နိုင်)၀၆၀၇၇၅ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မချိုလေးငယ်၏ ဖခင်အမည်မှန်မှာ ဦးတင်ပြုံး ၅/ခဥန(နိုင်)၀၃၃၄၀၁ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက နဝမတန်းမှ မဖြိုးကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၅/ခဥတ(နိုင်) ၀၄၉၇၈၄ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ဟုမ္မလင်း၊အထက(၂)၊ ကျောင်းဝင်အမှတ်(၂၄၉)၊ တက္ကသိုလ်ဝင်တန်းမှ မောင်သီဟအောင်နှင့် ကျောင်းဝင်အမှတ်(၉၂၇)၊ အဋ္ဌမတန်းမှ မအိအိမွေးတို့၏ဖခင်အမည်မှန်မှာ ဦးသိန်းဟန် ၅/ဟမလ(နိုင်)၀၃၆၄၉၁ ဖြစ်ပါကြောင်း။

---

# OPEN SOCIETY FOUNDATIONS

## Scholarship Opportunity

The Open Society Foundations (OSF) is a global philanthropic foundation committed to the global struggle for open society and responding quickly to the challenges and opportunities of the future. We are now established in Myanmar as a registered national foundation named Open Society Myanmar (OSM), working on the advancement of education, health, civil society and community development, human rights and promotion of harmony equality and diversity, youth and women, as well as for prevention or relief of poverty.

The Open Society Foundations (OSF) is delighted to announce fully-funded scholarship opportunities for eligible Myanmar citizens under the 2018 Civil Society Leadership Awards (CSLA) program. This program provides scholarships for master's degree study at universities in the U.S, the U.K, EU and Hong Kong, to individuals who clearly demonstrate academic and professional excellence and a deep commitment to leading positive social change in their communities.

CSLA grantees will receive financial and administrative support for the following: Pre-academic preparation via summer schools; Program-related travel; Tuition and mandatory university fees; Monthly stipend for room, board, and other living expenses; Accident and sickness insurance during the program; Funds for educational materials and professional development; Attendance at a regional Scholarship Programs conference; and Accommodations during the application process and the duration of the grant for applicants with disabilities.

Eligibility

Interested applicants must meet the following criteria:

- Be a citizen of Myanmar
- Demonstrate maturity, flexibility and civil society leadership potential;
- Have a bachelor's degree awarded before July 15, 2017and an excellent academic record;
- Demonstrate professional experience in a relevant area;
- Demonstrate proficiency in the language of instruction (English, German or French) at a level required for admission by host universities;
- Be able to participate in an intensive pre-academic summer school in July or August 2018 and start their degree program in August or September 2018;
- Be able to receive and maintain a visa or study permit as required by the host country; and
- Demonstrate a clear commitment to return to their home country or region to continue supporting open society development.

Supported fields of study

* Communications, Journalism & Media
* Development Studies
* Education Management & Leadership
* Gender Studies
* Law (including Human Rights law)
* Public Health Policy & Health Management
* Social Work & Social Policy
* Culture, History & Society
* Economics
* Environment & Natural Resource
* Human Rights
* Politics & International Studies
* Public Policy & Administration

For details of the scholarship, including application instructions, please visit https://www.opensocietyfoundations.org/grants/civil-society-leadership-award-20160708

The deadline for application is 15 July 2017.

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၃/မမ/CE တိုင်းအမှတ်(၂) | ကောလင်းဘူတာတွင် ရဲဝန်ထမ်းနေအိမ်(၆)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (၇၂'x၂၀')(အုတ်တိုက်၊သွပ်မိုး၊ကွန်ကရစ်ခင်း) |
| ၂ | ၂၄/မမ/CE တိုင်းအမှတ်(၃) | မန္တလေး ဒီဇယ်စက်ခေါင်းရုံ ပစ်ကျင်းအမှတ် (၁)နှင့် (၂)တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း(၂'x၁၂၀'x၃၅'၉") |
| ၃ | ၂၅/မမ/CE တိုင်းအမှတ်(၃) | မြို့ဟောင်းတွဲပြင်ရုံ Open Shed အဆောက်အဦး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း(၁၀၀'x၃၄')(သံလမ်းတိုင်၊Amcan အမိုး) |
| ၄ | ၂၆/မမ/CE တိုင်းအမှတ်(၃) | နောင်ချိုဘူတာတွင် ရဲတပ်သားနေအိမ်(၃)ခန်း(၁)လုံးတွဲ တည်ဆောက်ခြင်းလုပ်ငန်း(၉၆၀ စ/ပေ)(အုတ်တိုက်၊သွပ်မိုး၊ကွန်ကရစ်ခင်း) (၂ခန်းတွဲ အိမ်သာနှင့် မလ္လာကန် အပါအဝင်) |
| ၅ | ၂၇/မမ/CE တိုင်းအမှတ်(၃) | မြစ်သား-မင်းစုကြား၊ တံတားအမှတ်(၇၁၈)၁၀၀ ပေ ခန်းဖွင့်ကမ်းကပ်ခုံအမှတ်(၁)ပြုပြင်တည်ဆောက်ခြင်း |
| ၆ | ၂၈/မမ/CE တိုင်းအမှတ်(၄) | အောင်ပန်းဘူတာအမိုးနှင့် မျက်နှာကျက်ပြုပြင်ခြင်းလုပ်ငန်း (၇၀၄၀၀ စ/ပေ) |
| ၇ | ၂၉/မမ/CE တိုင်းအမှတ်(၄) | လွိုင်ကော်ဘူတာ အဆောက်အဦးဆေးသုတ်ခြင်းလုပ်ငန်း |
| ၈ | ၃၀/မမ/CE တိုင်းအမှတ်(၄) | ရွှေညောင်ဘူတာတွင် ရဲဝန်ထမ်း၊ အကြပ်နေအိမ်(၃)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း(၁၄၄၀ စ/ပေ)(အုတ်တိုက်၊သွပ်မိုး၊ကွန်ကရစ်ခင်း) (အိမ်သာနှင့် မိလ္လာကန် အပါအဝင်) |
| ၉ | ၃၁/မမ/CE တိုင်းအမှတ်(၇) | ရန်ကုန်တွဲပြင်အလုပ်ရုံ အမိုးများကို Amcan နှင့် ပြုပြင်လဲလှယ်ခြင်း |
| ၁၀ | ၃၂/မမ/CE တိုင်းအမှတ်(၇) | အင်းစိန်ဘောလုံးကွင်း ပွဲကြည့်စင်အဆောက်အဦး ပြုပြင်ခြင်းလုပ်ငန်း |
| ၁၁ | ၃၃/မမ/CE တိုင်းအမှတ်(၇) | မလွကုန်းစက်ခေါင်းစက်ရုံတွင် M7 ပြုပြင်ရေးရုံ တိုးချဲ့တည်ဆောက်ခြင်း(၄/၂၀'x၁၂')(အုတ်တိုက်၊သွပ်မိုး၊ကွန်ကရစ်ခင်း) |
| ၁၂ | ၃၄/မမ/CE တိုင်းအမှတ်(၈) | ပနော်နှင့် ထင်းရှူးဘူတာကြား မိုင်(၂၂၇/၅-၆)ရှိ တံတားအမှတ်(၁၁၄) ၂၀ပေ Span Slab တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်း |
| ၁၃ | ၃၅/မမ/CE တိုင်းအမှတ်(၉) | ဟသ်ာတ-ကြံခင်းလမ်းပိုင်း၊ဟသ်ာတ-ဘုရားကုန်းကြား မိုင်(၁၁၃/၂-၃) ရှိ တံတားအမှတ်(၁၀)(၁/၆')Span Slab တံတားတည်ဆောက်ခြင်း |
| ၁၄ | ၃၆/မမ/CE | အင်းစိန်မြို့ပတ်ဒီဇယ်စက်ခေါင်းစက်ရုံတွင် (၆ပေ)R.C Box Culvert တံတား တည်ဆောက်ခြင်း |
| ၁၅ | ၃၇/မမ/CE | အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံတွင် ရဲဝန်ထမ်းနေအိမ်(၄)ခန်းတွဲ (၁)လုံးဆောက်လုပ်ခြင်း (၄၀'x၂၅'x၁၀') အမြင့် (ရေ၊မီး၊မိလ္လာကန် အပါအဝင်) |
| ၁၆ | ၃၈/မမ/CE | အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံတွင် အုတ်ရေမြောင်း ဆောက်လုပ်ခြင်း လုပ်ငန်း (၆၀၀ ပေအရှည်)(၆'x၅') |
| ၁၇ | ၃၉/မမ/CE | အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံတွင် စက်ခေါင်းပြင်ကြီးကြပ်ရေး ရုံးတည်ဆောက်ခြင်း(၂၀'x၂၀')x၁၀' အမြင့် |

တင်ဒါပိတ်မည့် နေ့/အချိန် ၈.၈.၂၀၁၇ (အင်္ဂါနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၇.၇.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ပြည်စိုးကုန်း (အထက) တက္ကသိုလ်ဝင်တန်းမှ မခက်ဝေနှင်း ၈/စလန(နိုင်)၂၂၈၃၅၉၏ဖခင်အမည်မှန်မှာ ဦးစန်းတင့် ၈/စလန(နိုင်) ၀၁၃၉၄၀ ဖြစ်ပါသည်။ **ဦးစန်းတင့်**

### ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊အထက (ချောင်းတောင်) တက္ကသိုလ်ဝင်တန်း(D) မှ နန်းထက်ထက်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွေး ၃/ကကရ(နိုင်) ၀၁၄၃၈၆ ဖြစ်ပါကြောင်း။ **ဦးဆန်းထွေး**

### မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နေ ဦးစိုးဝင်းဇော်၏သမီး အထက (ရင်းငြိမ်မြောက်) တက္ကသိုလ်ဝင်တန်းမှ မအေပရယ်လ်မေ၏ မွေးသက္ကရာဇ်အမှန်မှာ(၈-၉-၂၀၀၂) ဖြစ်ပါကြောင်း။ **မအေပရယ်လ်မေ**

### တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေကူလေးရွာနေ မကေခိုင်လင်း၏ ဖခင်မှာ ဦးလင်း(ခ)ဦးကိုကိုလင်း ၁/ရကန(နိုင်)၀၃၂၁၉၉သည် တစ်ဦးတည်းဖြစ်ကြောင်း။

### အမည်မှန်

သထုံမြို့၊ (ဘ) ဦးကျော်လှသား (အလက) ကမာစိုင်၊ သတ္တမတန်းမှ မောင်ထက်လင်း၏ အမည်မှန်မှာ မောင်နေထက်လင်း ဖြစ်ပါကြောင်း။ **မောင်နေထက်လင်း**

### ဖခင်အမည်မှန်

မင်းဘူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(E) မှ မရွှေရည်ဖူး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းအောင် ၈/မဘန(နိုင်)၀၈၀၉၉၆ ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်းအောင်**

### ဖခင်အမည်မှန်

သထုံမြို့၊ အထက(၃)၊ ပဉ္စမတန်း (A)မှ မဟန်နီဦး၏ဖခင်အမည်မှန်မှာ ဦးအောင်တင် (TTN- ၂၃၉၂၉၁) ဖြစ်ပါကြောင်း။ **ဦးအောင်တင်**

### ဖခင်အမည်မှန်

သထုံမြို့၊ အလက (ကမာစိုင်)၊ သတ္တမတန်းမှ မောင်နေထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်လှ ၁၀/သထန(နိုင်)၁၆၂၂၂၁ ဖြစ်ပါကြောင်း။ **ဦးကျော်လှ**

### ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် အလံပါယ်ကျေးရွာနေ မနှင်းမိုးဦးနှင့် မောင်သန့်ဇင်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းအောင် ၈/မဘန(နိုင်) ၀၆၆၈၃၉ ဖြစ်ပါကြောင်း။ **ဦးသန်းဝင်းအောင်**

### ဖခင်အမည်မှန်

သထုံမြို့၊ ကလိကျွန်းကျေးရွာနေ မဇင်မာဦး (မော်လမြိုင်တက္ကသိုလ်)၊ ပထမနှစ်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၀/သထန(နိုင်)၀၀၁၅၈၈ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်**

### မိဘအမည်မှန်

ကော့ကရိတ်မြို့၊ အထက (ချောင်းတောင်)၊ ဆဋ္ဌမတန်း(C) မှ မန်းဟိန်းထက်အောင်၏ မိဘအမည်မှန်မှာ ဦးစောနေမင်းလတ် ၃/ကကရ(နိုင်) ၀၆၆၈၁၇ နှင့် ဒေါ်နန်းသီတာထွေး ၃/ကကရ(နိုင်)၁၃၇၇၇၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ စက်ကုန်းပိုင်းရပ်ကွက် အထက(ခွဲ) စတုတ္ထတန်းမှ မသီဂီအေး၏ ဖခင်အမည်မှန်မှာ ဦးမင်းထွေး ဖြစ်ပါကြောင်း။ **ဦးမင်းထွေး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၈၉၇၇ Honda Wave-100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်း ၁၀/ခဆန(နိုင်)၀၃၆၂၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ စေတနာမွန်လမ်း၊ ခြံအမှတ် ၂၃၇ နေ ဦးတင့်အောင် ၉/အမဇ(နိုင်)၀၀၁၀၁၈-ဒေါ်ကေသီဆွေ ၂/လကန(နိုင်)၀၇၄၉၁၉ တို့၏သားထွေး မောင်ရန်ပိုင်မျိုးဆွေ(ခ)မောင်ရန်ပိုင်ဖြိုးဆွေ ၉/အမဇ(နိုင်) ၀၂၀၅၈၀ သည် မိဘများ၏ ပြောဆိုဆုံးမသည့်စကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိဘများ ဦးတင့်အောင်-ဒေါ်ကေသီဆွေ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းသုံးနှင့် (Multitest Lane for Truck) အပါအဝင်ပစ္စည်း ရုံးသုံးစက်ကိရိယာများ ၂၁ မျိုး

(ခ) လုပ်ငန်းသုံးပစ္စည်းများ ၃၀ မျိုး

၂။ တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော်ဖြစ်ပါသည်။

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်စျေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို အထက်အပိုဒ်(၂)ပါ လိပ်စာတွင် ၁၁-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့
## ကတ္တရာပီပါပုံးခွံများ လေလံတင်ရောင်းချရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၏ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါပုံးခွံ (၃၇၅၁၄)ပုံးအား လေလံတင်ရောင်းချလိုပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၇ ရက်မှ ၂-၈-၂၀၁၇ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၄-၈-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၇-၈-၂၀၁၇ ရက် ၁၃း၃၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်လွင်လွင်ချို နှင့် ဒေါ်လှဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၆၅နေ ဒေါ်လှဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝယ်ယူထားသည့်မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒီခင်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မုံရွာမြို့နယ်တရားရုံး၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၀

မစုစုမာ နှင့် ၁။ မပြည့်ပြည့်အောင်(ခ)ပြည့်ပြည့်
၂။ မသီတာအောင်(ခ)သီတာ
တရားလို တရားပြိုင်များ

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ မာလာလမ်းနေ မသီတာအောင်(ခ)သီတာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၂၅၀၀၀၀၀ိ/-(နှစ်ဆယ့်ငါးသိန်းကျပ်) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပပဇင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မုံရွာမြို့နယ်တရားရုံး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လပတ်အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (Reagent and Consumable) များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့်ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၇ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကိုသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၈၄၁၄၉ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇ သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (F)အခန်း၌ ပညာသင်ကြားနေသော မောင်သန့်ဇင်အောင်နှင့် မြို့ကုန်းအထက်တန်းကျောင်း(ခွဲ) အဋ္ဌမတန်းမှ မကြည်ဇာမြင့်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်မြင့် ၁/ရကန(နိုင်)၀၄၂၂၇၀ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

နောင်ချိုမြို့၊ ဘူတာရပ်ကွက်၊ အထက(ခွဲ) နဝမတန်းမှ မောင်စိုင်းအာကာဖြိုး၏ မိဘအမည်မှန်မှာ ဦးအောင်ကိုလတ်-ဒေါ်သန်းသန်းမြင့် ဖြစ်ပါကြောင်း။
**ဦးအောင်ကိုလတ်-ဒေါ်သန်းသန်းမြင့်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အထက အဋ္ဌမတန်း(A) မှ မိုင်ကြည်ဖြူမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁-၂၀၀၆ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၈/မတန(နိုင်)၀၆၈၇၇၇ ဖြစ်ပါကြောင်း။ **ဦးမောင်သိန်း**

### မိဘအမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီးကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်မျိုးသူ၏ မိဘအမည်မှန်မှာ ဦးမြင့်ဦး ၁၃/နခတ(နိုင်)၀၄၂၀၅၁ နှင့် ဒေါ်ထွေးထွေးအေး(ခ)ဒေါ်ထွေးမာ ၁၃/နခတ(နိုင်)၀၆၂၈၂၄ တို့ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့ အထက စတုတ္ထတန်းမှ မိုင်နှင်းဝေမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၂-၂၀၀၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၈/မတန(နိုင်)၀၆၈၇၇၇ ဖြစ်ပါကြောင်း။ **ဦးမောင်သိန်း**

### ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီး အထက တက္ကသိုလ်ဝင်တန်းမှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးညိမ်းမိုး ဖြစ်ပါသည်။
**ဦးညိမ်းမိုး**

## ကြော်ငြာစာ
### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၄
### (မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁ အရ လွှတ်ငြိမ်းချမ်းသာခွင့် ပြုရန်လျှောက်ထားသည့်အမှု)

ဇော်ရဲထက်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် **လျှောက်ထားသူ**
(၎င်းကိုယ်စား မန်နေဂျာ ဒေါ်အေးအေးမာ)
အမှတ်-၂၂၈/၂ အေ(အေ+ဘီ)၊ ကမ်းနားလမ်း၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် ၂၂၈/၂ အေ(အေ+ဘီ)၊ ကမ်းနားလမ်းနေ ဇော်ရဲထက်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (ကုမ္ပဏီကိုယ်စား မန်နေဂျာ ဒေါ်အေးအေးမာ)က ကုမ္ပဏီများအက်ဥပဒေအရ နှစ်ပတ်လည်အထွေထွေအရပ်ရပ်အစည်းအဝေးကို သတ်မှတ်ရက်ထက် ကျော်လွန်ကျင်းပခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၇၆(၁)ကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၈၁ အရ လွှတ်ငြိမ်းခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၇ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ဇော်ရဲထက်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၇ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## စိတ်မနှံ့သူ၏ကိုယ်နှင့်ပစ္စည်းကို
## အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း
## အကြောင်းကြားစာ
### စိတ်မနှံ့သူ (Lunacy) အက်ဥပဒေပုဒ်မ-၆၃
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၁

ဒေါ်လှိုင်လှိုင် **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၁)၊ ဦးပိုင်အမှတ်(၉)နေ စိတ်မနှံ့သူ ဒေါ်ကြည်ဝင်းနှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ၈၇ လမ်း၊ ၂၇×၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်နေ ဒေါ်လှိုင်လှိုင်က အထက်အမည်ပါရေးသားပါရှိသော စိတ်မနှံ့သူ ဒေါ်ကြည်ဝင်း၏ ညီမဖြစ်သည်ဟူ၍ ၎င်း၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်)တွင် ချိန်းဆိုသည်။

၂၀၁၇ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ (၄၇၄)မြောက်ဘဏ်ခွဲကို ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရအားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီး အဖြစ်ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးကိုကိုထူး (Chairman)
ဒေါ်စန္ဒာအောင် (Vice Chairman)
(Myanmar Industrial Port)

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးဝင်းလှိုင်(ခ)ဦးညီညီ - ဒေါက်တာအေးအေးသင်း(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့)တို့၏ သမီးကြီး မရွှေရည်ခန့်(ဆလသ-၁၅၈) သည် ၂၀၁၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို လသာအ·ထ·က(၂)မှ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ (ငါးဘာသာဂုဏ်ထူး) အမှတ်စုစုပေါင်း (၅၁၂) မှတ်ဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဘွားဘွားဒေါ်ဝိုင်းမိသားစု**
**လပြည့်ဝန်းရောင်းဝယ်ရေး**
**ဘုရင့်နောင်လမ်း၊ ကလေးမြို့**

## သဒ္ဓမ္မရံသီရိပ်သာနှင့်ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနေ့ရက်များ

မရမ်းကုန်းမြို့နယ် (၈)မိုင် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲများကို အောက်ဖော်ပြပါနေ့ရက်များ၌ ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

၁။ ပစ္ဆိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (မြောက်ဥက္ကလာပ) - ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ဝါဆိုလပြည့်ကျော် ၁ ရက်
၂။ ဓမ္မဒါယါဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်တန်း) - ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) ဝါဆိုလပြည့်ကျော် ၈ ရက်
၃။ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်ကုန်း) - ၂၉-၇-၂၀၁၇ ရက် (စနေနေ့) ဝါခေါင်လဆန်း ၆ ရက်
၄။ ခိပ္ပါဘိညာ သဒ္ဓမ္မရံသီရိပ်သာ (အင်းတိုင်) - ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)၊ ဝါခေါင်လဆန်း ၇ ရက်
၅။ သဒ္ဓမ္မရံသီရိပ်သာ (၈)မိုင် - ၅-၈-၂၀၁၇ ရက် (စနေနေ့) ဝါခေါင်လဆန်း ၁၃ ရက်
၆။ ဓမ္မပူဇာ သဒ္ဓမ္မရံသီရိပ်သာ - ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ဝါခေါင်လပြည့်ကျော် ၆ ရက်

အထက်ပါရိပ်သာများတွင် နံနက် ၈နာရီ အခမ်းအနားစတင်၍ ဝါဆိုသင်္ကန်းဆက်ကပ်ပြီးနောက် သာစုအနုမောဒနာတရားနာကြားကြရမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

**သဒ္ဓမ္မရံသီရိပ်သာဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့**

**ဖခင်အမည်မှန်**
မန္တလေးမြို့၊ အထက(၃၄)၊ တက္ကသိုလ်ဝင်တန်း(F)မှ မစန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၉/အမဇ(နိုင်)၀၀၅၉၇၅ ဖြစ်ပါကြောင်း။
**ဦးဇော်မျိုးနိုင်**

## မဟာစည် ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း) စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

# ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအား ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက် ၁၉-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) အာဇာနည်နေ့
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ

**သာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀**

## အထူးကျေးဇူးတင်ရှိပါကြောင်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၆)၊ စည်သူတပ်ခွဲ၏ ၂-၇-၂၀၁၇ရက်တွင် ကျင်းပသည့် (၂၄) နှစ်မြောက် မိတ်ဆုံညစာစားပွဲအား (၄)နှစ်ဆက်တိုက် ဧည့်ခံကျွေးမွေးသော ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)-ဒေါက်တာဒေါ်မြင့်မြင့်ခိုင်(ဆေးရုံအုပ်ကြီး)မိသားစုအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**စည်သူ(၈၆)မိသားစု**

## တတိယအကြိမ်ဆွေခိုင်ဆုတံဆိပ်အတွက် သချင်္ချာဆောင်းပါးရွေးချယ်ပွဲ

သချင်္ချာရောင်စဉ်နှင့် လူမှုကမ္ဘာတို့ ပေါင်းစပ်ဖွဲ့စည်းခြင်းပုံရိပ်ကို ထင်ရှားပေါ်လွင်အောင် ခြယ်မှုန်းပြထားသော မြန်မာဘာသာဖြင့်ရေးသားထားသည့် သချင်္ချာဆောင်းပါးများကို ကွန်ပျူတာစာစီဖြင့် စာမျက်နှာ ၈ မျက်နှာအောက် မလျော့နည်း၊ စာမျက်နှာ ၁၂ မျက်နှာထက် မကျော်လွန်စေဘဲ ဥက္ကဋ္ဌ၊ တောင်သာမြို့နယ်အသင်း(ရန်ကုန်)၊ အမှတ် ၁၀၊ ဦးထွန်းမြတ်လမ်း၊ တာမွေ စာတိုက်၊ ရန်ကုန်သို့ လိပ်မူပြီး ၃၁-၁၀-၂၀၁၇ နေ့မတိုင်မီ အရောက်ပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

ဆောင်းပါးရှင်သည် အသက် ၆၀ ထက်မကြီးသူဖြစ်ရမည်ဖြစ်ပြီး ဆုရွေးချယ်ခံရပါက ကိုယ်တိုင်လာရောက်ရှင်းလင်းပြရမည်ဖြစ်သဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကိုပါ ထည့်သွင်းဖော်ပြရပါမည်။

ဆွေခိုင်ဆုတံဆိပ်အတွက် ဆုရဆောင်းပါးရှင်ကို ကျပ်ငွေဆယ်သိန်း ကျပ် (၁၀၀၀၀၀၀ိ/-) ချီးမြှင့်ပါမည်။

**အမှုဆောင်အဖွဲ့**
တောင်သာမြို့နယ်အသင်း (ရန်ကုန်)

## တောင်သာမြို့နယ်အသင်း (ရန်ကုန်) စာမူများဖိတ်ခေါ်ခြင်း

(၂၁)ကြိမ်မြောက်ထုတ်ဝေမည့် တောင်သာမြို့နယ်မဂ္ဂဇင်း၌ အသုံးပြုရန် မျက်နှာဖုံး ဓါတ်ပုံ/ပန်းချီ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ရသစာတမ်းနှင့် ကာတွန်းများကို (၂၀·၉·၂၀၁၇)ရက်နေ့ နောက်ဆုံးထား၍ ဦးလှမော် အမှတ်(၁၄၄/ခ)၊ (၈-လွှာ)၊ လမ်း(၅၀)၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉ ၄၄၈၀၀၀၂၄၁၊ ၀၉ ၇၉၅၃၁၅၁၀၀ ထံသို့ ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မဂ္ဂဇင်းကော်မတီ

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အထက(၁)၊ အဋ္ဌမတန်း (A) မှ ဦးမျိုးမြင့်၏သမီး မနှင်းနှင်းဝေအား ယနေ့မှစ၍ မရည်မွန်မွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ ခိုင်အောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မသန္တာဇော်၏ဖခင် ဦးဖုန်းဇော်နှင့်ဦးဇော် ၈/မဘန(နိုင်)၀၆၉၈၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖုန်းဇော်(ခ)ဦးဇော်**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၆ယ/၇၅၇၇၅ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွဲ့ ၁၃/ကတန(နိုင်)၀၂၄၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊(ကျိုင်းတုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၇၂၈၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေး ၈/ရစက(နိုင်)၁၃၀၅၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန (နေပြည်တော်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-(၄၄)နေ ဦးတင်ဦး-ဒေါ်သန်းဝင်းတို့၏သမီး မနှင်းရတနာဦး|၁၄/ဇလန(နိုင်)၁၁၈၉၃၁|သည် မိဘအုပ်ထိန်းသူများ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူဆောင်ရွက်ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် (၂၂-၆-၂၀၁၇)မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးတင်ဦး|၁၄/ဇလန(နိုင်)၀၄၈၉၃၇|
ဒေါ်သန်းဝင်း|၁၄/ဇလန(နိုင်)၀၀၇၂၄၅|

## သားနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ဘွီးအုပ်စု၊ အလှပ်ကုန်ကျေးရွာနေ ဦးမှုတ်-ဒေါ်ကရင်တို့၏သား မောင်ပရောင်း ၁၀/ကမရ(နိုင်)၀၆၉၀၄၉ နှင့် မြေးဖြစ်သူ မရတနာ(ခ)ရတနာမွန်နှင့်အတူ မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ ၄-၇-၂၀၁၇ရက်တွင် မိမိ၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

ဖခင်-ဦးမှုတ် ၁၀/ကမရ(နိုင်)၀၄၉၂၇၇
မိခင်-ဒေါ်ကရင် ၁၀/ကမရ(နိုင်)၀၄၉၂၇၈

VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၈၂၇၁၀၈၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ x ၇၆) ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။



ပညာရေး ကမ္ဘာတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့်ရှည်ကြာခဲ့ပြီ

ဂုဏ်ထူးဦးအောင်ခိုင် ESSAYS & LETTERS

ဂုဏ်ထူးဦးအောင်ခိုင် BASIC GRAMMAR

Grade 10 English ၁၀-တန်း အင်္ဂလိပ်စာ

**ဂုဏ်ထူးဦးအောင်ခိုင်**

စာသင်သား လက်စွဲ စာအုပ်များ

၂၃၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919

Grade 9 English ၉ တန်း အင်္ဂလိပ်စာ

Grade 8 English Reader Eight

Grade 4 English Reader Four



**အောင်ဖြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763



**ချာချီးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862



**သတိုးအောင်ဇေယျ ကွန်ပျူတာ**
စာစီစာရိုက်လုပ်ငန်း အသုံးပြုနိုင်ရန်အတွက်
Laptop(လက်တော့)တစ်လုံးလျှင် ၅၀,၀၀၀ကျပ်ဖြင့်
ဝယ်ယူလိုပါက Facebook တွင် "၅၀၀၀၀computer"
ဟုရိုက်နှိပ်ဝယ်ယူနိုင်ပါသည်။ Online Ph No များ
09-766903430,421065637, 444466681~82~83/ 445843633



**ရွှေယုန်မင်း** အမှတ်တံဆိပ် အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ
အနာပဆုတ်၊ ဘူနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။
အမှတ်(၂၀-၂၂)၊ ဗိုလ်တေဇလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ၀၁ ၆၉၅၈၁၆ ၀၉ ၅၀၂၁၃၇၃



**Webster UNIVERSITY**

Earn an Accredited American Degree in Thailand

FREE ADMISSIONS SEMINAR

Venue : Novotel Hotel Eureka Room
Date : 9 July 2017
Time : 10:00 hours to 13:00 hours

UP TO 50% SCHOLARSHIP AVAILABLE !!!

INTERNATIONAL CAMPUS AROUND THE WORLD
USA / THAILIND / NETHERLANDS
SWTTZERLAND / AUSTRIA / UK / GREECE / GHANA

GSS - Will Offer First 10 Students Free Airfares (with MAI)
- Will Offer First 5 Students Laptop Dell Model Series 5000
- Will Offer 4 to 6 Students Free Housing for First Semester
- Will Offer First 4 Students Book Scholarships
(GSS → Golden Silver Star Co., Ltd)

Golden Silver Star Co.,Ltd
Ph : 09 73060024, 01 535458
Emai : peterwai219@gmail.com



**Undergraduate**
- BA Media Communications
- BA Psychology
- BS Computer Science
- BA International Relations
- BS Accounting
- BA Management
- BA Management: Emphasis in Human Resources Management
- BA Management: Emphasis in Marketing
- BA Mangement: Emphasis in International Business
- BS Business Administration

**Graduate**
- MBA General
- MBA with an emphasis in Marketing
- MBA with an emphasis in Human Resources Management
- MBA with an emphasis in Information Technology Management
- MA International Relations

Visit: www.webster.ac.th

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး**
**Sein Wut Hmon Co.,Ltd. နှင့်**
**Crystal Diamond Livestock Co.,Ltd. တို့၏မိခင်ကြီး**

## ဒေါ်ကွမ်းရင် (လားရှိုးမြို့)
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ဖမိုင်ခွဲ၊ ၆၃(E/F)နေ (ဦးကျုံယုဝါ) လားရှိုးမြို့၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးသန်းစိန်-ဒေါ်တင်တင်ညွန့်၊ လားရှိုးမြို့နေ ဦးစိန်မြင့်-ဒေါ်ခမ်းမှတ်၊ မူဆယ်မြို့နေ ဦးမောင်ရင်-ဒေါ်အားရှင်း၊ ရန်ကုန်မြို့နေ ဦးစဝ်ကြာခိုင်-ဒေါ်သူဇာမွေး၊ လားရှိုးမြို့နေ ဦးစိန်လှိုင်-ဒေါ်နန်းစံဟိန်း၊ ဦးမောင်မြင့်-ဒေါ်လီလီ၊ ရန်ကုန်မြို့နေ ဦးမောင်မောင်ကျော်၊ ဦးနေဝင်းအောင်-ဒေါ်နီလာဦး၊ ရဲမှူးချုပ်ဝင်းနိုင်(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး)-ဒေါ်မွေးမွေး၊ မန္တလေးမြို့နေ ဦးညီညီလွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၀၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၅၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အရိုးပြာကို ၁၀-၇-၂၀၁၇ရက် နံနက် ၁၁နာရီတွင် လားရှိုးမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၃/၁၊ သိန္နီလမ်းနှင့် ရန်ကင်းလမ်းထောင့်၊ရပ်ကွက်(၈)၊ လားရှိုးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး**
**Sein Wut Hmon Co.,Ltd. နှင့်**
**Crystal Diamond Livestock Co.,Ltd. တို့၏မိခင်ကြီး**

## ဒေါ်ကွမ်းရင်(လားရှိုးမြို့) အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ပြည်လမ်း၊ ဖမိုင်ခွဲ၊ အမှတ် ၆၃ (E/F)နေ (ဦးကျုံယုဝါ)လားရှိုးမြို့၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ မနန်းလင်းလင်းခိုင်၊ မောင်ကျော်နိုင်ဦး၊ မောင်စဝ်ခွန်စံအောင်၊မောင်တင်နိုင်လင်း၊ မမိမိစန်း၊ မသွဲ့သွဲ့မွန်၊ မောင်အောင်ရည်ချင်း၊ မရည်ရည်မြင့်၊ မောင်မျိုးပိုင်လင်း၊ မရည်ရည်နွယ်၊ မဝေဝေခိုင်၊ မဆုရည်လှိုင်၊ မောင်မျိုးနိုင်ဝင်း၊ မချောအိရည်လှိုင်၊ မချမ်းပြည့်စွမ်းရည်၊ မောင်သက်ပိုင်ခန့်၊ မခိုင်စွမ်းရည်၊ မောင်သက်ပိုင်ဟိန်း၊ မောင်ဇေယျာဝင့်နိုင်၊ မောင်တေဇာဖြိုးနိုင်တို့၏ဘွားဘွား၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၈း၅၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အရိုးပြာကို ၁၀-၇-၂၀၁၇ရက် နံနက် ၁၁နာရီတွင် လားရှိုးမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၃/၁၊ သိန္နီလမ်းမှင့် ရန်ကင်းလမ်းထောင့်၊ရပ်ကွက်(၈)၊ လားရှိုးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး**
**Sein Wut Hmon Co.,Ltd. နှင့်**
**Crystal Diamond Livestock Co.,Ltd. တို့၏မိခင်ကြီး**

## ဒေါ်ကွမ်းရင် (လားရှိုးမြို့)
**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်-ဒေါ်မွေးမွေးတို့၏မိခင်၊ မောင်ဇေယျာဝင့်နိုင်၊ မောင်တေဇာဖြိုးနိုင်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ကွမ်းရင် (လားရှိုးမြို့)သည် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားနှင့် မိသားစုများ**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Nu Ciin Suan Cing
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အောင်မင်္ဂလာလမ်း၊ တိုက် ၃၃၊ အခန်း ၂၀၂နေ (Pu Goih Za Cin-Pi Ciin Man)တို့၏သမီးချွေးမ၊(Pu Vungh Za Thang-Pi Ciang Khaw Dim)တို့၏သမီး၊ Pa Gin Suan Mang-(Nu Nem Khan Lun)၏ဇနီး၊ Nu Man Deih Kim-Pa Hau Sian Khual, Tg Cin Sian Mung တို့၏မိခင်၊ Nu Niiang Za Vung-Pa Thawng Mang, Pa Hang Cin Hau-Nu Cing Hau Niang, (Pa Tual Khan Pau)-Dr Zam Go Niang, Pa Go Lian Mang-Nu Dim Ngaih Hau, Sm Nuam Khan Ciin-Rev.Dr Kham Lian Khup, Sm Man Nuam Cing-Rev Neng Khan Suan, Pa Go Suan Khai-(Pastor Lun Lam Vung), Rev Dal Suan Lian-Sm Ciin Zam Niang, Pa Gin Khan Thawng တို့၏ညီမသည် ၆-၇-၂၀၁၇ရက် နံနက် ၆း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (ဘေသနိနှစ်ခြင်းအသင်းတော်၊ ပိတောက်ကွေ့၊ ကနောင်ကွေ့၊ ဆူးလေတို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မကေဇင်မင်း (ရပ်စောက်မြို့)
**အသက်(၃၅)နှစ်**

ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်နေ(ဦးဉာဏ်ထွန်း)-ဒေါ်ရွှေတုတ် (ရွှေဘိုဆိုင်)တို့၏သမီး၊ ရပ်စောက်မြို့နယ်၊ သရက်သုံးပင်ရွာနေ (ဦးဝင်းမောင်)-ဒေါ်ခင်အုန်းတင့်တို့၏သမီးချွေးမ၊ (ဦးသိန်းငွေ)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်တင်စန်း၊ ဦးအောင်ကျော်သန်း-ဒေါ်နန်းအေးထူး၊ ဦးသော်-ဒေါ်အောင်သန်းကြည်၊ ဦးမျိုးသက်ခိုင်-ဒေါ်ယဉ်ယဉ်သန်း၊ ဦးကျော်ကျော်ဆန်း-ဒေါ်ယဉ်ယဉ်ဆန်း၊ ဦးကျော်စံလင်း-ဒေါ်မြတ်မာလာထွန်း၊ ဦးဟန်ဝင်းအောင်-ဒေါ်အောင်ဆန်းကြည်၊ ဗိုလ်မှူးအောင်စံလင်း-ဒေါ်လှယဉ်ဝင်းတို့၏ညီမ၊ ရဲမှူးဇာနည်လတ်၏ချစ်လှစွာသောဇနီးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဆရာဝန်ကြီး ဦးသာလှ
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၈၀၀၊ အောင်သုခလမ်း၊ ၁၀မိုင်ကုန်းနေ(ဒေါ်ခင်ညွန့်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးအောင်ကျော်ထွန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(DCA)-ဒေါ်မေစီလှတို့၏ဖခင် ဆရာဝန်ကြီး ဦးသာလှသည် ၅-၇-၂၀၁၇ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကိုမင်း (ပုသိမ်)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၅၁(အေ)နေ(ဦးစူးဝါး-ဒေါ်အေးလှ)တို့၏သား၊ (ဦးဆွဲကြိုး-ဒေါ်ကြီးနား)တို့၏သားသမက်၊ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးထွန်းအောင်-ဒေါ်အေးအေးသွယ်၊ ဦးတင်မြင့်-ဒေါ်ကျင်မွေး၊ ဦးထွန်းထွဋ်-ဒေါ်ပြုံးကြည်၊ ဦးသန်းထွဋ်-ဒေါ်တင်မျိုးနွယ်၊ ဦးငွေလွင်-ဒေါ်ပြုံးရီ၊ ဦးစိုးအေး-ဒေါ်ခင်မျိုးအေး၊ ဦးဆွေဆက်ထွန်း-ဒေါ်ခင်မျိုးဝင်း၊ ဒေါ်သီတာချို၊ ဦးဇော်ဇော်ထွန်း-ဒေါ်အိန်ဂျလစ်ဗွန်တို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏ အဘိုးသည် ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၇ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်ထွန်း
**အငြိမ်းစားပြင်ဦးလွင်ခရိုင် ရဲမှူးကြီး**
**ဗိုလ်သင်တန်းအပတ်စဉ်(၃၃)၊ သူရတပ်ခွဲ**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၂/၂၉/၃၈၆နေ ဒေါ်မြသင်း(အငြိမ်းစားကျောင်းဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးရဲမင်းထွန်း)-ဒေါ်ကြိုင်ကြိုင်ထွန်း(Zeya & Associates Co., Ltd.)၊ (ဗိုလ်ကြီးဖေမောင်ထွန်း)-ဒေါ်တင်တင်ဝင်း(ဆက်သွယ်ရေးငွေစာရင်း)၊ ဦးစိုးအောင်(Monsoon Co., Ltd.)-ဒေါ်နိုင်နိုင်ထွန်း [အထက(၂)အင်းစိန်]၊ ဦးဝင်းလွင်ထွန်း (Glory Technology) - ဒေါ်ကေခိုင်ထွန်း (MBF- PartII)၊ ဦးကျော်ခိုင်ထွန်း(MIP Port)တို့၏ချစ်လှစွာသောဖခင်၊ မောင်မိုးမြင့်-အေးသက်ထားခိုင်၊ ဒေါက်တာဘုန်းမြတ်အောင်၊ မောင်ပြည့်သက်ထွန်း၊ မောင်ကျော်စွာထွန်း၊ မရွှေရည်ရှန်းလဲ့အောင်၊ လင်းထက်လင်းတို့၏ဘိုးဘိုး၊ ရွှေလုံးလေး၏ ဘိုးဘိုးကြီးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၇-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြင်ဆိုင် အသက်(၈၀)

ပြည်မြို့၊အောင်ဆန်းပြည်သာယာရပ်ကွက်၊ အမှတ် ၁၈၊ ၂လမ်းနေ(ဦးအေးကြည်-ဒေါ်သိန်းမြ)တို့၏သမီး၊ ဦးယုကြင်၏ဇနီး၊ ရန်ကုန်မြို့နေ ဦးတင်မောင်အေး(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန)-ဒေါ်သင်းသင်းစိုး၊ ပြည်မြို့နေ ဦးသန်းစိုး-ဒေါ်အေးသီတာ၊ ဒေါ်ကြူကြူခင်၊ ဦးမိုးကျော်-ဒေါ်စိုးစိုးနွယ်၊ ဦးရန်နိုင်လင်း-ဒေါ်ယုမွန်ခိုင်တို့၏ မိခင်၊ မောင်ဝေယံမင်းအောင်၊ မောင်မင်းသုခန့်၊ မောင်ဇော်လင်းထက်၊ မဆုလင်းလက်နိုင်၊ မောင်အောင်ချမ်းမြေ့၊ မောင်အောင်ခေတ်မိုး၊ မခိုင်ဆုသွယ်တို့၏ အဘွားသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပခုက္ကူခရိုင်အသင်း(ရန်ကုန်)**

## ဒေါ်မြင့်မြင့် (ပခုက္ကူ)
**ရာသက်ပန်အသင်းဝင်**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၃၆နေ (ဦးထွန်းလွင်)၏ ချစ်လှစွာသောဇနီးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ပြုံးခင် အသက်(၆၉)နှစ်

ပြည်မြို့၊ ကိုးသောင်းတိုးချဲ့ရပ်ကွက်၊ အောင်ဆန်းပြည်သာယာ(၁)လမ်း၊အမှတ် ၂၀နေ ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဆရာကြီး ဦးမြဝင်း၏ ဇနီး၊ ဒေါက်တာဝင်းရဲမွန်ထက်(ခွဲစိတ်အထူးကု)၊ မဝင်းအိဖွန့်ပြုံး(လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ ပြည်တက္ကသိုလ်)၊ မောင်ဝင်းချမ်းမြေ့လင်း(အင်ဂျင်နီယာ၊နေပြည်တော်)တို့၏မိခင်သည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်(ခ) Edward Tun (ခ)ကိုဘော်ဘီ
**(တင်ဘက်ထရီ)**
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၉၉၊ မြေညီနေ (ဦးဘထွန်း-ဒေါ်သောင်းသောင်း)တို့၏သား၊ (ဦးတင်-ဒေါ်စောရင်)တို့၏တူသား၊ ဒေါ်မြသွင်၏တူ၊ ဦးဖေသိန်း-ဒေါ်ခင်မျိုးမြင့်၊ ဦးထွန်းထွန်းအောင်-ဒေါ်လှလှဝေ၊ ဒေါ်ခင်လေးဝေတို့၏အစ်ကို၊ ကိုသက်နိုင်ဦး၊ (မသင်းသင်းဦး)၊ မသန်းသန်းဦး၊ ကိုဇေယျာဦး၊ ဒေါက်တာစမ်းသီတာအောင်၊ဒေါက်တာနန္ဒအောင်တို့၏ဘကြီးသည် ၅-၇-၂၀၁၇ရက် ညနေ ၄း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ပြုံးခင် (အညို)
**တလိုင်းရပ်ရွာသစ်၊တောင်သာမြို့နယ်**
**အသက်(၆၉)နှစ်**

တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်နေ (ဦးအောင်ရွှေ-ဒေါ်သိန်းတင်)တို့၏ သမီး၊ ဒေါက်တာကြည်ဝင်း၊ ဒေါ်ဝင်းခင်တို့၏ညီမ၊ ဒေါ်အေးဝင်း၊ ဒေါ်ယဉ်ယဉ်နွဲ့၊ ဒေါ်လွင်လွင်နှင်း၊ ဦးချိုဝင်းသန်းတို့၏အစ်မသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ပလုပ်
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်နေ ဦးကျော်သောင်း-ဒေါ်မြင့်သောင်း၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီးနေ [ဦးကျော်မင်း(ခ)ချောက်ယုံ]-ဒေါ်အေးအေးလှိုင်တို့၏မိခင်၊ ဦးကျော်မျိုးသူ-ဒေါ်ငြိမ်းငြိမ်းငွေ၊ ဦးလှထွန်း-ဒေါ်မော်မော်၊ ဦးကျော်ဝင်းသိန်း-ဒေါ်အိရွှေစင်၊ ဦးနေလင်းမောင် - ဒေါ်အေးအေးခိုင်၊ ဗိုလ်ကြီးစိုးမင်းအောင် - ဒေါ်ကေခိုင်၊ ဦးကျော်မြင့်နိုင်၊ မဝေနှင်းမိုး၊ မောင်ကျော်ဇေယျတို့၏အဘွား၊မြစ် ၁၀ယောက်တို့၏အဘေးသည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်းဆောင်၊ ဇရပ်၊ နတ်လမ်း ဒါယိကာမကြီး**

## ဒေါ်နှင်းမြိုင်
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊အသောကလမ်း၊ အမှတ် ၁၅နေ (ဦးသောင်း)၏ဇနီး၊ ဦးမျိုးခင်-ဒေါ်ခင်နွဲ့၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်ဘုန်း၊ ဦးခင်မောင်သောင်း-ဒေါ်ခင်မေသစ်၊ ဦးမောင်မောင်တာ-ဒေါ်သန်းသန်းငွေ၊ ဦးတင်လှ-ဒေါ်မာမာကြည်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်လှ (ပိန်းဇလုပ်)
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိစ္ဆာလမ်း၊ အမှတ် ၂၅၊ မြေညီထပ်နေ ဦးဘဆိုင်-ဒေါ်တီတို့၏သမီး၊ ဦးကျော်လှိုင်(ခ)ဦးထျန်ဆန်း၏ဇနီး၊(ဒေါ်ငွေငွေလှိုင်)၊ ဒေါက်တာစိန်ဝင်း-ဒေါက်တာသန်းသန်းလှိုင်(နှင်းဆေးခန်း)၊ ဦးမြသောင်း-ဒေါက်တာဝင်းလဲ့ဦး၊ ဦးသန်းကြည် - ဒေါက်တာတင်တင်လှိုင်၊ ဒေါက်တာတန်ခိုက်ပြုံး-ဒေါ်ခင်ခင်လှိုင်၊ ဦးအောင်မြင့်-ဒေါ်စန္ဒာလှိုင်၊ ဒေါက်တာစန်းငွေ - ဒေါက်တာသန္တာလှိုင်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၆-၇-၂၀၁၇ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့် (ပခုက္ကူ)
**မြင့်-ပန်းပွတ်လုပ်ငန်း**
**အသက်(၈၁)နှစ်**

ပခုက္ကူမြို့နေ(ဦးတင်-ဒေါ်လှကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၃၆နေ (ဦးထွန်းလွင်)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်လွင်ဦး-ဒေါ်စန်းစန်းသိန်းတို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်ကြီးအောင်ကိုဇင် - ဒေါ်လေးလေးမြင့်၊ မောင်ထက်အာကာတို့၏အဘွား၊ (ဦးထွန်းငွေ) - ဒေါ်စန်းခင်တို့၏ ညီမသည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးညီအုံး(သံတွဲ) အသက်(၉၅)နှစ်
**ကြိုးမဲ့ကြေးနန်းအုပ်ကြီး(ငြိမ်း)၊ မြန်မာ့မီးရထား**

ရမ်းဗြဲမြို့နေ(ဦးဘိုးတေ-ဒေါ်နန်းခ)တို့၏သား၊ တောင်ကုတ်မြို့နေ (ဦးဘရင်-ဒေါ်အေးမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂ လမ်း၊ အမှတ် ၁၀၉ (လေးလွှာ-ခ)နေ ဒေါ်သောင်း၏ခင်ပွန်း၊ (ဦးဦးဖေ-ဒေါ်ကြည်ကြည်မြ)တို့၏ညီ၊(ဦးသကြိန်အောင်-ဒေါ်အုံးတင်)၊ ဦးညီလွင်-ဒေါ်တင်တင်ဝင်း၊ ဦးမောင်အေး-ဒေါ်ခင်ကြည်၊ (ဦးစောကြည်လွင်)-ဒေါ်ခင်အုန်းမြင့်၊ ဦးခင်မောင်သိန်း-ဒေါ်ခင်ခင်မြင့်တို့၏အစ်ကိုသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးညီအုံး (သံတွဲ)
**ကြိုးမဲ့ကြေးနန်းအုပ်ကြီး(ငြိမ်း)၊ မြန်မာ့မီးရထား**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂လမ်း၊ အမှတ် ၁၀၉ (လေးလွှာ-ခ)နေ ဒေါ်သောင်း၏ခင်ပွန်း၊ (ဦးမျိုးမြင့်-ဒေါ်ခင်အုန်းမြင့်)၊ ဦးတင့်ဆွေ(ကသာခရိုင်စာရင်းစစ်အရာရှိ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဝေ(မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ အရာတော်မြို့)၊ ဒေါက်တာသောင်းလှ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)-ဒေါ်ဥမ္မာလွင်(သုတေသနမှူး၊ ဆေးသုတေသနဦးစီးဌာန)၊ ဒေါ်အေးအေးမူ(အလယ်တန်းပြ၊ အထက-၃၊ တောင်ညွန့်)၊ (ဦးမြတ်ထွန်း)၊ ဦးသတိုးမြင့်-ဒေါ်မြတ်မြတ်မူတို့၏ဖခင်၊ မြေး လေးယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမှန်
**အသက်(၈၆)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မြေနုကျေးရွာနေ (ဦးဖိုးငြိမ်း-ဒေါ်အေးမြိုင်)တို့၏သား၊ လေးတန်းကျေးရွာနေ (ဦးထွန်းမင်း-ဒေါ်ငွေမျှင်)တို့၏သားသမက်၊ ပခုက္ကူမြို့၊ (၁၁)ရပ်ကွက်၊ မြိုင်လမ်းနှင့် ဖလမ်းထောင့်နေ မခင်မိုးကြည်(ငွေတောင်လက်ဖက်စို၊ လက်ဖက်ခြောက်ရောင်းဝယ်ရေး)၊ ကိုဟန်ထွန်းဦး [ဦးစီးအရာရှိ(စက်မှု)ဆည်/ရေဦးစီးဌာန]-မခင်မိုးဝေ(မိုးမြင့်ကြယ် ပဲကြော်လုပ်ငန်း)၊ မခင်မိုးရီ(ကြယ်စင်လင်း ပဲကြော်လုပ်ငန်း)တို့၏ဖခင်၊ မဂျူးသိမ့်ဖြူ (B.E-EP)၊ မဖွေးသိမ့်ဖြူ(Final Year Math)၊ မောင်ဟိန်းခန့်ဦး(1st Year Chemical-YTU)၊ မောင်ဇော်ပိုင်ဝင်း၊ မောင်သန့်ဦးသွင်၊ မောင်ခန့်သော်ဦးတို့၏အဘိုးသည် ၄-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်တွင် ပခုက္ကူသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးညွန့်ဝင်း အသက်(၆၆)နှစ်
**(ဌာနစုမှူး-ငြိမ်း)၊ အင်ဂျင်နီယာဌာန(လမ်းတံတား)**
**ရန်ကုန်မြို့တော်စည်ပင်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ၁လမ်း၊ အမှတ် ၅၆၄နေ (ဦးညွန့်တင်-ဒေါ်တင်တင်ဦး)တို့၏သား၊ (ဦးသိန်းတင်-ဒေါ်စန်းဝေ)တို့၏သားသမက်၊ ဦးအောင်ဝင်း(မီးရထား၊ ငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဒေါ်အေးမီညွန့်တင်(ထ/၄၊ လှိုင်သာယာ)၊ ဦးခင်မောင်ဝင်း-ဒေါ်စီစီဝင်းတို့၏ အစ်ကို၊ ဒေါ်လဲ့လဲ့ချို(ဌာနခွဲစာရေးဈေးများဌာန၊ အင်းစိန်ဈေး)၊ မအေးချမ်းစုစံ (စီနီယာ Accountance-Grand Royal Group)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ခင်လှသိန်း(အထက-၁၊ အင်းစိန်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၇ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးမြတ်မျိုးအောင်(ခ) Bam Bam (MBCU)
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့နေ ဦးမွန်မြတ်အောင်(မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)-ဒေါ်တင်တင်ခ (ဘေဘီမူကြို)တို့၏သား၊ ဦးမျိုးလွင်(မြန်မာ့အလင်း၊ ငြိမ်း)-(ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဦးမြတ်လင်းအောင်-ဒေါ်ယဉ်မျိုးဝင်းတို့၏အစ်ကို၊ မထားနဒီမြတ်၊ မောင်ဟိန်းထက်အောင်၊ မကျော့ကေသွယ်မြတ်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၈၂၄နေ မောင်ကောင်းမြတ်အောင်(ခေတ္တ-Australia)၊ မဆုမြတ်အောင်၊မောင်မြတ်မင်းခန့်-မဆုပြည့်အောင်တို့၏ဖခင်၊ မောင်Matthew၏အဘိုး၊ ဒေါ်လဲ့လဲ့ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၀၀း၅၅နာရီတွင် OSC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပွဲပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်နိုင်ထူး
**လေ-၃၅၀၉**
**စစ်တက္ကသိုလ်အမှတ်စဉ်(၅၀)**
**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၆နေ (ဒေါက်တာမောင်မောင်)-ဒေါ်ခင်မြင့်၊ (ဦးဘိုအေး-ဒေါ်အေးကြည်)တို့၏မြေး၊ (ဗိုလ်မှူးအောင်နိုင်)-ဒေါ်သဇင်ငွေးတို့၏သား၊ ဦးနန္ဒသွင်-ဒေါ်ကေဇင်သွယ်၊ ဒေါ်ဝင်းမာအောင်တို့၏မောင် ဗိုလ်ကြီးအောင်နိုင်ထူးသည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ပြင်ဦးလွင်ကုန်းဘောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် မြန်မာအပါအဝင် အာဆီယံနိုင်ငံများ ကြိုးပမ်းမည်

**သတင်း-ညီမြတ်သော်တာ**

အာဆီယံနိုင်ငံများတွင် တစ်ကြိမ်မျှကျင်းပဖူးခြင်းမရှိသေးသည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၃၄ ခုနှစ်တွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ ပူးပေါင်းကြိုးပမ်းသွားမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် အာဆီယံနိုင်ငံများအနေဖြင့် တစ်နိုင်ငံတည်း မဖြစ်နိုင်သောကြောင့် သုံးနိုင်ငံမှ လေးနိုင်ငံအထိ ပူးတွဲကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး အစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်၍ မြန်မာနှင့် ထိုင်းနိုင်ငံ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှာလည်း ပူးပေါင်းပါဝင်ရန် စိတ်ဝင်စားနေသည်။

*စာမျက်နှာ ၄ ကော်လံ ၃* ❍



(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အမျိုးသားဟော်ကီအသင်း လေ့ကျင့်နေစဉ်

# မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ အားကစားနည်းများ အပြီးသတ်ရွေးချယ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များသည် အားကစားနည်းများ အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၉ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်ရနိုင်သည့် အားကစားနည်းများ၊ ဆုတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားနည်းများ၊ အတွေ့အကြုံရယူရမည့် အားကစားနည်း ၂၉ မျိုးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူး၊ အလေးမ၊ ဘော်လီဘော၊ သုံးမျိုးစုံ၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ Squash၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ သေနတ်ပစ်၊ ရွက်လှေ၊ ပီတန်း၊ ကရာတေး၊ ဂျူဒို၊ ကျွမ်းဘား၊

*စာမျက်နှာ ၆ ကော်လံ ၁* ✻

**မြောက်ကိုရီးယားကို တုံ့ပြန်ဆောင်ရွက်ရန် ဆွေးနွေးရာတွင် အမေရိကန်နှင့်တရုတ် သဘောထားကွဲလွဲ**

*စာမျက်နှာ - ၁၀*

**မူးယစ်ဆေးဝါးများနှင့် ရွှေထည်ပစ္စည်း နှစ်ပိဿာကျော် သိမ်းဆည်းရမိ**

*စာမျက်နှာ - ၁၃*



ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မော်လိုက်မြို့၌ နေအိမ်များအတွင်း ရေဝင်ရောက်နေစဉ်

# ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**မော်လိုက်သားလေး**

**မော်လိုက် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၅ ရက် ညနေပိုင်းမှစတင်၍ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့အချိန်ထိ စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိနေကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် မော်လိုက်မြို့တွင်းရှိ မြေနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိပြီး ယင်းရေနစ်မြုပ်နေအိမ်များအနက် အိမ်ထောင်စု ၆၇ စု၊ လူဦးရေ အမျိုးသား ၁၅၃ ဦး၊ အမျိုးသမီး ၁၅၄ ဦး စုစုပေါင်း ၃၀၇ ဦးအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဖွင့်လှစ်ထားသည့် ရေဘေးရှောင် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးထားကြောင်းနှင့် ရေများဆက်လက်မြင့်တက်နေမှုကြောင့် စာသင်ကျောင်း ၁၂ ကျောင်းကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။

